
www.burmeseclassic.com
အောင်မြင်စာပေ
ဒေဝဂန္ဓာရီ ရတနာသိုက်
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ကြီးစက္ကူ
ဒေဝဒန္တ၏ရှာတေနာသိုက်/ကြီးစက္ကူ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၄။
၂၁၂ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြီးစက္ကူ

ထုတ်ဝေသူ ဦးအောင်မြင့်၊ ဖြန့်ချိရေး အောင်မြင်စာပေ၊

အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် အောင်မြင့်ပုံနှိပ်တိုက်၊ ပထမအကြိမ် ၂၀၀၄ ခုနှစ်၊ (အောက်တိုဘာလ)၊ အုပ်ရေ (၅၀၀)။



# စာမူစာ

ဤဝတ္ထုသည် ဖြစ်ရပ်မှန် အကြောင်းအရာများကို အခြေခံပြီး ဝတ္ထုတစ်အုပ်စာပြည့်အောင် ဖြည့်စွက်ရေးသားခဲ့ခြင်း ဖြစ်ပါတယ်။

ဤဝတ္ထုကို ရေးသားရာတွင် ဒေသခံ မိတ်ဆွေများ ပြောပြသော အကြောင်းအရာများအပြင် စာအုပ်စာတမ်းအချို့ကို မှီငြမ်းကိုးကားပြီး ရေးသားခဲ့ရပါတယ်။

အဓိက မှီငြမ်းကိုးကားသော စာအုပ်များမှာ ရခိုင်ရာဇဝင်ကျမ်းနှင့် ဘဲငါးရာတောင်နှင့် ဘုရားစေတီသမိုင်း စသည်တို့ပင် ဖြစ်ပါကြောင်း။

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ...

(ကြီးစက္ကူ)

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- မြေမရှိသော ပင်လယ်ထဲရောက်မှ
  မြေတန်ဖိုးကို သိရသည်။
  ရေမရှိသော သဲကန္တာရရောက်မှ
  ရေတန်ဖိုးကို သိရသည်။
  လေမရှိသော နေရာရောက်မှ
  အလကားရနေသော
  လေ၏တန်ဖိုးကို သိကြရပေ၏။

- သစ်ကောက်ဝါးကောက်နှင့် သစ်ဆွေးတို့သည်
  မြင့်မြတ်သော နေရာသို့ မရောက်ဘဲ
  မီးပုံ၌သာ ပြီးဆုံးရသည်။
  သစ်ဖြောင့်ဝါးဖြောင့်နှင့် သစ်ကောင်းတို့သာလျှင်
  မြင့်မြတ်သော နေရာသို့ ရောက်ကြရပေ၏။

- ရေစီးသန်သော ရေဆန်ခရီးတွင်
  တစ်နေ့လျှင် မိုင်(၅၀) ရောက်သည်အထိတော့
  မလျှော်နိုင်ပါ။ သို့သော်...တစ်နေ့(၅)မိုင်နှုန်းလျှော်ပြီး
  (၁၀)ရက်ဆန်တက်လျှင်တော့
  လိုရာရောက်ပါလိမ့်မည်။

BURMESE CLASSIC

# ဒဿနလက်ဆောင်

- သင်က သူတပါးအတွက်
  ရွေးချယ်မပေးနိုင်ပါဘူး။
  ထို့အတူ အခြားသူတပါးကလည်း
  သင့်အတွက် ရွေးချယ်ပေးခွင့် မရှိကြပါဘူး။

- လေပြင်းနှင့် မျက်နှာချင်းဆိုင်တွေ့လျှင်
  ဦးခေါင်းမစိုက်ချင်လျှင်
  သင့်ဦးထုပ်ကို ရှေ့သို့ စိုက်ချထားလိုက်ပါ။
  ဦးထုပ်လန်သည်နှင့်
  သင်လည်း ဖရိုဖရဲတော့ ဖြစ်သွားပေလိမ့်မည်။

- အချစ်သည်...
  မျက်စိဖြင့် တပ်မက်မှုကို ဖြစ်စေသည်။
  ပြီးမှ အသည်းနှလုံးမှ
  လက်ခံသင့်မခံသင့် ဆုံးဖြတ်ပေးရခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# သယနုလက်ဆောင်

➤ လူအတော်များများက
အခြားသူများကိုသာ အကြံဉာဏ် ပေးလိုကြသည်။
မိမိကိုယ်ကို အကြံပေးဖို့တော့
အချိန်အတော်များများ သတိမရကြပေ။

➤ အခြေအမြစ်မရှိသော အလုအပတို့သည်
ဘဝအတွက် အမွေအနှစ် ဖြစ်မလာသော်လည်း
သေဖြစ်ခြင်း အကြောင်းနှင့်တော့
အတော်လေး နီးစပ်မှု ရှိကြပါတယ်။

➤ အလုအပဟူသည်
ဘဝတစ်ခုအတွက် ရတနာဖြစ်သလို
ကျိန်စာတစ်ခုလည်း ဖြစ်စေနိုင်ပါတယ်၊
တည်ငြိမ်မှုမရှိသော အလုအပတို့သည်
ဘဝတစ်လျှောက်လုံး ကျိန်စာသင့်ဖွယ်
ဒုက္ခပေးလေ့ ရှိကြတယ်။

BURMESE CLASSIC

# သယနုလက်ဆောင်

➤ ဓားတစ်လက်နှင့် လှော်တက်တစ်ချောင်းသည်
တန်ဖိုးချင်း မတူသော်လည်း
အသုံးဝင်သော တန်ဖိုးချင်းတော့ တူညီသည်၊
စစ်ပွဲတွင် ဓားကိုသုံးလျှင်
ရေထဲတွင် လှော်တက်ကို အသုံးပြုရပေမည်။

➤ လုပသော အဝတ်အထည်များကိုချည်း
ဂရုစိုက်မနေပါနှင့်
သင့်အရေပြားကိုလည်း ဂရုစိုက်ပေးပါ၊
သင့်ကိုယ်ပေါ်မှ အလှတရားသည်
အရေပြားတစ်ထောက်စာမျှသာ ရှိပေသည်။

➤ သံမှိုတစ်ချောင်း လိုအပ်သဖြင့်
မြင်းခွာတစ်ခု ဆုံးရှုံးရသည်၊
မြင်းခွာတစ်ခု ဆုံးရှုံးရသဖြင့်
မြင်းတစ်ကောင်ပါ ဆုံးရှုံးရပြန်သည်၊
မြင်းတစ်ကောင် ဆုံးရှုံးပြီးနောက်မှာတော့
စစ်ပွဲတစ်ခုလုံး ရှုံးနိမ့်သွားခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) တောတောင်မာယာနှင့် ကံကြမ္မာဆိုးများ

အခန်း(၂) မရဏာလိုဏ်ခေါင်းမှ အကြံကောင်းသူများ

အခန်း(၃) ကျိန်စာသင့်နေသော ရတနာများ

အခန်း(၄) ဘဲဲယောင်ဆောင်လာသော ကျား

အခန်း(၅) တောနက်ထဲမှ သစ်စုန်းပြိတ္တာ

အခန်း(၆) မာဂဓစကား နားလည်သည့် မိန်းမပျို

အခန်း(၇) သဘာဝမှပေးသော သုတ္တပညာများ

အခန်း(၈) သိဒ္ဓိရှိသော ဝက်တောင်းမာန်စွယ်

အခန်း(၉) မြေစုန်းပြိတ္တာနှင့် ထပ်တွေ့ကြရခြင်း

အခန်း(၁၀) ဆန်းကြယ်လှသော မာယာကွန်ယက်များ

အခန်း(၁၁) ရတနာဆယ်မောင့်၊ ရွှေဆယ်မောင်း

အခန်း(၁၂) ဘဲငါးရာတောင်မှ အန္တရာယ်

အခန်း(၁၃) တောင်စောင့်နတ်များနှင့် မိတ်ဆွေဖွဲ့ရခြင်း

အခန်း(၁၄) ဒေဝဂန္ဓာရီ ရတနာသိုက်

အခန်း(၁၅) ရတနာများကို ရကြလေပြီ

အခန်း(၁၆) မေတ္တာဝေဖြာ တောင်တန်းပြာ






## အခန်း ( ၁ )

# တောတောင်မာယာနှင့် ကံကြမ္မာဆိုး

ရခိုင်ပြည်နယ်နှင့်ပတ်သက်သော သမိုင်းအကြောင်းအရာများတို့သည် ရှည်လျားစွာ ရှိခဲ့ပေသည်။ ထို့ပြင် မြောက်များစွာသော ထူးဆန်းအံ့သြဖွယ်ကောင်းသော သမိုင်းကြောင်းတို့လည်း ရှိခဲ့ပေ၏။

လူ့သမိုင်းကြောင်းများတွင် မိမိတို့ မျိုးနွယ်အလိုက် ဆန်းကြယ်သော သမိုင်းကြောင်းများ ရှိခဲ့ကြသည်မှာ ထူးဆန်းလှသည်တော့ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသမိုင်းကြောင်းများနှင့်အတူ ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်သည့် ဒဏ္ဍာရီပုံပြင်များ၊ အကြောင်းအရာများစွာတို့ ရှိခဲ့ကြသည်။

ထိုဒဏ္ဍာရီပုံပြင်စသော အကြောင်းအရာများသည် ကာလကြာသောအခါ သမိုင်းအကြောင်းအရာများ ဖြစ်လာကြသည်။ စွဲလန်းမှု ယုံကြည်ကိုးကွယ်မှုများ ဖြစ်လာကြလေသည်။

ကမ္ဘာနေရာအနှံ့အပြားမှာ နေထိုင်ကြသော လူမျိုးအသီးသီးတို့တွင် ယုံကြည်ကိုးကွယ်မှုများလည်း မတူညီကြပေ။

တရုတ်လူမျိုး၊ ဂျပန်လူမျိုးတို့သည် ၎င်းတို့၏ နိုင်ငံသမိုင်းပုံပြင်များကို ဒဏ္ဍာရီလာ သမိုင်းကြောင်းများ၊ ပုံပြင်များဖြင့် သရုပ်ဖော်ကြသည်။

၎င်းတို့က နေနတ်သမီးမှ ဆင်းသက်လာသည့်ဟု ယုံကြည်ကြသည့်အတိုင်း သူတို့အမျိုးအနွယ်များသည် အခြားလူမျိုးများထက် မြင့်မြတ်သည်ဟု ယုံကြည်ထားကြသည်။

သူတို့နေသော နိုင်ငံကိုလည်း နေမျိုးနေနွယ်နိုင်ငံဟု ယူဆထားလေသည်။

ထိုအယူအဆသည် လူမျိုးများ တိုးတက်စေရန်နှင့် အစဉ်အလာတစ်ခုလို ဖြစ်ခဲ့ပေသည်။

မြန်မာလူမျိုးတို့၏ အယူအဆကတော့ နတ်တို့ထက် ပိုမိုမြင့်မြတ်သော၊ တန်ခိုးကြီးမားသော ဗြဟ္မာမင်းများမှ ဆင်းသက်လာသည်ဟု ယုံကြည်ခဲ့ကြသည်။

ထိုကဲ့သို့ ယုံကြည်မှုများမှာ အကြောင်းမဲ့တော့မဟုတ်





ပေ. . ဗုဒ္ဓဝင်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ကိုးကားပြီး ယုံကြည်ထားကြခြင်းဖြစ်ပေသည်။

ဒိဋ္ဌာနုဂတိကျမ်း၌ . . .

'တစ်ကျွန်းကိုးယောက်၊ ဗြဟ္မာရောက်'

ဟူ၍လည်းကောင်း၊

ဘဒ္ဒကပ္ပဝိနိစ္ဆာယကျမ်း၌ . . .

ဗြဟ္မာများစွာ ရောက်လို့လာ. . . ဟူ၍လည်းကောင်း ရေးသားဖော်ပြထားပေသည်။

ဗြဟ္မာများ စုတိကျ၍(သေခြင်း) လူပြည်၌ ပဋိသန္ဓေယူသောအခါ လူအဖြစ်သို့ ရောက်ကြလေ၏။

ထိုအခါ ဗြဟ္မစရိယအကျင့်ကို ကျင့်ကြလေသည်။

ဗြဟ္မစရိယအကျင့်သည် ကောင်းမြတ်သောအကျင့်ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ ယုံကြည်ကိုးကွယ်ကြလေသည်။

ဟိန္ဒူမြစ်ဝှမ်းမှ ဖြစ်ပေါ်လာသော ဟိန္ဒူများကလည်း မြန်မာလူမျိုးတို့ ယုံကြည်ထားသလိုပင် . . ၎င်းတို့မျိုးနွယ်များသည် ဗြဟ္မာများမှ ဆင်းသက်လာသည်ဟု လက်ခံယုံကြည်ထားကြလေသည်။

ထိုကဲ့သို့ပင် ကမ္ဘာနေရာအနှံ့အပြားမှာရှိကြသော တိုင်းပြည်အသီးသီး၊ လူမျိုးအသီးသီးတို့တွင် ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးရှိခဲ့ကြလေသည်။

ရခိုင်ပြည်နယ်၊ ရခိုင်လူမျိုးတို့အကြောင်းကို လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သောအခါ မဟာမြတ်မုနိဘုရားအကြောင်း၊ ဒွါရဝတီမြို့တော်အကြောင်း၊ ဝေသာလီအကြောင်း၊ မြောက်ဦးမြို့ဟောင်းအကြောင်းတို့မှာ အဓိကကျသော အကြောင်းအရာဖြစ်နေသည်ကို တွေ့ရသည်။

ဝေသာလီပြည်နှင့် ပတ်သက်သောအကြောင်းများ၊ ဒွါရာဝတီမြို့တော်နှင့် ပတ်သက်သည့်အကြောင်းများမှာ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

ရခိုင်ပြည်နယ် နေရာအနှံ့အပြားတွင် . . ရှေးနှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ၊ နေရာများစွာတို့ ရှိခဲ့ကြပေသည်။

ထိုနေရာများထဲတွင် ရှေးက ဒေဝဂန္တရီတောင်ဟု အမည်တွင်ခဲ့ပြီး ယခုခေတ်ကာလမှာတော့ ဘဲငါးရာတောင်ဟု လူသိများသောနေရာလည်း တစ်နေရာအပါအဝင်ဖြစ်ပေသည်။

ဘဲငါးရာတောင်မှာ ပေပေါင်း(၁၃၆၀)ခန့်သာ အမြင့်ရှိသည်။ အမြင့်ဆုံးတောင်များထဲမှာ ပါဝင်ခြင်းတော့ မရှိပေ။

မြန်မာနိုင်ငံအတွင်းမှာ ပေပေါင်း(၂၀၀၀၀)နီးပါး မြင့်သော ခါကာဘိုရာဇီတောင် (၁၉၂၆၉-ပေ)လို တောင်ကြီးများအပြင် ပေပေါင်းတစ်သောင်းကျော်မြင့်သော တောင်တော်တော်များများလည်း ရှိကြပေသည်။

ထိုတောင်မြင့်ကြီးများမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရှိကြပေသည်။

မြန်မာနိုင်ငံတွင် ပေပေါင်း(၁၉၂၆၉-ပေ) မြင့်သော ခါကာဘိုရာဇီတောင်ကြီးမှာ အမြင့်ဆုံးစာရင်းဝင်ဖြစ်ပြီး ပေပေါင်း (၁၉၁၄၂-ပေ) မြင့်သော ဂန်လန်ရာဇီတောင်မှာ ဒုတိယအမြင့်ဆုံးတောင်တစ်တောင် ဖြစ်သည်။





ထိုတောင်ကြီးများနှင့် မတိမ်းမယိမ်း မြင့်မားသော အခြားတောင်များလည်း ရှိကြသေးသည်။

ချင်းပြည်နယ်ဘက်မှာတော့ ပေပေါင်း (၁၀,၂၀၀-ပေ) မြင့်သော ဝိတိုရိယတောင်မှာ အမြင့်ဆုံးတောင်ဖြစ်ပြီး ရှမ်းပြည်နယ်ဘက်မှာတော့ ပေပေါင်း (၈၀၀၀)ကျော် (၉၀၀၀)နီးပါးမြင့်သော တောင်တန်းကြီးများ ရှိကြလေသည်။

ရခိုင်ပြည်နယ်ဘက်မှာတော့ အမြင့်ဆုံးတောင်တန်းကြီးများဟု ခေါ်ရလောက်သည့် ရခိုင်ရိုးမတောင်တန်းကြီးများ ရှိကြလေသည်။ ရခိုင်ရိုးမတောင်တန်းကြီး၏ အမြင့်ဆုံးနေရာမှာပင် ပေပေါင်း (၆၅၂၇-ပေ) အမြင့်ရှိပေသည်။

ဒေဝဂန္တရီတောင်ဟု ခေါ်သော ဘဲငါးရာတောင်မှာ အမြင့်ပေပေါင်း (၁၃၆၀-ပေ)ခန့်သာ မြင့်သဖြင့် သာမန်တောင်တစ်လုံးသာ ဆိုရပေမည်။

တောင်များ၏ အမြင့်ပေနှင့် နှိုင်းယှဉ်လျှင်တော့ သာမန်တောင်တစ်တောင်မျှသာ ဆိုရမည်ဖြစ်သော်လည်း ထူးခြားဆန်းကြယ်သော နေရာများအကြောင်းကို ရေးမည်ပြောမည်ဆိုလျှင်တော့ တစ်နေရာအပါအဝင် ဖြစ်ပေသည်။

ဘဲငါးရာတောင်မှာ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ စမ်းပတိချောင်းဒေသတွင် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဌင်းတောင်၏ ပတ်ဝန်းကျင်မှာလည်း တောင်စဉ် တောင်တန်းများက ဝန်းရံကာဆီးထားလေသည်။

ဩရမတောင်တန်း၊ ဒိပ္ပတောင်တန်း၊ စမ်းမတို့တောင်တန်း၊ နားလိပ်တော်ဓာတ်တောင်တန်း၊ ရင်သဲဓာတ်တောင်တန်း၊ ပိုးရွှီးတောင်တန်း၊ ယိုးရှိတောင်တန်း(ခေါ်)သဖင်ကုန်းတောင်တန်းကြီးများ ဘဲငါးရာတောင်ကို ဝန်းရံထားကြလေသည်။ ဘဲငါးရာတောင်မှာ ပေပေါင်း (၁၃၆၀)ခန့်မြင့်သော်လည်း ရခိုင်ပြည်နယ်ရှိ မြို့နယ်အမြောက်အများမှ လှမ်းကြည့်လျှင် မြင်နိုင်လောက်ပေသည်။

ရှေးနှစ်ပေါင်းများစွာက ဒေဝဝန္တာရီတောင်ဟု ခေါ်ဝေါ်ကြသည်။ နတ်ဒေဝတာတို့ စောင့်ရှောက်ပေးသော တောင်ဟုလည်း ယုံကြည်မှုရှိကြသည်။

နတ်ကြီးသဖြင့် အများအယွင်းမခံသော နေရာတစ်ခုအဖြစ်လည်း ဒေသခံများက လက်ခံထားကြသည်။

ဒေဝဝန္တရီတောင်မှာ ဘဲငါးရာတောင်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်မှာပင် နှစ်ပေါင်းအတော်ကြာမြင့်ခဲ့ပေသည်။

ဘဲငါးရာတောင် ဟူသောအမည်မှာ မူလပေးထားခဲ့သော အမည်ဟုတ်ဘဲ နောင်မှ အကြောင်းတစ်ခုကြောင့်သာ ခေါ်ဝေါ်ခဲ့ကြသော အမည်ဖြစ်သည်။

ထူးခြားသောအကြောင်းတရား တစ်ခုကို အစွဲပြုလျှက် ခေါ်ဝေါ်ကြသော အမည်မျိုးလည်းဖြစ်သည်။

ဥပမာ ရေးသားရလျှင် ကျိုက်ထီးရိုးစေတီ တည်ထား





သော တောင်တန်းကြီးမှာ မူလအမည်ဟောင်းရှိသော်လည်း ကျိုက်ထီးရိုးစေတီကို အကြောင်းပြုလျှင် ကျိုးထီးရိုးတောင်တန်းဟုသာ ခေါ်ဝေါ်ကြသကဲ့သို့ ဖြစ်ပေသည်။ ဘဲငါးရာတောင်ဟု ရေးသားခေါ်ဝေါ်ခဲ့ကြသော အကြောင်းအရာ သမိုင်းဟောင်းများ ရှိခဲ့ပေသည်။

တောင်ထိပ်ပေါ်တွင် ဘုရင်သက်မင်းဝအောင်လာ နေထိုင်ခဲ့သော နန်းတော်ရာ နေရာဟောင်းရှိသည်။

'တစ်ဧကခန့်အကျယ်အဝန်းရှိပြီး ကျောက်သားမျက်နှာပြင်မှာ သမံတလင်းခင်းထားသော နေရာကဲ့သို့ ပြန့်ပြူးညီညာလျှက် ရှိနေသေးသည်။

ထိုကျောက်သားမျက်နှာပြင်ပေါ်မှာ ဘဲခြေရာများရှိနေကြသည်။

(အချို့သမိုင်းမှတ်တမ်းအချို့တွင် ဘဲခြေရာမဟုတ်ဘဲ ဟင်္သာခြေရာဖြစ်နိုင်သည်ဟု ရေးသားသည်ကို သတိပြုမိသည်)

ဟင်္သာမှာလည်း ဘဲအမျိုးအနွယ်ဝင်ဖြစ်သောကြောင့် ခြေရာချင်းကတော့ အတော်ဆင်တူပေသည်။

သမိုင်းများ၌ ပါဝင်သော အကြောင်းအရာ အချက်အလက်တို့သည် နှစ်ပရိစ္ဆေဒကြာမြင့်သောအခါ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားရာမှ မူလအကြောင်းအရာနှင့်မတူတော့သည်မျိုးလည်း ရှိသည်။

အနည်းငယ် ကွဲလွဲမှုရှိသော်လည်း အကြောင်းအရာချင်း တူနေလျှင်တော့ လက်ခံကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာငါးရာတောင်ပင်ဖြစ်စေ ဘဲငါးရာတောင်ဟုပင် ခေါ်ဝေါ်ကြသည်ဖြစ်စေ အကြောင်းအရာချင်းက တူနေတော့သည်။

သို့ကြောင့် အငြင်းပွားစရာလည်း မလိုတော့ပေ။

ယခုအချိန်မှာတော့ ဟသ်ာကိုတွေ့မြင်ရန် မလွယ်ကူတော့ဘဲ ဘဲကိုသာ အလွယ်တကူ တွေ့မြင်ရသောကြောင့် ဘဲငါးရာတောင်ဟူသော အမည်ကပင် စာဖတ်သူများအတွက် အလွယ်တကူ မှတ်မိစေလိမ့်မည်။

သမိုင်းဟောင်းများမှာတော့ ထိုဘဲများမှာ သာမန်မဟုတ်ကြပေ။

နတ်တို့ဖန်ဆင်းပြသော ဘဲများဖြစ်သည်ဟု ရေးသားဖော်ပြကြသည်။

ထိုအကြောင်းကို ဘဲငါးရာတောင် ပတ်ဝန်းကျင်တစ်ဝိုက်မှာ နေထိုင်ကြသူများက လက်ခံယုံကြည်ကြသည်။

ထိုတောင်ပတ်ဝန်းကျင်တစ်ဝိုက်မှာ နေထိုင်ကြသူတို့မှာ ဘဲမှာ နတ်ဒေဝတာတို့ ဖန်ဆင်းထားခြင်းဖြစ်သဖြင့် ဘဲသား ဘဲဥ ချက်ပြုတ်စားသောက်ခြင်းကို လုံးဝရှောင်ကြဉ်ကြသည်။

ဘဲမွေးမြူပြီး စီးပွားရှာသောအလုပ်ကိုလည်း မလုပ်ကြပေ။ ထိုအလုပ်ဖြင့် စီးပွားရှာလျှင် မဖြစ်ထွန်းသည့်အပြင် ဘေးဥပါဒ်အန္တရာယ်များနှင့် တွေ့ကြရသည်ဟု ယုံကြည်ကြသည်။ ပုပ္ပားတောင်တစ်ဝိုက်မှာ နေထိုင်ကြသူတို့မှာ ပန်းပဲလုပ်ငန်း လုပ်ကိုင်ပါက မင်းမဟာဂီရိနတ် မနှစ်သက်သဖြင့် မကြီးပွား၊ မတိုးတက်နိုင်သော အယူအဆမျိုးနှင့် တူပေသည်။





ဘဲငါးရာတောင်တစ်ဝိုက်မှာ နေထိုင်ကြသော ရွာများရှိသူတို့သည်လည်း ဘဲမွေးမြူခြင်း မပြုကြပေ။

ဘဲဥ၊ ဘဲသား စားသောက်ခြင်းမှ ရှောင်ကြဉ်ကြသည်။ ထိုအယူအဆမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့သဖြင့် ဘဲမမြင်ဖူး၊ ဘဲဥ၊ ဘဲသား မစားဖူးသူများလည်း ရှိကြလေသည်။

ပုပ္ပားတောင်ပတ်ဝန်းကျင်တစ်ဝိုက်မှာ နေကြသူတို့မှာ တောင်အရိပ်ထိုးသောနေရာများ၌ ပန်းပဲအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း မပြုလုပ်ခြင်း၊

မြေအိုးမြေခွက်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း မပြုလုပ်ခြင်း၊ ဖာတ်၊ ရုပ်သေး၊ ပွဲသဘင် တည်ထောင်၍ စီးပွားရှာသော် မဖြစ်ထွန်းသောကြောင့် ရှောင်ကြဉ်ခဲ့ကြသည်။

ထိုကဲ့သို့ပင် ဘဲငါးရာတောင် အရိပ်ကျသောရွာများမှာ နေထိုင်ကြသူတို့မှာလည်း ဘဲဥ၊ ဘဲသား ရှောင်ကြဉ်ကြသည့်အပြင် ဘဲမွေးမြူခြင်းဖြင့် စီးပွားရှာခြင်းလည်း မလုပ်ကြပေ။

တောင်အရိပ်ထိုးသော ရွာများမှာ. . .

အရှေ့ဘက်မှာ နေထွက်လာသောအခါ တောင်၏အနောက်ဘက်တွင် နေထိုင်သောရွာများပေါ်သို့ တောင်အရိပ် ထိုးကျလေသည်။

ထိုရွာများမှာ. . . မြို့ရာရွာ၊ သရက်ချောင်းရွာ၊ ဖောင်ဆိပ်ရွာတို့ ဖြစ်ကြသည်။ ထိုရွာများမှာ နေထိုင်ကြသူတို့မှာ ဘဲဥ၊ ဘဲသားမစားကြပေ၊ ဘဲမွေးမြူသော အလုပ်ဖြင့် စီးပွားရှာကြ



www.burmeseclassic.com

www.burmeseclassic.com



ပေ။

အနောက်ဘက်သို့ နေရောက်သွားသောအခါ တော
၏ အရှေ့ဘက်ခြမ်းတွင် နေထိုင်သောရွာများအပေါ်သို့ တော
အရိပ်ထိုးကျလေသည်။

ထိုရွာများမှာ. . . တောင်နားရွာ၊ ကျေးတောရွာ၊ မို
ဟင်းတောရွာတို့ ဖြစ်ကြပြီး ထိုရွာများမှာ နေထိုင်ကြသူတို့မှ
ဘဲဥ၊ ဘဲသားမစားကြပေ။

ဘဲမွေးမြူသောအလုပ်ဖြင့်လည်း စီးပွားမရှာကြပေ
စီးပွားရှာလည်း မဖြစ်ထွန်းကြပေ။

မဖြစ်ထွန်းသည့်အပြင် အနှောင့်အယှက် အန္တရာယ်မျ
ဖြင့် တွေ့နိုင်ကြသည်။

အချို့ကတော့ ထိုအကြောင်းများကို မယုံကြည်ကြပေ
ရှေးဟောင်းယုံကြည်မှုများသာ ဖြစ်မည်ဟု ယူဆကာ လက်မ
ကြပေ. . .။

အခြားအရပ်ဒေသမှ လူများပင်မဆိုထားနှင့် အနီးဝ
ဝန်းကျင်တစ်ဝိုက်မှာ နေကြသူများမှာပင် တယူသန်တဖွတ်ထိ
နိုင်သူများရှိကြသည်။

တစ်ခါက ယိုးချောင်းဘက်သို့ စီးပွားရေးလုပ်ကိုင်လို
တစ်ဦး ရောက်လာလေသည်။

ထိုသူမှာ မှိုဟင်းတောရွာသစ်နှင့် မနီးမဝေးနေရာတွ
မြေများဝယ်ကာ နေထိုင်လေသည်။

ထိုနေရာတစ်ဝိုက်တွင် ယိုးချောင်းရှိသည့်အပြင်။ ဆည်





တမံနှင့် ရေကန်ပျက်များပါရှိသဖြင့် ဘဲမွေးမြူရန် များစွာအဆင်
ပြေသော နေရာဖြစ်သည်။

ဘဲမွေးမြူလျှင် ဆည်၊ တမံ၊ ရေကန်ရှိသော နေရာထက်
သဘာဝချောင်းများရှိသော နေရာမျိုးက ပိုပြီးအဆင်ပြေသည်။

ဘဲတို့ သဘာဝရွှံ့နွံများမှာရှိသော ပုစွန်၊ ငါးနှင့် ခရု
ဂဏန်းများကို နှုတ်သီးဖြင့် ထိုးဆိတ်ရှာဖွေကာ စားသောက်ရ
သည်ကို များစွာသဘောကျသည်။

ရေစုန်ရေဆန်ကူးပြီး ကမ်းစပ်လဟာပြင်များ၊ ခနိုတော
များ၊ ဗျိုက်တောများအတွင်းဝင်ကာ နှုတ်သီးဖြင့် ထိုးဆိတ်စား
သောက်ရသည်ကို ပိုမိုနှစ်သက်ကြသည်။ လူတို့ကျွေးသော အစာ
ထက် သဘာဝအစားအစာတို့ကို စားသောက်ခြင်းဖြင့် ဥအရေ
အတွက် မြောက်များစွာ ဥပေးတတ်ကြသည်။

မြစ်ဝကျွန်းပေါ်အရပ်ဒေသတွင် မြစ်ချောင်း၊ သောင်
ပြန့်များစွာတို့ ပေါလှသဖြင့် ဘဲမွေးသူများစွာတို့ ရှိကြသည်။
၄င်းတို့သည် ဘဲကျောင်းချိန်ရောက်လျှင် ဘဲအုပ်ကြီးကို ချောင်း
ထဲမောင်းချပြီး လှေငယ်တစ်စင်းဖြင့် လိုက်လံကျောင်းကြသည်။

ဘဲများက အစာကို ထိုးဆိတ်စားသောက်ရင်းနှင့် ဥများ
ဥချသွားတတ်ရာ သောင်ပြင်ပေါ်မှာ ကျန်ခဲ့သော ဘဲဥများကို
လိုက်ကောက်ရသည်မှာ ပျော်စရာတစ်မျိုးပင်. . .။

ရေငန်ပိုင်းအရပ်များမှာ. . မြစ်ထဲ၊ ချောင်းထဲမှာ ဘဲ
ကျောင်းထွက်သောအခါ သတိထားကြရလေသည်။

အဘယ်ကြောင့်ဆိုသော်. . . .



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းအလွန်ပေါလှသောကြောင့်ဖြစ်သည်။

မိကျောင်းက ရေအောက်မှ ဘဲအုပ်ထဲသို့ဝင်ဆွဲပါက အကောင်အရေအတွက် အတော်များများ ပါသွားတတ်လေသည်။

တစ်ခါတစ်ရံ ဘဲကျောင်းသားများကိုပင် အမြီးဖြင့် ရိုက်ချပြီး ဆွဲယူသွားလေ့ရှိသည်။

ရခိုင်ပြည်နယ်အတွင်းမှာရှိသော မြစ်ချောင်းများမှာလည်း ရေငန်အရပ်ဖြစ်သောကြောင့် မိကျောင်းပေါလှသည်။

ချောင်းထဲသို့ဘဲကျောင်းထွက်ပါက ဘဲများကို မိကျောင်းဆွဲခြင်းခံရလေသည်။

ယိုးချောင်းဘက်သို့ စီးပွားရေးလုပ်ငန်း လာရောက်သူ၏ အမည်မှာ ဦးစံသာ ဖြစ်သည်။

ဦးစံသာမှာ အသက်(၅၀)ကျော် အရွယ်ခန့်သာရှိသေးပြီး မြန်မာနှင့် ရခိုင်သွေး ရောစပ်နေသူတစ်ဦးဖြစ်သည်။

ထိုနေရာသို့ ရွှေ့ပြောင်းလာရာတွင် မိသားစုတစ်ခုလုံး ရွှေ့ပြောင်းလာခြင်းဖြစ်သည်။

၎င်းတို့မိသားစုများအပြင် အလုပ်သမားအချို့လည်း ပါလာကြသည်။

ဦးစံသာတို့ မိသားစုမှာ ထိုအရပ်ဒေသသို့ ရောက်လာကြပြီးနောက်တွင် လူနေရန် အဆောက်အဦးများ၊ ကြက်၊ ဘဲမွေးရန် တဲများ၊ ဝက်ခြံများကို ဆောက်ကာ ကြက်၊ ဘဲ၊ ဝက် မွေးမြူသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။





အစားအသောက်နဲ့ ပတ်သက်ပြီး ဒေသခံများ ရှောင်ရှားကြသလို ဘဲဥ၊ ဘဲသားစားသောက်ခြင်းကိုလည်း ရှောင်ရှားခြင်းမရှိကြပေ။

ဦးစံသာမှာ တယူသန်တဇွတ်ထိုးသမားဖြစ်ကာ စိတ်ထင်ရာ လုပ်တတ်သူတစ်ဦးဖြစ်သဖြင့် ဒေသခံ အယူအစွဲများကိုလည်း လက်မခံပေ။

ဘဲဥ၊ ဘဲသားများကို ချက်ပြုတ်စားသောက်ခြင်းများပင် ပြုကြလေသည်။

နယ်ခံများကတော့ ၎င်းတို့မှာ တစ်နယ်တကျေးမှ လာရောက်ကြသူများဖြစ်ကြသဖြင့် ဒေသခံအယူအစွဲများကို မသိကြပေ။

သို့ကြောင့် နတ်ဒေဝတာများက သည်းခံခွင့်လွှတ်ပေးထားကြသည်ဟု ထင်မြင်ယူဆကြလေသည်။

ဦးစံသာတို့ ရောက်လာပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေတိုးတက်နေသည်ကို မြင်သောအခါ အချို့ကလည်း အားကျလာသည်။

မိမိတို့ယုံကြည်စွဲလန်းနေကြသော ထိုဒေသတွင် ဘဲမွေးရ၊ ဘဲဥ ဘဲသားမစားရဟူသော သတ်မှတ်ချက်တို့မှာ . . မှန်မှမှန်ပါတော့မလားဟု သံသယရှိလာကြလေသည်။

တစ်နေ့တော့ ရွာသူရွာသားများ ထင်သလို မဟုတ်မှန်းသိ မြင်တွေ့ကြရလေသည်။

ဦးစံသာ၏ အလုပ်သမားနှစ်ယောက်မှာ လှေငယ်တစ်



www.burmeseclassic.com

www.burmeseclassic.com



စင်းစီဖြင့် ချောင်းထဲသို့ ဘဲကျောင်းထွက်စဉ် မိကျောင်းဆွဲခြင်း ခံရလေသည်။

လူတစ်ယောက်နှင့် ဘဲအကောင်ရေ အတော်များများ ပါသွားလေသည်။

ကျန်တစ်ယောက်မှာလည်း ကြောက်ကြောက်လန့်လ ဖြင့် ကမ်းပေါ်တက်ပြေးသဖြင့် အသက်ချမ်းသာရာ ရသွားလေ သည်။

သို့သော် တစ်ကွဲတပြားစီဖြစ်သွားသော ဘဲအုပ်ကြီးမှ နေရာအနှံ့ရောက်သွားသောကြောင့် ဘဲအကောင်ရေအတေ များများ ပျောက်သွားပြန်တော့သည်။

ကျန်ခဲ့သော ဘဲကျောင်းသားတစ်ယောက်မှာလည် နောက်ထပ် ချောင်းထဲမဆင်းဝံ့လောက်အောင်. . ထိတ်လ ကြောက်ရွံ့လျှက် ရှိနေတော့သည်။

"နည်းတဲ့ မိကျောင်းကြီးမဟုတ်ဘူး၊ ပါးစပ်ဖြဲပြီးလာတ ဘဲကျောင်းလှေတစ်စင်းတောင် မြို့ချလို့ရနိုင်လောက်အော ကြီးတယ်"

ဟု ကတုန်ကယင်နှင့် ပြောနေလေသည်။

နောက်တော့ ကျန်သောအလုပ်သမားများကပင် အ စွန့်လျှက် အုပ်စုတကွဲတပြားစီ ဖြစ်နေသော ဘဲများကိုရှာ လိုက်လံသိမ်းဆည်းကာ ခြံရှိရာသို့ ပြန်မောင်းယူလာကြရ သည်။

ပြဿနာက ထိုမျှနှင့်တော့ မပြီးပေ။





တစ်နေ့တော့ ဘဲဟင်းနှင့် ဝက်သားဟင်း ချက်ပြုတ်စား သောက်ပြီးနောက် ဦးစံသာ၏ ကလေးတစ်ယောက် ဝမ်းပျက် ဝမ်းလျှောဖြစ်ကာ ကောက်ခါငင်ကာဆိုသလိုပင် သေဆုံးသွား လေတော့သည်။

ထိုကဲ့သို့ ဆက်တိုက်ဖြစ်လာသောအခါ ဦးစံသာကိုယ် တိုင် အနည်းငယ် သံသယဝင်လာသည်။

ထို့ပြင် စိတ်တိုတတ်သူတစ်ဦး ဖြစ်သောကြောင့်လည်း ကြမ်းတမ်းသောစကားများဖြင့် ရေရွတ်ပြောဆိုခြင်းများ ပြုလေ သည်။

ထိုကဲ့သို့ ဆဲဆိုရေရွတ်မှုများ ပြုသံကြားသောအခါ အ လုပ်သမားများမှာ ကြောက်ရွံ့မှုဖြစ်ကြသော်လည်း၊ အလုပ်ရှင် နှင့် အလုပ်သမားဖြစ်နေသောကြောင့် မပြောဝံ့ကြပေ။

ထိုနေ့က လကွယ်နေ့ညဖြစ်သည်။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လျှက်ရှိသည်။ ဦးစံသာတို့နေသော နေရာတစ်ဝိုက်မှာ မီးရောင်အချို့ ရှိနေပေ သည်။

ညအချိန်ရောက်သည်နှင့် တောတွင်းမှ တောကောင် များ ရောက်လာတတ်ပြီး ကြက်၊ ဘဲ၊ ဝက်တို့ကို ဝင်ဆွဲရန် ကြိုးစား ကြသည်။

ထို့ကြောင့် မိုးချုပ်သည်နှင့် ကြက်ခြံ၊ ဘဲခြံ၊ ဝက်ခြံများ မှာ မီးများထွန်းပေးထားရသည်။

ကြက်နှင့်ဘဲများက မှောင်နေလျှင် ဥမချဘဲ၊ မီးအလင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေမှသာ ဥအချများသောကြောင့်ဖြစ်သည်။

မီးရောင်ရှိနေလျှင် တောတိရစ္ဆာန်များကလည်း ရုတ် တရက် အနားမကပ်ဝံ့ကြပေ။

ထို့ကြောင့် မီးထွန်းပေးထားရခြင်းဖြစ်သည်။

ညဉ့်နက်ပိုင်းရောက်တော့ ကြက်ခြံဘက်မှ ကတော်သံ များကြားရသဖြင့် အလုပ်သမားများက ထွက်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

သို့ကြောင့် ပြန်ဝင်လာကြသည်။

ခဏကြာတော့ ဘဲခြံဘက်မှ ဘဲအော်သံများ၊ ပေါ်ထွက် လာပြန်သဖြင့် သွားကြည့်သောအခါ ဘာမှမတွေ့ရသဖြင့် ပြန် လာကြသည်။

ညဉ့်နက်ချိန်ရောက်တော့ ဦးစံသာနေသော အိမ်နံရံကို တစ်စုံတစ်ယောက်က လက်ဖြင့် လာပုတ်နေသောအသံကြား သဖြင့် အိပ်နေသူများပင် ပြန်နိုးလာကြသည်။

"ဘုတ်. . ဘုတ်. . ဘုတ်. ."

"ဘုတ်. . ဘုတ်. . ဘုတ်. ."

ထရံကို လာရောက်ပုတ်သောအသံမှာ အတော်ပင် ကျယ်သောကြောင့် မျက်လုံးပြူးသွားကြသည်။

"ဘာသံလဲ"

"အပြင်က ပုတ်နေတဲ့အသံမျိုးပဲ"

"ဘယ်သူပုတ်နေတာလဲ ထွက်ကြည့်ကြစမ်း"

ဟု ဦးစံသာက ခိုင်းသဖြင့် အလုပ်သမားနှစ်ယောက်က





ဓားလှံ့များယူကာ အပြင်ထွက်ကြည့်ကြသည်။

မီးရောင်အချို့ရှိနေသောကြောင့် အိမ်ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နိုင်လေသည်။

အလုပ်သမားနှစ်ယောက်အပြင်ဘက်ရောက်တော့ ဘာမှမတွေ့ရပေ။

သို့ကြောင့် ပြန်ဝင်လာကြသည်။

"ဘာမှမတွေ့ဘူး ဆရာကြီး"

"စောစောက နံရံလာပုတ်တဲ့အသံ အားလုံးကြားလိုက် ရတယ် မဟုတ်လား၊ သရဲခြောက်တာများလား"

ထိုစကားကြောင့် ကြောက်စိတ်ဝင်နေသူတို့မှာ ပိုမို ကြောက်ရွံ့သွားကြလေသည်။

ဦးစံသာ၏ မိန်းမကတော့ ကလေးတစ်ယောက်သေ ဆုံးသွားတာ မကြာသေးသဖြင့် ထိုကလေးကပင် မကျွတ်မလွတ် သော ဘဝရောက်နေသဖြင့် လာရောက်ခြောက်လှန့်နေသည်ဟု ထင်မိလေသည်။

ထိုအခြေအနေကြောင့် မည်သူမှ ပြန်မအိပ်ဝံ့ကြဘဲ တ ထင့်ထင့်နှင့် ရှိနေကြစဉ် အပြင်ဘက်မှ အသံအချို့ ထပ်ကြားရ သည်။ အခြားမဟုတ်ပေ။

နံရံကို လက်ဖြင့်လာပုတ်သော အသံမျိုးပင်ဖြစ်သည်။

"ဘုတ်. . . ဘုတ်. . . ဘုတ်"

"ဟော. . လာပုတ်နေပြန်ပြီ. ."

ထိုအသံကြားလိုက်ရသဖြင့် အိမ်ထဲမှာ ရှိနေသူများမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဘုတ်. . ဘုတ်"

"ထွက်ကြည့်စမ်းကွာ"

ဦးစံသာက စိတ်မရှည်သောအသံမျိုးဖြင့် ထပ်ပြောပြန်ရာ စားနှင့်လှံကိုင်ထားသော အလုပ်သမားနှစ်ယောက်တို့မှာ အပြင်ဘက်သို့ ထွက်ကြည့်ကြရပြန်သည်။

သူတို့ထွက်ကြည့်တော့လည်း အိမ်ပတ်ဝန်းကျင်မှာတော့ ဘာမှမတွေ့ကြရပေ။

သို့ကြောင့်အတွင်း ပြန်ဝင်လာပြီး ဦးစံသာအား အဂျိုးအကြောင်း ပြောပြနေစဉ် ယခင်ကထက် ပိုကျယ်သော ထရံပုတ်သံကို ကြားကြရလေသည်။

"ဘုတ်. . ."

ထိုအသံနှင့် မရှေးမနှောင်းမှာပင် အခြားအသံများကိုပါ ကြားရပြန်သဖြင့် မျက်လုံးပြူးသွားကြလေသည်။

အခြားမဟုတ်ပေ။

အပြင်ဘက်အမှောင်ရိပ်ထဲမှာ ဘဲအော်သံများကြားကြရခြင်း ဖြစ်ပေသည်။

"ငွါး. . ငွါး. . ငွါး"

"ဂတ်. . ဂတ်. . ဂတ်. . ဂတ်"

"ဘဲအော်သံတွေ ကြားရတယ်. .၊ ဘဲခြံထဲမျာ သူခိုးရောက်နေသလား၊ တောကောင်ဝင်နေသလား"

ဦးစံသာက စိုးရိမ်သောအသံဖြင့် ပြောလိုက်သည်။





ထိုအခါ အလုပ်သမားနှစ်ယောက်က အပြင်သို့ ထွက်ကြည့်ကြရပြန်သည်။

အပြင်ဘက်မှာ မှောင်နေသော်လည်း ဘဲခြံတစ်ဝိုက်မှာတော့မီးရောင်အချို့ ရှိနေသည်။

အလုပ်သမားနှစ်ယောက်မှာ အပြင်ဘက်ရောက် ဘဲခြံနားတစ်ဝိုက်တွင် ဘဲအကောင်ရေပေါင်းများစွာတို့ ရောက်နေကြသည်ကို လှမ်းမြင်ကြရသည်။

"ငွါး. . ငွါး. . ငွါး. ."

"ဂတ်. . ဂတ်. . ဂတ်. ."

ဟူသော အော်သံများမှာလည်း ဆူညံနေသည်။

"ဘဲခြံနားမှာ ဘဲတွေအများကြီးပါလား"

"ငါတို့ ဘဲခြံထဲကဘဲတွေများ၊ ခြံတံခါးပွင့်ပြီး အပြင်ဘက် ရောက်နေကြတာများလား"

ထိုအခြေအနေကြောင့် သူတို့ဆီမှာ အလုပ်လာလုပ်နေသော လူကြီးတစ်ယောက်က ဝင်သတိပေးသည်။

"ဒါ ပုံမှန်မဟုတ်ဘူး. . တောခြောက်နေတာဖြစ်မယ်၊ မင်းတို့ အဲဒီဘက်မသွားနဲ့၊ အိမ်ထဲပြန်ဝင်နေကြရင် ပိုကောင်းမယ်"

ထိုသို့သတိပေးသော်လည်း အလုပ်သမားများမှာ လူငယ်လူရွယ်များ ဖြစ်သည်ကတစ်ကြောင်း၊ ထိုအရပ်ဒေသမှ မဟုတ်သဖြင့် ဒေသခံအကြောင်းကို မသိကြသေးသူများ ဖြစ်သဖြင့် လက်မခံကြပေ။



www.burmeseclassic.com

www.burmeseclassic.com



"မသွားလို့ဖြစ်ပါ့မလားဗျ၊ ကိုယ်ခြံထဲကဘဲတွေ အပြင် ရောက်နေတယ်ဆိုရင် ခြံထဲပြန်မောင်းသွင်းရမှာပေါ့. ."

ဟုပြောကာ အလုပ်သမားနှစ်ယောက်တို့မှာ ဓား၊ လှံတို့ အပြင် ဘဲကျောင်းရာတွင် မောင်းနှင်သော လောက်လေးခွနှင့် လောက်စာလုံးတို့ကိုပါ ယူဆောင်ပြီး ဘဲအုပ်ကြီးရှိသော နေရာဘက်သို့ သွားကြလေသည်။

ဘဲအုပ်က အတော်များသည်။

ခြံပတ်ဝန်းကျင်မှာရှိသော အစားအသောက်များကို ထိုး ဆိတ်စားသောက်နေကြလေသည်။

သို့သော်. . သူတို့ခြံထဲမှာ သွင်းထားသော ဘဲများတော့ မဟုတ်ပေ။ သူတို့ သတိမထားမိ၍သာ ဖြစ်သည်။

ဘဲသတ္တဝါတို့မည်သည် ရှေ့ဆုံးမှတစ်ကောင်သွားရာ နောက်သို့ နောက်မှအကောင်များက လိုက်လေ့ရှိသည်။

ရှေ့ဆုံးမှ တစ်ကောင်က ထအော်လျှင် နောက်မှဘဲများ ကပါ အဆက်မပြတ် လိုက်အော်ကြလေ့ရှိသည်။

ယခု ထူးဆန်းသောအချက်မှာ. . .

အပြင်ဘက်မှာ ရောက်နေသော ဘဲအုပ်ကြီးက တဂွါး ဂွါး တဂတ်ဂတ်နှင့် အဆက်မပြတ် အော်နေကြသော်လည်း ခြံ ထဲမှာ ထည့်ထားသော ဘဲများကတော့ တစ်ကောင်မှ လိုက်မ အော်ကြပေ။

အတောင်ကြားထဲ ခေါင်းထည့်ပြီး အိပ်သည့်အကောင် က အိပ်နေကြသည်။





ထိုအခြေအနေကိုတော့ အတွေ့အကြုံမရှိသောအလုပ် သမားများက မသိကြပေ။

"ဘယ်ကဘဲအုပ်ကြီး ရောက်နေတာလဲ"

"မသိဘူး၊ ငါတို့ခြံထဲကဘဲတွေတော့ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်ကရောက်နေတာလဲ၊ ဒီနားတစ်ဝိုက်မှာ တော့ ဘဲမွေးတဲ့ခြံ မရှိပါဘူး"

"တခြားနေရာက ဘဲတွေများ အချိန်မတော်ကြီး လွတ် လာတာလား"

"ဘယ်လိုလုပ်ကြမလဲ"

"ခြံထဲကဘဲတွေ လန့်ကုန်ရင် ဥချမှာမဟုတ်တော့ဘူး၊ ဒီတော့ ဟင်းစားလည်းရ၊ မောင်းပြီးသားလည်းဖြစ်အောင် သား ရေခွနဲ့ပစ်ကွာ"

ဟုပြောပြီး သားရေခွဖြင့်ပစ်ကာ ခြောက်လှန့်မောင်း နှင်ကြလေသည်။

ထိုသို့ပစ်လိုက်တော့မှ ဘဲအော်သံကြီးက ကျယ်ကျယ် လောင်လောင်ဖြင့် ပိုမိုဆူညံလာလေတော့သည်။

အချို့ဘဲများက လောက်စာလုံးထိသဖြင့် လဲကျသွား သော်လည်း အချို့ဘဲများကတော့ သူတို့နှစ်ယောက်ရှိရာသို့ ပြေး လာကြသည်။

သားရေခွဖြင့် ပစ်နေရင်းမှ လူဆီပြေးဝင်လာသော ဘဲ ဒီတစ်ခါပဲ တွေ့ဖူးကြသေးသည်။

သို့သော် သူတို့ထင်သလို မဟုတ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပထမလှမ်းမြင်ရစဉ်က ပြေးလာသည်မှာ ဘဲများပင် ဖြစ်သည်။ အော်သံကလည်း ဘဲအော်သံပင်ဖြစ်သည်။

မနီးမဝေးရောက်တော့မှ မြင်ကွင်းက ပြောင်းလဲသွား လေတော့သည်။

ပြေးလာသည်က ဘဲနှစ်ကောင်မဟုတ်ကြတော့။

အော်သံကလည်း အသံပြောင်းသွားလေတော့သည်။

"ဝေါင်း. . ဝေါင်း. ."

ကျားဟိန်းသံနှင့်အတူ ကိုးတောင်ကျားကြီးနှစ်ကောင် ရောက်လာပြီး အလုပ်သမားနှစ်ယောက်စလုံးကို ကိုက်ချီသွား လေတော့သည်။

"ကယ်ကြပါဦး. . ကယ်ကြပါဦး"

စောစောက ဘဲအော်သံများ ပျောက်သွားပြီး လူအော် သံများ ပေါ်ထွက်လာသည်။

ထိုအော်သံကြားသဖြင့် ဦးစံသာ အပါအဝင် အလုပ် သမားများမှာ ဓားလှံလက်နက်များပါယူပြီး အပြင်ဘက် ပြေး ထွက်သွားကြလေသည်။

ထိုအခါ အပြင်ဘက်၌ ဘဲအုပ်ကြီးလည်း မရှိတော့ အသံများလည်း တိတ်ဆိတ်ငြိမ်သက်နေလေပြီ။

"ဘာဖြစ်တာလဲ"

"ဟိုနှစ်ယောက်တော့ ကျားဆွဲသွားပြီ"

"ဟင်. . ."

ထိုအခါမှ မျက်လုံးပြူးသွားကြသည်။





မီးရောင်များဖြင့် ဟိုဟိုဒီဒီ ထိုးကြည့်တော့လည်း ဘာမှ မတွေ့ကြရတော့ပေ။

ထိုနေရာတစ်ဝိုက်မှာတော့ သွေးကွက်၊ သွေးစက်အချို့ သာ ကျန်ခဲ့လေတော့သည်။

ဘာမှမတတ်နိုင်တော့ပေ။

တောတောင်မာယာနှင့် ပရိယာယ်တို့ကို နားမလည်ပါ က မိုဆိုးဘဝမှပင် သားကောင်ဘဝသို့ ရောက်ကြရပေ၏။

တောတောင်မာယာနှင့် လျှို့ဝှက်ချက်တို့မှာ များပြားလှ ပေ၏။





www.burmeseclassic.com



www.burmeseclassic.com





## အခန်း ( ၂ )

# မရဏာလိုက်ခေါင်းမှ အကြံကောင်းသူများ

ဦးစံသာတို့ မိသားစုမှာ ထိုအရပ်ဒေသသို့ ရောက်ခဲ့ကြပြီး နှစ်မကြာသေးခင်မှာ ထိုကဲ့သို့ အန္တရာယ်ဆိုးများနှင့်ကြုံတွေ့ခဲ့ကြရခြင်းဖြစ်ပေသည်။ ၎င်းတို့သည် ယိုးချောင်းတစ်ဝိုက်သို့ လာရောက်အခြေချသည်မှာ တစ်နှစ်ပင် မပြည့်သေးပေ. . .။

ရောက်စအချိန်ကတော့ စီးပွားရေးလုပ်ငန်းများပင် အဆင်ပြေနေသည်ကို တွေ့ရသဖြင့် ဒေသခံရွာသူရွာသားများက



www.burmeseclassic.com

www.burmeseclassic.com



ပင် အားကျခဲ့ကြသည်။

ယုံကြည်စွဲလန်းခဲ့ရသော အယူအဆများမှာ ဟုတ်ပါ့မ သားဘာပင် သံသယဝင်ခဲ့ကြမိသည်။

အဘယ်ကြောင့်ဆိုသော်. . .

ဘဲမမွေးရ၊ ဘဲဥ၊ ဘဲသားစားပါက အန္တရာယ်နှင့် တွေ့တတ်သည်ဟု အယူရှိသောကြောင့် မည်သူမှ မလုပ်ဝံ့ကြပေ။

ဦးစံသာတို့ ရောက်လာသောအခါ ဘဲခြံကြီးများ ဆောက်ကာ ဘဲမွေးသည်။

ဘဲဥ၊ ဘဲသားတို့ကိုလည်း ချက်ပြုတ်စားသောက်ကြသည်။ ထိုသို့ပြုလုပ်စေကာမူ ဘဲမွေးသောလုပ်ငန်းမှာ အနှောင့်အယှက်မတွေ့ရဘဲ စီးပွားဖြစ်ထွန်းလာသည်ကို တွေ့မြင်ကြရသောကြောင့် ထိုကဲ့သို့ အတွေးမျိုးဝင်လာခြင်း ဖြစ်ပေတော့သည်။

ထိုအရပ်ဒေသမှာ ဘဲမွေးသူများ စီးပွားဖြစ်ခြင်း အကြောင်းရင်းမှာ ဘဲများအတွက် သဘာဝအစားအစာများ ပေါလှသောကြောင့်ဖြစ်သည်။

ချောင်းများ၊ မြောင်းများထဲတွင် ငါးပုစွန်တို့က ပေါလှသဖြင့် ဘဲများအတွက် သီးခြားအစာကျွေးရန်ပင် မလိုတော့ပေ။

သို့ကြောင့် စားရိတ်စကသက်သာပြီး ဘဲဥများ ဥချသောကြောင့် စီးပွားဖြစ်လာခြင်း ဖြစ်ပေသည်။

ယခုတော့ သူတို့မိသားစုများအတွက် ကြောက်စရာကောင်းသော အန္တရာယ်ဆိုးများက တစ်ခုပြီးတစ်ခု ရောက်လာ





ခဲ့လေတော့သည်။

ပထမဦးစွာ ချောင်းထဲမှာ ဘဲကျောင်းထွက်စဉ် ဘဲအုပ်ရောလူပါ မိကျောင်းဆွဲခံရသည်။ နောက်တော့ ဝမ်းရောဂါဖြစ်ပြီး သားတစ်ယောက် သေသွားခဲ့သည်။

ယခုအခါမှာတော့ ကျားဝင်ဆွဲပြန်သဖြင့် အလုပ်သမားနှစ်ယောက် ပါသွားပြန်လေသည်။

ပိုဆိုးတာက အလုပ်သမားနှစ်ယောက်ကို ကျားဆွဲခံရပြီးနောက်တွင် ကျန်အလုပ်သမားများမှာ ကြောက်ရွံ့ထိတ်လန့်နေကြသဖြင့် အလုပ်ကို ကောင်းစွာမလုပ်ဝံ့ကြတော့ခြင်းပင်ဖြစ်ပေသည်။

သူတို့ကြောက်မည်ဆိုလျှင်လည်း အပြစ်မပြောသာပေ။

အဘယ်ကြောင့်ဆိုသော်. . . ချောင်းထဲဆင်းတော့လည်း ချောင်းထဲမှာ သရဲခြောက်ခံရသည်။

တောထဲသွားတော့လည်း တောထဲမှာ သရဲခြောက်ခံရပြန်သည်။ ညအချိန်ရောက်တော့လည်း သရဲက ကြမ်းသည်။

ဘဲခြံ၊ ကြက်ခြံ၊ ဝက်များထားသော ခြံများအနီးမှာသာမက အိမ်အထိပါရောက်လာပြီး သရဲခြောက်လေသည်။

ဘဲကျောင်းထွက်သွားသော လူတစ်ယောက်မှာ ဘဲကျောင်းနေရင်းမှပင် နွားခေါင်းထဲမှာ အပုတ်နံ့ရလာသည်။

တစ်နေရာရောက်လာတော့ သူ့လှေကို နောက်မှတစ်စုံတစ်ယောက်က ဆွဲထားသဖြင့် လှည့်ကြည့်လိုက်သည်။

ချုံထဲမှ တစ်ဝက်မျှထွက်နေသော လက်တစ်ဖက်က သူ့



www.burmeseclassic.com

www.burmeseclassic.com



လှေနောက်ပြီးကိုဆွဲထားလေသည်။

လက်တအကောင်းမဟုတ်ပေ။

သေတာကြာပြီဖြစ်သဖြင့် ပုတ်ပွနေသောလက်ပင် ဖြစ်လေသည်။

"အောင်မလေးဗျ. . လုပ်ကြပါဦး"

ဟုအော်ဟစ်ကာ. . လှေပေါ်မှ ဆင်းပြေးလေတော့သည်။ ထိုအကြောင်းကို တခြားဘဲကျောင်းနေသူများ သိသဖြင့် လာကြည့်သောအခါ လှေနောက်ပြီးကိုဆွဲထားသော ပုတ်ပွနေသည့် လက်တစ်ဖက်တော့ မတွေ့ကြရပေ. .။

လှေနောက်ပြီးတွင် သစ်ကိုင်းခြောက်တစ်ခုဖြင့် ချိတ်မိနေသည်ကိုသာ တွေ့ကြရသည်။

"ဘယ်မှာလဲ သရဲလက်၊ ဒီမှာ သစ်ကိုင်းခြောက်နဲ့ ချိတ်မိနေတာ မတွေ့ဘူးလား"

"ငါစောစောကမြင်လိုက်တာ သရဲလက်ကြီးပါ၊ ဒီသစ်ကိုင်းခြောက်မဟုတ်ဘူး"

"မင်း တော်တော်ကို သရဲဘောကြောင်တယ်"

ဟု ဝိုင်းဝန်းအပြစ်တင်ကြလေသည်။

ထိုမျှသာမကဘဲ ညအချိန်ရောက်လာသည်နှင့် ဘဲများမကြာခဏ လန့်အော်သံကြားကြရသည်။

ထိုကဲ့သို့ အော်သံကြားရသဖြင့် ထွက်ကြည့်သောအခါ ဘဲခြံအနီးတွင် သွားလာနေကြသော လူနှစ်ယောက်ကို တွေ့မြင်ကြရလေသည်။





ဘဲခြံမှ ထွက်နေသော မီးရောင်ဖြင့် တွေ့မြင်ရသူများမှာ အခြားမဟုတ်ပေ။

ကျားဆွဲခံရသဖြင့် သေသွားသော အလုပ်သမားနှစ်ယောက်ပင်ဖြစ်ကြလေသည်။

တစ်ခါတစ်ရံလည်း အချိန်မတော်ရောက်တော့မှ တောစပ်ဘက်မှ 'ကယ်ပါ. . ယူပါ' ဟူသော အောသံများကိုကြားရလေသည်။ ထွက်ကြည့်သောအခါ တောစပ်မှာ ပြေးလွှားနေသော မည်းမည်းသဏ္ဌာန်များကို တွေ့မြင်ကြရသည်။

ထိုထက်ဆိုးသည်က ညအချိန်ရောက်သည်နှင့် ဘဲအော်သံများအား နေရာအနှံ့မှ ကြားကြရခြင်းဖြစ်သည်။

"ဂွါး. . ဂွါး. . ဂွါး. ."

"ဂတ်. . ဂတ်. . ဂတ်. ."

ထိုကဲ့သို့ ဘဲအော်သံများ ကြားရလျှင် ခြံထဲမှာ ထည့်ထားသော ဘဲများကပါ လိုက်အော်ကြသဖြင့် ဘဲအော်သံတို့မှာ ဆူညံနေလေတော့သည်။

အပြင်ဘက်မှာ ရောက်နေသော ဘဲများက အော်လိုက်၊ ခြံထဲမှာရှိသော ဘဲများက အော်လိုက်နှင့် ဆူညံနေလေတော့သည်။

ထိုကဲ့သို့ ဘယ်ကရောက်လာမှန်း မသိသော ဘဲအုပ်ကြီးက ဆူဆူညံညံနှင့် လာရောက်အော်နေသော်လည်း အလုပ်သမားများကတော့ ကြောက်ရွံ့သဖြင့် မည်သူမှ အပြင်မထွက်ရဲကြပေ။ အဘယ်ကြောင့်ဆိုသော်. . .



www.burmeseclassic.com

www.burmeseclassic.com

အပြင်ထွက်လျှင် ကျားဆွဲခံရမည် စိုးသောကြောင့်ပင်။

အပြင်ဘက်မှ ဘဲအုပ်ကြီးရောက်လာပြီး ဆူဆူညံညံ အော်ဟစ်နေသောကြောင့် ခြံထဲမှ ဘဲများ မကြာခဏ လန့်ကြသည်။ ဘဲလန့်သောအခါ ဥမချတော့ပေ။

ထိုအခါ ဘဲဥဖြစ်ဖြစ်မြောက်မြောက် မရတော့သဖြင့် ဦးစံသာ၏ စီးပွားရေးလုပ်ငန်းများ ထိခိုက်လာလေတော့သည်။

တစ်ညမှာလည်း ဝက်ခြံတံခါးကို မည်သူက လာဖွင့်ပေးသွားသည်မသိပေ။

ခြံထဲလှောင်ထားသော ဝက်အချို့ အပြင်ထွက်သွားပြီး တောဘက်ရောက်သွားရာ တစ်ကောင်မှ ပြန်မရတော့ပေ။

အချိန်မတော် တောထဲရောက်သွားမှတော့ သားရဲတိရစ္ဆာန်များ လက်ချက်လား၊ သရဲသဘက်များလက်ချက်ပေလား. . . မသိရသော်လည်း လွတ်သွားသော ဝက်များကိုတော့ အစအနမျှပင် မတွေ့ရတော့ပေ။ ထိုမျှမကပေ. . .

တစ်ညမှာတော့ ဦးစံသာနေသောအိမ်သို့ သရဲလာခြောက်သဖြင့် မိန်းမဖြစ်သူမှာ များစွာထိတ်လန့်ကြောက်ရွံ့သွားလေသည်။

နောက်ရက်များမှာတော့ ညအချိန်ရောက်လာသောအခါ ကြောက်လန့်တကြား ထအော်ပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ စူးစူးဝါးဝါးအော်သံကြားရလေသည်။

"ဟိုမှာ ဘဲတွေအများကြီးရောက်လာပြီး ငါ့ကိုလာခေါ်နေကြပြီ၊ လုပ်ကြပါဦး. . .၊





ဘဲတွေ နောက်မှာလည်း သရဲသဘက်တွေ ပါလာတယ် ကယ်ကြပါဦး၊ ကယ်ကြပါဦး"

ထိုသို့အော်ဟစ်ရင်းနှင့် နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ သေဆုံးနေသည်ကို တွေ့ကြရလေသည်။

ထိုအခါမှ ဦးစံသာလည်း စိတ်အပျက်ကြီးပျက်ကာ မိန်းမဖြစ်သူကို သင်္ဂြိုလ်ပြီးနောက် ရက်အနည်းငယ်ကြာသောအခါမှာပင် ၄င်းပိုင်သောပစ္စည်းများကို သိမ်းဆည်းပြီးနောက် ထိုနေရာမှ ပြောင်းရွှေ့သွားလေတော့သည်။

ရွာသူရွာသားများလည်း ထိုအခြေအနေကိုမြင်သောအခါမှ ထိုနေရာတစ်ဝိုက်တွင် ဘဲနှင့် ပတ်သက်သည့် အယူသီးမှုများမှာ အမှန်တကယ်ပင်ဖြစ်ပျက်လေ့ရှိကြောင်း လက်ခံကြရပေတော့သည်။

သို့ကြောင့်ပင် ရှေးနှစ်ပေါင်းများစွာကပင် ဘဲငါးရာတောင်အနီးတစ်ဝိုက်မှာရှိကြသော ရွာများတွင် နေထိုင်ကြသူများမှာ ဘဲမွေးမြူခြင်း မပြုလုပ်သည့်အပြင်၊ ဘဲဥ၊ ဘဲသားချက်ပြုတ်စားသောက်ခြင်း မပြုခဲ့ကြခြင်းဖြစ်သည်။

ဒေဝဂန္ဓရီ သို့မဟုတ် ဘဲငါးရာတောင်မှာ ထိုကဲ့သို့သောအကြောင်းများကြောင့် လူသိများ ထင်ရှားခြင်းဖြစ်သလို အခြားလူသိများသော အကြောင်းတစ်ခုလည်း ရှိပေသေးသည်။

အခြားမဟုတ်ပေ. . .။

ဘဲငါးရာတောင်တစ်ဝိုက်တွင် ရှေးဟောင်းရတနာသိုက်ကြီး ရှိနေခြင်းကြောင့်ပင်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ရှေးနှစ်ပေါင်းများစွာကပင် ရခိုင်ဘုရင် ဝေတုံရာဇာဟု ခေါ်သော သက်မင်းဧအောင်လာ မြှုပ်နှံထားခဲ့သော ရွှေငွေ ရတနာ၊ ပတ္တမြား စသည်တို့ မြောက်များစွာရှိသော ရတနာသိုက် ကြီးတစ်ခုမှာ ဘင်္ဂါးရာတောင်၏ လိုဏ်ခေါင်းတစ်နေရာတွင် ရှိနေခဲ့ပေသည်။

ရှေးဟောင်း အယူအစွဲတို့ကို လက်ခံသူများက ဘင်္ဂါး ရာနှင့်ပတ်သက်သောအကြောင်းများကို စိတ်ဝင်စားကြသည်။ လောဘသားများကတော့ ဘင်္ဂါးရာအကြောင်းထက် ထိုရတနာ သိုက်ကြီး အကြောင်းကိုသာ ပိုမို စိတ်ဝင်စားကြသည်။

စိတ်ဝင်စားသဖြင့် ကြိုးစားရှာဖွေကြသူများလည်း ရှိကြ လေသည်။

ထိုဂူထဲမှ ရတနာအချို့ကို ရခဲ့သူ အချို့ရှိသော်လည်း လိုဏ်ခေါင်းအတွင်းဝင်သူ အတော်များများကတော့ အပြင် ဘက်သို့ ပြန်ထွက်မလာနိုင်တော့ပဲ ပျောက်ခြင်းမလှ ပျောက် သွားကြလေတော့သည်။

သို့ကြောင့် ထိုလိုဏ်ခေါင်းကို 'မရဏလိုဏ်ခေါင်း'ဟု ပင် အမည်ပေးထားကြသည်။

ထိုလိုဏ်ခေါင်းထဲတွင် လေဟာနယ်ရပ်ဝန်းဟုခေါ် သော လေမရှိသော နေရာများရှိခြင်း၊

စက်ကွာမ အတတ်ပညာဖြင့် ဖန်တီးထားခဲ့သော သေ မင်းတမန်ထောင်ချောက်များလည်း နေရာအနှံ့အပြား၌ ရှိနေ ကြသည်။





ခြေလှမ်း တစ်ချက်များသည်နှင့် သေမင်းတမန် ထောင် ချောက်များနှင့် ထိ၍သေခြင်း၊

ထိုနေရာမှ လွတ်သော်လည်း အသက်ရှူရန် လေမရှိ သောနေရာ ရောက်သွားသောအခါ အသက်ရှူကျပ်ပြီး သေရ ခြင်းများရှိပေသည်။

သာမန်မျှသာနက်သော ရေတွင်းဟောင်း၊ ရေတွင်း ပျက်တစ်ခုအတွင်းသို့ မဆင်မခြင် ဆင်းမိပါက အသက်ရှူကျပ် ၍ သေကြရသည်ဆိုလျှင် အကွေ့အကောက်ပေါင်းများစွာရှိပြီး ရှည်လျားသော လိုဏ်ခေါင်းကြီးအတွင်းသို့ ဝင်ရောက်သူများ အတွက် မသက်မရှူနိုင်ပဲ သေရခြင်းမှာ အထူးအဆန်းတော့ မဟုတ်ပေ။

ထို့ကြောင့် ဒေသခံများကတော့ ထိုမရဏလိုဏ်ခေါင်း ကြီးအတွင်းမှ ရတနာများကို ရှာဖွေယူရန်ကိစ္စအား စိတ်ကူးထဲ ၌ပင် မထည့်ကြပေ. . .။

မရှိဆင်းရဲလျှင် ဆားနှင့်စားနိုင်သည်။

ကိုယ့်သေတွင်းတော့ ကိုယ်မတူးလိုကြပေ. . .။

၎င်းတို့မသွားလိုသော မသွားဝံ့သော အကြောင်းများထဲ တွင် နောက်ထပ်ကြောက်စရာကောင်းသော အကြောင်းအရာ တစ်ခုလည်း ရှိနေပေသေးသည်။

ထိုရတနာများမှာ သူတို့မျိုးနွယ်စုများသာ သက်ဆိုင် သည်ဟု ယူဆကာ အခြားအရပ်ဒေသမှ လူများရောက်လာပြီး ရတနာသိုက်ကိုရှာဖွေပါက မတွေ့နိုင်စေရန် နည်းအမျိုးမျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ပေးကြသောကြောင့်ဖြစ်သည်။

ထိုမျိုးနွယ်စုများမှာ 'သက်တိုင်းရင်းသား' မျိုးနွယ်စုများပင်ဖြစ်ကြလေသည်။

သက်တိုင်းရင်းသားများထဲတွင် ဘဲငါးရာတောင်၏ အတွင်းလိုဏ်ခေါင်းသို့ ဝင်ရောက်နိုင်သော လျှို့ဝှက်လမ်းကို သိသူအချို့လည်း ရှိကြလေသည်။

သို့သော် ထိုလိုဏ်ခေါင်းထဲမှ ရတနာများကို ဝင်ရောက်ယူသူတို့မှာလည်း သုံးစွဲခွင့်မရဘဲ အသက်ဘေးအန္တရာယ်နှင့်တွေ့ရကာ သေဆုံးခဲ့ကြရလေသည်။

ထိုစဉ်က မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်များလက်အောက် ကျရောက်နေသော အချိန်ကာလဖြစ်သည်။

သို့သော်လည်း စစ်ဘေးစစ်ဒဏ်များဖြင့် မငြိမ်မသက်ဖြစ်နေသောအချိန်လည်းဖြစ်သည်။

မြန်မာနိုင်ငံ မြောက်ဖျားဒေသ၊ အနောက်ပိုင်းဒေသတွင် အင်္ဂလိပ်တပ်များနှင့် ဂျပန်တပ်များ စစ်မက်ဖြစ်ပွားနေသောအချိန်လည်း ဖြစ်သည်။

ထိုအချိန်ကာလတွင် သက်မျိုးနွယ်စုများမှာ လူအချို့သည် ဘဲငါးရာတောင်သို့ ရောက်လာကြသည်။

၎င်းတို့သည် လိုဏ်ခေါင်းအတွင်းသို့ ဝင်နိုင်သော လျှို့ဝှက်လမ်းကို သိသဖြင့် ထိုနေရာမှ အတွင်းသို့ ဝင်ကြလေသည်။ ၎င်းတို့သည် လျှို့ဝှက်လမ်းမှ ဝင်ကြသောကြောင့် ရတနာများသို့ဝှက်ထားသောနေရာသို့ ချောမောစွာပင် ရောက်သွားကြ





သည်။

သို့ကြောင့် ရွှေငွေရတနာအချို့ကို သေတ္တာဖြင့်ထည့်ကာ ပြန်ထွက်ကြသည်။

ထိုအခါမှပင် စက်ယန္တရားပညာဖြင့် တပ်ဆင်ထားသော မောင်းတစ်ခုကို ထိမိသဖြင့် ကျောက်တံခါးတစ်ချပ်ကျလေရာ သုံးယောက်သာလွတ်ပြီး နှစ်ယောက်မှာ အတွင်း၌ ကျန်ခဲ့လေတော့သည်။

ကျောက်တံခါးချပ် ပိတ်သွားပြီဖြစ်သဖြင့် ကယ်တင်ဖို့အခွင့်အရေး မရတော့ပေ။

ထို့နောက်မှာတော့ သုံးယောက်သား ရတနာသေတ္တာကို သယ်ဆောင်ပြီး ဂူထဲမှ ထွက်ကြလေသည်။

သူတို့အပြင်ရောက်ပြီးမှ ဖွင့်ထားခဲ့သော လျှို့ဝှက်ကျောက်တံခါးချပ်အား ပြန်ပိတ်ထားခဲ့ကြသည်။

သုံးယောက်သား ရတနာသေတ္တာကို သယ်ဆောင်ပြီးပြေးကြရာ တစ်နေ့ရာရောက်တော့ စူးစူးဝါးဝါး ဘဲအော်သံများကြားကြရသည်။

"ငွား . . ငွား . . ငွား . . "

"ဂတ် . . ဂတ် . . ဂတ် . . ဂတ်"

"ဘဲအော်သံတွေကြားရတယ်"

"ဒါ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး၊ ဒီတောင်ရိပ်ကလွတ်အောင် အမြန်ပြေးကြရမယ်"

ဟုပြောဆိုတိုင်ပင်ပြီး ရတနာသေတ္တာကို သယ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြေးလာကြရာ ကာမေတောင်တန်း တစ်နေရာရောက်သော အခါ အင်္ဂလိပ်စစ်သားများနှင့် တွေ့သဖြင့် သုံးယောက်စလုံး အသတ်ခံကြရလေသည်။

သူတို့ယူဆောင်လာသော ရတနာသေတ္တာကိုတော့ အင်္ဂလိပ်စစ်သားများက ယူဆောင်သွားကြလေသည်။

သို့သော် ခရီးဆုံးသည်အထိတော့ ယူဆောင်သွားခွင့် မရကြပါပေ. . . ။

တစ်နေရာရောက်သောအခါ ဂျပန်စစ်သားများတွေ့ ပြီး တိုက်ပွဲများဖြစ်ကြပြန်လေရာ ထိုရတနာသေတ္တာကို ကာမေ တောင်တန်း တစ်နေရာမှ လှို့ဝှက်သောနေရာ တစ်နေရာတွင် မြှုပ်နှံထားခဲ့ကြရလေသည်။

နည်းအမျိုးမျိုးဖြင့် ရတနာများကို သယ်ယူသွားရန် ကြိုး စားကြသော်လည်း သက်ဆိုင်ရာ အစောင့်အရှောက် ပုဂ္ဂိုလ်တို့ က သယ်ဆောင်ခွင့်မပေးကြသည့် သဘောမျိုးပင်ဖြစ်ဟန်ရှိပေ သည်။

မြန်မာနိုင်ငံလုံး စစ်ဘေးစစ်ဒဏ်များ သင့်နေသောအ ချိန်တွင် တောမီးလောင်၊ တောကြောင်လက်ပန်းပေါင်းခတ် ဆို သကဲ့သို့ လက်နက်အားကိုးပြီး ဆိုးသွမ်းသောင်းကျန်းသူတို့ လည်း နေရာဒေသအသီးသီးတို့တွင် ပေါ်ပေါက်လျှက်ရှိသည်။

ထိုအထဲတွင် ဓားပြဗိုလ် မိုးသီးခေါင်းဆောင်သော အဖွဲ့ တစ်ဖွဲ့လည်း ပါဝင်လေသည်။

မိုးသီးတို့အဖွဲ့မှာ လူအင်အား တောင့်တင်းသလို သေ





နတ်စသော လက်နက်များလည်း ပြည့်စုံကြသဖြင့် ဒေသခံများက ကြောက်ရွံ့ကြလေသည်။

ထိုအရပ်ဒေသ၌ရှိကြသော ကျေးရွာများမှာ ဓားပြအဖွဲ့ လာရောက်နှိပ်စက်သည်ကို ခံကြရသည်။

ငွေကြေး၊ စားနပ်ရိက္ခာများကို ယူဆောင်သွားကြသည်။ ကျွဲ၊ နွား၊ ဝက် စသည်တို့ကို သတ်ဖြတ်စားသောက်ကြသည်။ မိန်းမပျိုများကို ဖျက်ဆီးကြသည်။

ရွာသူရွာသားများမှာ သည်းမခံနိုင်လောက်အောင် ဖြစ် နေကြသော်လည်း လက်နက်အင်အားချင်း မတူကြသဖြင့် အား မတန် မာန်လျှော့ကာ အခွင့်ကောင်းကိုသာ စောင့်နေကြရတော့ သည်။

တစ်နေ့တော့ အခွင့်ကောင်းပေါ်လာလေတော့သည်။ ဓားပြဗိုလ်မိုးသီး ခေါင်းဆောင်သော ဓားပြအဖွဲ့သည် စမ်းပဓိ ချောင်းဒေသသို့ ရောက်လာကြပြီး ရွာလူကြီးတစ်ဦးအိမ်သို့ ဝင် ရောက်တည်းခိုကြသည်။

၎င်းတို့စားသောက်လိုသော ထမင်းဟင်း၊ အစားအ သောက်များကို ချက်ပြုတ်ခိုင်းသဖြင့် မချစ်သော်လည်း အောင့် ကာနမ်းဆိုသကဲ့သို့ ချက်ပြုတ်ပေးကြရလေသည်။

စားသောက်ပြီးသောအခါ မိုးသီးကမေးသည်။

"သူကြီး၊ ခင်ဗျားကို ကျုပ်မေးစရာရှိတယ်"

"မေးပါ ဗိုလ်ကြီး"

"ဘဲငါးရာတောင်ရဲ့ လိုဏ်ခေါင်းထဲမှာ ရွှေငွေရတနာ



www.burmeseclassic.com

www.burmeseclassic.com



တွေရှိတယ်ဆိုတာ တကယ်ပဲလား”

“ရှိတယ်လို့ ကြားမိပါတယ် ဗိုလ်ကြီး”

“ခင်ဗျားတို့ ဘာကြောင့်သွားမရှာတာလဲ”

“အဲ့ဒီတောင်က တောစိုးနတ်တွေ စောင့်ရှောက်တဲ့ တောင် ဖြစ်ပါတယ်၊ သားရဲတိရစ္ဆာန်တွေလည်း ပေါလှပါတယ်”

“အဲ့ဒီနေရာကို သိတဲ့လူ ရှိသလား”

ထိုသို့မေးသောအခါ ရွာလူကြီးရော အနားမှာရှိနေသူများပါ ဘာမှပြန်မပြောကြပဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

မိုးသီးက စိတ်မရှည်သော လေသံဖြင့်. . . ၊

“ပြောလေဗျာ. . .”

ဟု အော်မေးလိုက်သောအခါ မနီးမဝေးမှာ ရှိနေသော လူတစ်ယောက်က ထပြောသည်။

“ကျုပ်သိပါတယ်”

“မင်း အဲ့ဒီနေရာရောက်ဖူးသလား”

“ရောက်ဖူးပါတယ်. .”

“ဘာကြောင့် လိုဏ်ခေါင်းထဲက ရတနာတွေကို ဆင်း မယူခဲ့တာလဲ”

“တစ်ယောက်တည်း မဆင်းဝံ့လို့ပါ”

“အဲ့ဒီနေရာကို ငါတို့သွားချင်တယ်၊ မင်းလိုက်ပြပေးမလား”

“ဗိုလ်ကြီးတို့သွားရင် လိုက်ပို့ပေးပါ့မယ်”





ဟု ပြန်ပြောလေသည်။

ထိုသူ၏အမည်မှာ သာမောင်ဖြစ်သည်။

မိုးသီးတို့အဖွဲ့ကို လိုက်ပို့ပေးသောအခါမှာတော့ ငထွန်းဆိုသော အဖော်တစ်ယောက်ကိုပါ ခေါ်သွားလေသည်။

လမ်းရောက်တော့ ငထွန်းက တိုးတိုးမေးသည်။

“မင်းလည်း ဒီအရပ်သားပဲ ဘဲငါးရာတောင်အကြောင်းသည်း သိတန်သလောက်သိပြီးသားပဲ၊ ဘာကြောင့် ဒီလူယုတ်မာတွေကို လမ်းပြပေးရတာလဲ”

“အကြောင်းရှိလို့ပေါ့. .”

သာမောင်က တိုးတိုးပင် ပြန်ပြောလေသည်။

“ဘယ်လိုအကြောင်းမျိုးလဲ ငါ့လည်းပြောပါဦး”

“ဒီလူယုတ်မာတွေက ငါတို့ရွာသူရွာသားတွေကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်လာတာ အတော်ကြာပြီမဟုတ်လား”

ငထွန်းက ခေါင်းညိတ်ပြသည်။

“လက်နက်ချင်းက မတူတော့ သူတို့ကို အံတုလို့မရဘူး၊ ဒါကြောင့် သူတို့နှိပ်စက်တာခံကြရတယ်၊ အခုသူတို့ကို နှိပ်စက်ခဲ့တဲ့သူတွေဆီကို တမင်ခေါ်သွားတာပဲ”

သည်တော့မှ ငထွန်းလည်း သဘောပေါက်သွားလေတော့သည်။

“ဒါပေမယ့် ဟိုနေရာက အန္တရာယ်များတယ်၊ သတိထားပြီး လုပ်ကြရလိမ့်မယ်”

“ဟိုရောက်တော့ မီးစင်ကြည့်ကရမှာပေါ့၊ မင်း ငါ့မှာတဲ့



www.burmeseclassic.com

www.burmeseclassic.com





ခေါင်းအတွင်းမှာရှိသည်ဆိုသော ရတနာများကိုသာ စိတ်ဝင်စားနေကြပြီး အသင့်စောင့်ကြိုနေသော အန္တရာယ်များအကြောင်းကိုတော့ ဘာမှမသိကြပေ။

လိုဏ်ခေါင်း အောက်ခြေရောက်သွားသည်အထိတော့ အန္တရာယ်များနှင့် မတွေ့ရပေ။

တစ်နေရာရောက်တော့ မြေကြွက်ကြီးများထွက်လာသောကြောင့် သေနတ်များဖြင့် ပတ်ခတ်ကြရသေးသည်။

ထိုနေရာမှ ကျော်သွားတော့ လေမရနိုင်တော့သော လေဟာနယ်သို့ ရောက်သွားကြသည်။

အထဲသို့ အတော်ရောက်မှ ထိုနေရာမှာအသက်ရှူရန် လေမရနိုင်သော နေရာဖြစ်မှန်း သိကြရတော့သည်။

သို့ကြောင့် နောက်ကြောင်းပြန်လှည့်ရန် ကြိုးစားကြသော်လည်း မရတော့ပေ။

ရေတွင်းပျက်ထဲဆင်းသွားပြီး လေမရသောအခါ ချက်ချင်းသတိလစ်သွားသကဲ့သို့ဖြစ်ကာ တစ်ယောက်ပြီးတစ်ယောက် နေရာမှာတင် လဲကျသွားကြလေတော့သည်။

ရေထဲမှငါးကို ကုန်းပေါ်တင်လိုက်သောအခါ ဟာစိဟာစိဖြစ်နေဖြစ်နေပြီး သေရသကဲ့သို့ဖြစ်တော့သည်။

ထိုအခါ လမ်းပြလိုက်လာသော ဒေသခံနှစ်ယောက်တို့မှာ လွယ်အိတ်ထဲမှာ သည်ယူလာသော ပစ္စည်းနှစ်ခုကို ထုတ်ယူပြီးနှာခေါင်းမှာ တပ်ဆင်လိုက်ကြလေသည်။

ခေတ်မီအသက်ရှူကိရိယာတစ်ခုခုတော့ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ငါးစည်ပေါင်းအတွင်းသို့ လေထည့်ပြီး အပေါက်မှ စည်းထားရာ ပူစီပေါင်းကဲ့သို့ ဖြစ်နေလေသည်။

ထိုငါးစီပေါင်းထဲမှာရှိသောလေမှာ မများလှသော်လည်း အပြင်ပြန်ရောက်သည်အထိတော့ လုံလောက်မှုရှိလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် ထိုတစ်နယ်လုံးကို ဒုက္ခပေးနေသော ဓားပြတစ်ဖွဲ့လုံး ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေရာ နယ်သူနယ်သားတို့မှာ အေးချမ်းစွာ နေထိုင်ကြရလေတော့သည်။

ထိုအခါမှာ ရွာလူကြီးမှာ သာမောင်၏အကြံအစည်ကို သဘောပေါက်သွားပြီး များစွာချီးကျူးမှုများ ပြုလုပ်လေသည်။

"အကြံကောင်းတော့တစ်ချက်ဆိုတာ တယ်လည်း မှန်တာပဲ၊ တစ်ယောက်အကြံကောင်းလိုက်တာ ငါတို့တစ်နယ်လုံးကို အမျိုးမျိုး နှိပ်စက်နေတဲ့ ဓားပြတစ်ဖွဲ့လုံး ပြုတ်ပြုတ်ပြုန်းသွားတော့တာပဲ၊ အခုမှ ဟန်ကျပေတော့တယ်၊ ဒါပေမယ့် မင်းတို့ ဒီအကြောင်းတွေကိုတော့ ဘယ်သူမှ မသိကြစေနဲ့နော်"

"စိတ်ချပါ. . ."

သာမောင်နှင့် ငထွန်းတို့နှစ်ယောက်ကတော့ ၄င်းတို့ အသက်ကို ကယ်ပေးခဲ့သော ငါးစည်ပေါင်းနှစ်ခုကို အမှတ်တရ အဖြစ် သိမ်းထားကြလေသည်။









အခန်း ( ၃ )

# ကျိန်စာသင့်နေသော ရတနာများ

ဘဲငါးရာတောင်ဟုခေါ်သော တောင်မှာ နှစ်လုံးရှိသည်။ တောင်နှစ်လုံးမှာ တောင်နှင့်မြောက် ယှဉ်လျှက်ထား၍ရှိနေသည်။ မြောက်ဘက်မှာရှိသောတောင်က ညီမတောင်ဖြစ်ပြီး တောင်ဘက်မှာရှိသောတောင်က အစ်မတောင်ပင်ဖြစ်သည်။

တောင်ဘက်၌ရှိသော အစ်မတောင်က မူလဘဲငါးရာတောင်ပင်ဖြစ်ပြီး မြောက်ဘက်မှာရှိသော တောင်ကိုတော့ ဘဲငါးရာ ညီမတောင်ဟု ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်နှစ်လုံးကြားတွင် နက်ရှိုင်းသော ချောင်းကမ်းပါးကြီး ခြားနေလေသည်။

ထိုအောက်ခြေမှာတော့ အရှေ့နှင့်အနောက် စီးဆင်းနေသော ချောင်းတစ်ချောင်းလည်းရှိသည်။ ထိုချောင်းကိုလည်း ဘဲငါးရာချောင်းဟုပင် ခေါ်ကြသည်။

ရှေးအခါကပင် ထိုချောင်းတစ်ဝိုက်မှာ တောကောင်ကြီးများနှင့် သားရဲတိရစ္ဆာန်တို့ များစွာပေါလှသည်။

ထိုနေရာဘက်သို့ ရောက်လာသော အမဲလိုက်မုဆိုးများပင် သတိကြီးစွာ ထားကြရသည်။

အများအားဖြင့် တောတောင်ထူထပ်လှပြီး၊ လူသူအ ရောက်အပေါက်နည်းသော ထိုအရပ်ဒေသတွင် လူကိုအန္တရာယ် အပေးဆုံး သတ္တဝါမှာ ကိုးတောင်ကျားကြီးများပင် ဖြစ်သည်။ ကိုးတောင်ကျားများမှာ အိမ်မှာမွေးထားသော ကြောင်များပမာ နေရာအနှံ့တွင် တွေ့ရလေ့ရှိသည်။

အခြားဝက်ဝံ၊ မျောက်ဝံ၊ ကျားသစ်၊ မြွေစသော သတ္တဝါ များရှိသည် ဆိုငြားသော်လည်း တစ်ခါတစ်လေမှသာ တွေ့ကြ သည်။

ဘဲငါးရာ ညီမတောင်၏ မြောက်ဘက်မှာတော့ ရွာတ ရွာရှိသည်။ ပြိုင်းကုန်းရွာပင်ဖြစ်သည်။

ပြိုင်းကုန်ရွာမှာ အိမ်ခြေအတော်များပြီး ရွာလူကြီးအုပ် ချုပ်သော ရွာကြီးတစ်ရွာဖြစ်သည်။

အိမ်ခြေ(၅၀)ကျော်ခန့်ရှိပြီး သက်၊ ရခိုင်၊ ခမီး၊ မြို နှင့်





အခြားတိုင်းရင်းသားများ နေထိုင်ကြသည်။

သက်မျိုးနွယ်များမှာ သီးခြားရွာတည်ထောင်ပြီ နေကြသည်မျိုး ရှိသော်လည်း အတော်နည်းသည်။

သက်ထောင်ဘက်တွင် ရွာတည်ပြီး တစုတဝေးနေကြသည်မှလွဲပြီး အခြားအရပ်ဒေသများမှာတော့ အခြားတိုင်းရင်းသားတို့နှင့်သာ ရောနှောနေထိုင်ကြသည်။

သက်မျိုးနွယ်များကို ကျောက်တော်မြို့နယ်၊ ရသေ့တောင်မြို့နယ်များ ချောင်းဒေသ၊ ဘူးသီးတောင်မြို့နယ်၊ မောင်းတောမြို့နယ်များ၌ တွေ့ရနိုင်သည်။

ထိုရွာတွင် အခြားတိုင်းရင်းသားများရှိကြသည် ဆိုသော်လည်း သက်မျိုးနွယ်က ပိုများလေသည်။ သို့ကြောင့် သက်ရွာဟုပင် ခေါ်ဝေါ်ကြခြင်းဖြစ်လေ သည်။ ထိုရွာကို အုပ်ချုပ်နေသူမှာ သက်လူမျိုးတစ်ဦးဖြစ်ပြီး နာမည်မှာ 'ဇမုန်းထန်' ဖြစ်သည်။

ဇမုန်းထန်သည် အသက်(၅၀)ကျော်ခန့်ရှိပြီး ရှေးဟောင်းအယူအဆများနှင့် ဓလေ့ထုံးစံတို့ကို များစွာလေးစားလိုက်နာသူတစ်ဦးဖြစ်သည်။

သက်မျိုးနွယ်ဝင်များမှာ အယူအဆစွဲ တစ်ခုရှိသည်။

အခြားမဟုတ်ပေ။

ဘဲငါးရာတောင်ထိပ်ပေါ်မှာ ယာယီနန်းစိုက်ပြီး နေသွားခဲ့သော "ဝေတုံရာဇာ"ဟုခေါ်သော "သက်မင်းဝေအောင်လာ"နှင့် မျိုးရိုးအစဉ်အဆက်ရှိသူများဟု ထင်မြင်ယူဆနေကြခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုလျှင် ဝေအောင်လာသည် သက်မျိုးနွယ်



www.burmeseclassic.com

www.burmeseclassic.com



မှ ဆင်းသက်လာသော သက်မင်းတစ်ပါး ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။

သို့ကြောင့် 'သက်မင်း ငအောင်လာ' ဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ပေသည်။

သက်မင်းငအောင်လာသည် သက်မင်းတစ်ပါးဖြစ်ပြီး ဝေသာလီပြည် ထီးနန်းကို နောက်ဆုံးစိုးစံသွားခဲ့သော သက်မင်းတစ်ပါးလည်းဖြစ်ပေသည်။

ရခိုင်ရာဇဝင်များတွင် ရှင်ဘုရင်မင်းဆက်ပေါင်း (၂၄၆) ဆက်ရှိကြောင်း ဖော်ပြထားကာ ထိုရခိုင်မင်းဆက်များထဲတွင် မြို့ရှင်ဘုရင် (၃)ဆက်နှင့် သက်ရှင်ဘုရင် (၄)ဆက်လည်းအပါအဝင်ဖြစ်ပေသည်။

ဒွင်စန္ဒြမင်းဆက် အေဒီ (၃၁၇)ခုနှစ်တွင် ဝေသာလီကျောက်လှေခါးမြို့ကို တည်ထားစိုးစံတော်မူသည်။

ဒွင်စန္ဒြမင်းဆက် (၁၃)ဆက်မှာ နောက်ဆုံးဘုရင်အဖြစ် စိုးစံခဲ့သူမှာ ငတုံရာဇာ (ခ) သက်မင်းငအောင်လာ (ခေါ်) စောရွှေလူးမင်းပင်ဖြစ်သည်။

သက်မင်းငအောင်လာသည် ဝေသာလီပြည်ကိုသိမ်းပိုက်အုပ်ချုပ်နေစဉ် ပညာရှိများက ဝေသာလီပြည်၏ စဉ်းလာဒ်ကိန်းနက္ခတ်တို့ ချုပ်ငြိမ်းတော့မည်ကို မြင်သဖြင့် ထီးနန်းရွှေ့ပြောင်းစံမြန်းရန် လျှောက်ထားကြလေသည်။

သို့ကြောင့် သက်မင်းငအောင်လာသည် ဝေသာလီထီးနန်းကိုဖျက်ကာ တောင်ဘက်၌ရှိသော စမ္ပဝတ်အရပ်၌ မြို့တည်ကာ ထီးနန်းစိုးစံလေသည်။

ထိုသို့ စိုးစံနေစဉ် မဟာဝိရမင်းမှ စစ်သည်ဗိုလ်ပါ အလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ရာ မခံနိုင်တော့သဖြင့် ထိုအရပ်မှ စွန့်ခွာထွက်ပြေးရလေသည်။

သက်မင်းငအောင်လာသည် နန်းတွင်းရတနာ အမြောက်အများကိုယူဆောင်၍ မိဖုရား၊ နောက်ပါ အခြွေအရံများကိုပါ တပါတည်းခေါ်ဆောင်ကာ တိမ်းရှောင်ခဲ့လေသည်။

၎င်းတို့သည် အနောက်ဘက်အရပ်၌ရှိသော ကစ္ဆပနဒီမြစ်၏ မြစ်လက်တက်၌ပါဝင်သော ခမ်းပတီ (ခမ်းမတွ)ချောင်းများသို့ ရောက်သောအခါ ထိုနေရာမှာပင် မြို့ရွာတည်ထောင်ပြီး နေရန် ဆုံးဖြတ်ကြသည်။

သက်မင်းငအောင်လာကတော့ ဘဲငါးရာတောင်ထိပ်တွင် နန်းတော်ဆောက်လုပ်ကာ စံမြန်းလေသည်။

၎င်းတို့လာရောက်နေထိုင်စဉ်က ဘဲငါးရာတောင်ဟူသော အမည်မပေါ်ပေါက်သေးဘဲ ဒေဝဂန္ဓရီတောင်ဟူသော အမည်ပင် ရှိသေးသည်။

အဓိပ္ပါယ်ကတော့ 'နတ်တို့လှည့်လည်စောင့်ရှောက်နေသောတောင်' ပင်ဖြစ်ပေသည်။

သက်မင်းငအောင်လာတို့ ထိုနေရာတွင် လာရောက်၍ ထီးနန်းစိုက်သောအခါ နတ်ဒေဝများက ကူညီစောင့်ရှောက်ပေးကြသည်။

ရတနာများ သိုဝှက်ရန် ကျောက်လိုဏ်ခေါင်းရှိသော







www.burmeseclassic.com

www.burmeseclassic.com



နေရာကိုလည်း ပြသပေးခဲ့ကြသည်။

သက်မင်းငအောင်လာသည် ပါလာသော နန်းတွင်း ရတနာများကို ကျောက်လိုဏ်ခေါင်းအတွင်း၌ သိုဝှက်ပြီးနောက် စကြာမအတတ်ပညာဖြင့် စီရင်အပ်သော လေဟာနယ်များနှင့် ထောင်ချောက်များကိုလည်း တပ်ဆင်ထားခဲ့လေသည်။

ကျောက်လိုဏ်ခေါင်းထဲသို့ ဝင်သောလမ်းမှာ နှစ်လမ်း ရှိလေသည်။

တစ်လမ်းက ကျောက်လိုဏ်ခေါင်းဝင်ပေါက်မှ ဝင်သောလမ်းဖြစ်ပြီး၊ ကျန်တစ်လမ်းက တောင်ကြားဘက် တစ်နေရာ၌ရှိသော လျှို့ဝှက်လမ်းပင်ဖြစ်လေသည်။

လျှို့ဝှက်လမ်းကတော့ သာမန်လူတို့ ရှာမတွေ့နိုင်အောင် လျှို့ဝှက်ထားခဲ့သောကြောင့် မတွေ့နိုင်တော့ပေ။

သို့သော် သက်မျိုးနွယ်စုများထဲမှ ထိုလျှို့ဝှက်ချက်ကို သိသောသူများရှိသည်။

ကျောက်လိုဏ်ခေါင်းပေါက်ဝရှိသောနေရာမှာ ဘဲဝါးရာတောင်ပေါ်မှာရှိသော နန်းတော်ရာ၏ အနောက်တောင်ထောင့်တွင်ဖြစ်ပြီး လျှို့ဝှက်လမ်းရှိသော နေရာကတော့ အရှေ့ဘက်တောင်ကြား တစ်နေရာ၌ရှိလေသည်။

ထိုနေရာနှင့်ပတ်သက်ပြီး စာချိုးတစ်ခုလည်းရှိသည်၊ ထိုစာချိုးမှာ ရတနာသိုက်နှင့် ပတ်သက်သည့် မြေပုံစာညွှန်းဖြစ်မည်ဟု လက်ခံယုံကြည်ထားကြသဖြင့် သက်မျိုးနွယ်များက အစဉ်အဆက် သိမ်းဆည်းထားခဲ့ကြသည်။





သက်မင်းငအောင်လာသည် နေရာသစ်တွင် ထီးနန်းအသစ်တည်ထောင်ကာ စိုးစံနေသည်ကို သတင်းကြားသော မဟာဝီရမင်းကြီးသည် လူအင်အား လက်နက်အင်အား စုဆောင်းကာ အေဒီ (၃၄၂)ခုနှစ်တွင် ချီတက်တော်မူပြန်လေသည်။

မဟာဝီရမင်းကြီး လက်နက်ဗိုလ်ပါအင်အားများစွာဖြင့် ချီတက်လာပြီဟု သတင်းကြားသောအခါ သက်မင်းငအောင်လာသည် ဒေဝဂန္ဓာရီတောင်ထိပ်ပေါ်မှာ တည်ထားသော နန်းတော်ကို အစဖျောက်ပြီး ယခု ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းမှာရှိသော သက်တောင်၊ ဖလံတောင်၊ မြို့တောင်၊ ဗိုလ်မင်းတောင်အရပ်ဒေသအရပ်များသို့ ထွက်ပြေးတိမ်းရှောင်ရင်းမှပင် နတ်ရွာစံသွားခဲ့ရပေသည်။

မဟာဝီရမင်းကြီးနှင့် နောက်လိုက်နောက်ပါတို့လည်း သက်မင်းငအောင်လာနှင့်အတူ ပါသွားသည့် မြောက်များလှစွာသော နန်းစဉ်ရတနာများ ထိုတောင်ပေါ်တွင် ကျန်ခဲ့သည်ကို သတင်းကြားသဖြင့် နေရာမလပ် လိုက်လံရှာဖွေကြလေသည်။

သို့သော် ရွှေငွေ ရတနာများကို အစအနမျှပင် မတွေ့ရပဲ ညီညာလှသော တောင်ထိပ်မျက်နှာပေါ်တွင် ထူးဆန်းလှသော ဘဲခြေရာများကိုသာ တွေ့ကြရလေသည်။

ဘဲသည် ရေရှိသော မြစ်ချောင်းအင်းအိုင်၌သာ နေလေ့ရှိသည့် သတ္တဝါမျိုးဖြစ်ရာ ရေမရှိသော တောင်ထိပ်ပေါ်သို့ ဘယ်ပုံဘယ်နည်း ရောက်နေကြသည်ကိုတော့ သူတို့မသိကြ

www.burmeseclassic.com

www.burmeseclassic.com



ပေ. . .။

အချို့လည်း ရတနာများရှိလောက်သည်အထင်နှင့် လိုဏ်ခေါင်းအတွင်းသို့ ဝင်ရောက်ရှာဖွေကြသည်။

ထိုသို့ရှာဖွေရင်းနှင့် လိုဏ်ခေါင်းအတွင်းမှ ထူးထူးဆန်းဆန်း ဘဲအော်သံများ ကြားကြရသဖြင့် ထိုအသံကြားရာဘက်သို့ လိုက်ရှာရင်းမှပင် အသက်ရှူကျပ်ကာ သေကြရသည်။

နောက်တော့ မဟာဝီရမင်းနှင့် နောက်လိုက်နောက်ပါများမှာ လက်လျှော့ပြီး ပြန်သွားကြလေတော့သည်။

နောက်ပိုင်းမှာလည်း ထိုရတနာများရှိနေသော သတင်းကြားသဖြင့် လောဘသားအတော်များများ တက်ရောက်ရှာဖွေခဲ့ကြသည်။

အချို့မှာ ငှက်ဖျားရောဂါဖြင့် သေကြသည်။

အချို့က သားရဲတိရစ္ဆာန်များနှင့်တွေ့ကာ သေကြရသည်။ အချို့ကျတော့လည်း လိုဏ်ခေါင်းထဲရောက်ခဲ့ပြီး ထောင်ချောက်များကြောင့် သော်လည်းကောင်း၊ အသက်မရှူနိုင်ဖြစ်ကြ၍သော်လည်းကောင်း သေဆုံးခဲ့ကြရလေသည်။

လူအတော်များများကတော့ အန္တရာယ်များနှင့်တွေ့ကာနီးအချိန်ရောက်လာပါက ဆူဆူညံညံဖြင့် ဘဲအော်သံများကို ကြားကြရခြင်း၊

ထို့ပြင် ရာပေါင်းများစွာသော ဘဲအုပ်ကြီးကိုတွေ့မြင်ရခြင်းစသော အတိတ်နိမိတ်တို့ကို တွေ့မြင်ရလေသည်။

ထိုရတနာများမှာ သက်မင်းငအောင်က ကျိန်စာဆိုပြီး





ထားခဲ့သောကြောင့် ရှာဖွေသူတိုင်း အန္တရာယ်နှင့် တွေ့ရသည်ဟုလည်း ယုံကြည်မှုရှိကြသည်။

သက်မင်းငအောင်လာသည့် ငှင်းသို့ဝှက်မြှုပ်နှံထားခဲ့သော ရတနာများမှာ သက်မျိုးနွယ်စုများ ဘိုးဘွားဘီဘင် အဆက်ဆက် စားရရုံယူစေ၊ လှူဒါန်းနိုင်လောက်ရုံသာယူစေ. .၊

လောဘဖြင့် တစ်ကိုယ်ကောင်းဆန်စွာ အမြောက်အများမယူရ၊ ယူခဲ့သော် အန္တရာယ်နှင့် တွေ့ကြစေ. . ."

ဟူသော ကျိန်စာကို နတ်ရွာစံကံတော်ကုန်ကာနီးတွင်ထားခဲ့သဖြင့် လောဘဖြင့် ရှာဖွေယူငင်၍ မရနိုင်ခြင်းဖြစ်ကြောင်း သက်မျိုးနွယ်စုများ အပါအဝင် ဒေသခံအတော်များများက ယုံကြည်ထားကြသည်။

ထိုရတနာများကို သက်မျိုးနွယ်စုများမှလွဲပြီး အခြားသူမယူကြရပေ။

ယူခဲ့သော် ဘေးအန္တရာယ်နှင့်တွေ့ကာ အသက်ဆုံးရှုံးကြရပေမည်။

သက်မျိုးနွယ်စုများပင်ဖြစ်စေ လှူလောက်ရုံ၊ စားလောက်ရုံမယူဘဲ နောက်လာနောက်သားများအတွက် မချန်ဘဲ အမြောက်အများယူမိပါက ဘေးအန္တရာယ်နှင့်တွေ့ကာ အသက်သေဆုံးကြရပေမည်။

ရှေ့အခန်းများတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း သက်မျိုးနွယ်ဝင်နှစ်ယောက်တို့သည် လို့ဝှက်လမ်းမှ ဂူအတွင်းသို့ဝင်ကာ ရတနာပစ္စည်းအမြောက်အများကို သေတ္တာဖြင့် ထည့်

www.burmeseclassic.com



ကာ ယူဆောင်ထွက်ပြေးကြသည်။

သို့သော် လမ်းမှာပင် အင်္ဂလိပ်စစ်သားများနှင့်တွေ့ကာ သတ်ဖြတ်ခြင်းခံရသဖြင့် အသက်သေဆုံးခဲ့ကြသည်။

အင်္ဂလိပ်စစ်သားများလည်း ထိုရတနာများကို ယူသွားခွင့်မရဘဲ တစ်နေရာမှာပင် ဝှက်ထားခဲ့ရသည်။

သို့ကြောင့်ရတနာများမှာ ကျိန်စာသင့်နေသော ရတနာများဟု သတ်မှတ်ယုံကြည်ထားကြခြင်းဖြစ်သည်။

ထို့ပြင် . . သက်မျိုးနွယ်စုများသည် သက်မင်းငအောင်လာ သိုဝှက်မြှုပ်နှံထားခဲ့သော ရတနာများမှာ ၎င်းတို့ သက်မျိုးနွယ်တို့၏ ဘိုးဘွားဘီဘင်အဆက်ဆက် ပိုင်ဆိုင်ခွင့်ရထားသော ပစ္စည်းများဖြစ်သည်ဟု လက်ခံယုံကြည်ထားကြလေသည်။

သက်မျိုးနွယ်ဝင်တို့တွင် ရှေးအစဉ်အဆက်ကပင် ရွတ်ဆိုလေ့ရှိသော စာချိုးများရှိသည်။

"ဘဲငါးရာတောင် လိုဏ်ခေါင်း၊
ရတနာဆယ်မောင်း၊ ရွှေဆယ်မောင်း၊
နှောင်းလူကျော်သွား၊ နောင်လူစား. . ."
"ဘဲငါးရာကမ်းထိပ် ၊ အရိပ်မထိုး၊
ပြိုင်းအမျိုး၊ ဘိုးဘွားအမွေ ဆက်ခံလေ. . ."
. . . ဟူသော စာနှစ်ပိုဒ်ပင်ဖြစ်သည်။

ထိုစာပိုဒ်နှစ်ခုမှာ ရတနာလမ်းညွှန်မြေပုံအညွှန်း အဖြစ် သက်လူမျိုးတိုင်း သိကြလေသည်။

ထိုစာများအတိုင်းဆိုပါက ဘဲငါးရာတောင် လိုဏ်ခေါင်း





အတွင်းမှာ ရွှေ၊ ငွေ ၊ ပတ္တမြား၊ ကျောက်မျက်ရတနာ နန်းစဉ်ရတနာများ ဆယ်မောင်းခန့်ရှိမည်ဟု ခန့်မှန်းကြလေသည်။

'တစ်မောင်း' ဟူသောအရေအတွက်မှာ ပိဿာတစ်ရာရှိသည်။ ဆယ်မောင်းဆိုသောအရေအတွက်မှာ ပိဿာချိန်ပေါင်း တစ်ထောင်ခန့်ရှိသည်ဟု ဖော်ပြထားခြင်းဖြစ်သည်။ ရွှေမှာလည်း ဆယ်မောင်းပင်ရှိရာ ရွှေပိဿာချိန်ပေါင်း တစ်ထောင်ခန့်ပင်ရှိပေလိမ့်မည်. . ။

ထိုစာအညွှန်းကို သိသောသူတိုင်း ကျောက်လိုဏ်ဂူခေါင်းတွင်းမှာရှိသော ရတနာများ၊ ရွှေများကို စိတ်ဝင်စားကြသည်။ ထို့ကြောင့်လည်း နည်းအမျိုးမျိုးနှင့် သွားရောက် ရှာဖွေကြခြင်းဖြစ်သည်။

သို့သော်လည်း အင်္ဂလိပ်များနှင့်တွေ့ပြီး အသတ်ခံခဲ့ရသော သက်မျိုးနွယ်ဝင်နှစ်ယောက်မှလွဲပြီး အခြားရှာဖွေသူများကတော့ ရတနာပစ္စည်းများရခဲ့သည်တော့ မရှိသေးပေ။ ထိုကဲ့သို့မရသေးသော်လည်း သက်မျိုးနွယ်ဝင်နှစ်ယောက် လိုဏ်ခေါင်းအတွင်းမှ ရတနာများ သေတ္တာတစ်လုံးစာ သယ်ယူလာသည်ဆိုသောသတင်းက ထိုအရပ်ဒေသမှာနေကြသူတိုင်း သိကြသဖြင့် စိတ်ဝင်စားကြလေသည်။

ပြိုင်းကုန်းရွာမှာ နေကြသောသူများထဲတွင် သက်မျိုးနွယ်ဝင်တို့ကများလေသည်။

အခြား ရခိုင်၊ ခမီးနှင့် မြို့တိုင်းရင်းသား မျိုးနွယ်စုများရှိကြသည်ဆိုသော်လည်း အနည်းငယ်လောက်သာ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီး ဖမုန်းထန်ကိုယ်တိုင် သက်မျိုးနွယ်ဝင် တစ်ဦးဖြစ်သောကြောင့် ဘဲငါးရာတောင်မှ ရတနာများနှင့် ပတ်သက်လျှင် များစွာအလေးထားသူဖြစ်သည်။

၎င်းတို့မျိုးနွယ်စုများကိုလည်း မှာထားသည်။

"ငါတို့ရဲ့ သက်မင်းငအောင်လာ မြှုပ်ထားခဲ့တဲ့ သက်မျိုးနွယ်စုတွေ ဘိုးဘေးဘီဘင်ကတည်းက ငါတို့လက်ထက်အထိ စားသောက်ဖို့ထားခဲ့တာပဲ"

"ဟုတ်ပါတယ်. ."

"ငါတို့လက်ထက်ကနေပြီး နောင်လာနောက်သား၊ သားစဉ်မြေးဆက်အထိ အရှည်တည်တံ့အောင် ထိမ်းသိမ်းစောင့်ရှောက်သွားကြရမယ်၊ ဒါကြောင့် ဒီရတနာပစ္စည်းတွေကို ယူဖို့လာတဲ့သူဟာ ငါတို့ရဲ့ ရန်သူပဲ၊ ဒါကို ငါတို့မျိုးနွယ်ဝင်တွေက အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပေးကြရမယ်"

"စိတ်ချပါသူကြီး၊ ကျုပ်တို့အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပေးပါမယ်"


ဟုပြောကြလေသည်။

ထို့ကြောင့်လည်း ရွာလူကြီးဖမုန်းထန်မှာ များစွာကျေနပ်သော အမူအရာဖြင့် ဦးခေါင်းတဆတ်ဆတ် ညိတ်နေလေတော့သည်။









အခန်း ( ၄ )

# ဘဲယောင်ဆောင်လာသောကျား

အချိန်ကာလမှာ (၁၉၄၅)ခုနှစ် ဝန်းကျင်ကာလဖြစ်သည်။ ထိုကာလမှာ မြန်မာနိုင်ငံလုံး စစ်ဘေးစစ်ဒဏ်များသင့်နေသော အချိန်ကာလလည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံကို သုံးနှစ်သုံးမိုး အုပ်ချုပ်ခဲ့သော ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ပြေးရပြီး နှစ်ပေါင်းတစ်ရာကျော်မျှ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသော အင်္ဂလိပ်များ တစ်ကျော့ပြန်ဝင်လာသော အချိန်ကာလ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်များကလည်း 'မစားရသည့်အမဲ သဲနှင့်ပက်' ဆိုသကဲ့သို့ ၎င်းတို့ လက်လွှတ်ပေးရတော့မည်ကို သိသောကြောင့် မြန်မာတစ်နိုင်ငံလုံးကို စေ့စေ့ညက်ညက်ကြေအောင် ဖျက်ဆီးသွားကြလေသည်။

၎င်းတို့ဆုတ်ခွာရာလမ်းတစ်လျှောက်မှာရှိသော မြို့များကျေးရွာများကိုလည်း ရစရာမရှိအောင် ဖျက်ဆီးသွားကြလေသည်။

လူများတွေ့လျှင်သတ်၊ ယောကျ်ားဆိုလျှင် ချွေးတပ်သားအဖြစ်ခေါ်သွားပြီး၊ မိန်းမများတွေ့လျှင် ဖျက်ဆီးသွားကြသည်။

ကျွဲ နွား ဝက်စသော တိရစ္ဆာန်များမှအစ ကြက်ဘဲစသော အကောင်ငယ်ကလေးများမကျန် တွေ့သည်နှင့် ဖမ်းဆီးသတ်ဖြတ်ကာ စားသောက်ကြသည်။

ပစ္စည်းတွေ့လျှင်လည်း ယူငင်သွားကြလေသည်။

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်းမှ ဆုတ်ခွာထွက်ပြေးလာသော ဂျပန်စစ်တပ်တစ်တပ်သည် ရခိုင်ပြည်နယ်ဘက်သို့ ရောက်လာကြလေသည်။

၎င်းတို့နှင့်အတူ ချွေးတပ်ဆွဲခေါ်လာသူ (၁၀)ယောက်ခန့်လည်း ပါလာကြသည်။

ထိုချွေးတပ်သားများထဲတွင် နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်လည်း ပါလာကြသည်။

၎င်းတို့သုံးယောက်မှာ တောထဲဝင်၍ သစ်တောထွက်





ပစ္စည်းများ ဝင်ရောက်ရှာဖွေရင်းမှ မမျှော်လင့်ဘဲ ဂျပန်စစ်တပ်များနှင့် ပက်ပင်းတိုးပြီး ဖမ်းဆီးခေါ်ဆောင်လာခြင်း ခံရသူများဖြစ်ပေသည်။

၎င်းတို့ သုံးယောက်သည် မဟာမြိုင်သစ်တောစပ်မှာရှိသော တောင်ညိုရွာသားများဖြစ်ကြပြီး သစ်တောထွက်ပစ္စည်းများကို ရှာဖွေရောင်းချခြင်းဖြင့် လုပ်ကိုင်စားသောက်နေကြသူများဖြစ်သည်။

တစ်နေ့တော့ သစ်တောတွင်းမှာ ပျားလိုက်နေရင်းမှာ မမျှော်လင့်ဘဲ ဂျပန်စစ်တပ်နှင့် ပက်ပင်းတိုးကာ အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ဂျပန်စစ်သားများမှာ မြန်မာပြည်အလယ်ပိုင်းဘက်မှ တိမ်းရှောင်လာသူများဖြစ်ပြီး (၂၅)ယောက်ခန့်ရှိသည်။

၎င်းတို့နှင့်အတူ စကားပြန်တစ်ယောက်လည်း ပါလာလေသည်။ စကားပြန်၏အမည်မှာ သန်းဖေဖြစ်သည်။

ဂျပန်းစစ်သားများမှာ ကျည်ဆံသေတ္တာ၊ လက်နက်ခဲယမ်းစသော လေးလံသည့်ပစ္စည်းများ ထည့်ထားသော သေတ္တာများကို ဖမ်းဆီးခေါ်ဆောင်လာသော ချွေးတပ်သားတို့ကို ထမ်းစေသည်။

လေးလံလှသော ပစ္စည်းများဖြစ်သောကြောင့် မြေပြန့်ခရီး သွားရလျှင် မထောင်းသာသော်လည်း တောင်တက်ခရီးများ တက်ရလျှင်တော့ များစွာပင်ပန်းလှသည်။

မတ်စောက်သော တောင်တက်ခရီးမှာ လူအလွတ်



www.burmeseclassic.com

www.burmeseclassic.com



တက်လျှင်ပင် များစွာမသက်သာပဲရှိလေရာ လေးလံလှသော ကျည်ဆံသေတ္တာလိုမျိုး ထမ်းတက်ရလျှင်တော့ ဆိုဖွယ်ရာမရှိတော့ပေ။

သို့သော် နားနေ၍လည်း မရပေ. . .။

မောဟိုက်ပင်ပန်းပြီး နေးကွေးနေလျှင် တုတ်ဖြင့်ရိုက်၊ ခြေထောက်နှင့်ကန်၊ သေနတ်ဒင်ဖြင့် ထုခြင်းများဖြင့် မညှာမတာ နှိပ်စက်ကြသေးသည်။

လူငယ်လူရွယ်များမှာ တောင့်ခံနိုင်သေးသော်လည်း အသက်အရွယ်ကြီးသော လူကြီးများကတော့ အတော်ကလေး ခံကြရသည်။ ခွေးတပ်သား (၁၀)ယောက်ထဲတွင် အသက်(၅၀) ကျော်အရွယ်ရှိနေသူ နှစ်ယောက်သုံးယောက် ပါလာကြသည်။

ထိုအထဲတွင် ဦးဗန်ကောင်းလည်း ပါဝင်လေသည်။ ဦးဗန်ကောင်းမှာ အသက်(၅၀)ကျော်အရွယ် ရှိနေပြီဖြစ်သော်လည်း ခန္ဓာကိုယ်ကြံ့ခိုင်သူတစ်ဦး ဖြစ်လေသည်။ တောတွင်းတစ်နေရာမှာ နားကြသောအခါ နီမောင်က မေးသည်။

"အဘက ဘယ်လိုကနေဘယ်လို ပါလာတာလဲ"

"ငါက ဆေးဆရာ၊ အကြောပြင်တဲ့ ဆရာတစ်ယောက်ပါကွာ၊ ဆေးကုပြီးပြန်လာတုန်းမှာ ငပုတွေနဲ့တွေ့ပြီး အခုလိုပါလာတာပါပဲ"

ဟု အေးအေးဆေးဆေး ပြန်ပြောလေသည်။

"စိတ်မကောင်းစရာပဲ. . ."

"ဘာများ စိတ်မကောင်းစရာရှိလို့လဲကွာ၊ ငါတို့နှိပ်စက်





ခံနေရတာ ဘာဟုတ်သေးလို့လဲ၊ တစ်ပြည်လုံးမှာရှိတဲ့ လူတွေသည်း ဒီထက်တောင် အနှိပ်စက်ခံနေရသေးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

နီမောင်က ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ကိုယ်ဒုက္ခရောက်နေတဲ့အချိန်မှာ ကိုယ့်ထက်ပိုပြီး ဒုက္ခခံနေရတဲ့သူတွေကိုကြည့်ပြီး စိတ်ဖြေရင် တစ်ဝက်တော့ စိတ်သက်သာရာရစေတာပေါ့. ."

"ဘယ်လိုဖြေတာလဲအဘ"

"တုတ်နဲ့အရိုက်ခံနေရရင်. . ဓားခုတ်ခံရတဲ့ သူတွေလောက် မခံရသေးပါလားလို့ စိတ်ဖြေလိုက်ပေါ့. .၊ တကယ်လို့ဓားနဲ့အခုတ်ခံရတော့လည်း သေနတ်နဲ့ပစ်သလို ချက်ချင်းမှ သေသေးတာလို့ စိတ်ဖြေလိုက်ပေါ့၊ အခု ငါတို့ဘဝက သေမှ သေသေးတာ"

"ဟုတ်တော့ဟုတ်ပါတယ်"

"တစ်ပြည်လုံးမှာ အင်္ဂလိပ်ကနှိပ်စက်လိုက်၊ ဂျပန်က စက်လိုက်နဲ့ သေတဲ့လူတွေလည်း မရေတွက်နိုင်ဘူး၊ မိတကွဲ ကွဲ နေရတဲ့သူတွေလည်း မနည်းဘူး၊ ဘဝပျက်ခဲ့ရတဲ့ မိန်း လေးတွေလည်း နည်းကြတာမှ မဟုတ်တာကွာ. ."

"အမှန်ပါပဲ. . ."

"ငါတို့အဖြစ်က အဲ့ဒီလောက်မှ အခြေအနေဆိုးသေး မှ မဟုတ်တာ၊ အဖမ်းခံရခြင်းဟာ လွတ်မြောက်ခြင်းရဲ့အစ အကျဉ်းသားဘဝရောက်နေရပြီးမှတော့ နောက်ထပ် အဖမ်းခံ



www.burmeseclassic.com

www.burmeseclassic.com



ရဖို့ မရှိတော့ဘူး၊ လွတ်ဖို့ပဲရှိတော့တယ်. . ”

ဦးဗန်ကောင်းစကား ကြားသောအခါ နီမောင်တို့ သုံး ယောက်စလုံး စိတ်ထဲမှာ အားရှိလာသလို ခံစားကြရလေသည်။

“အင်း. . ဒါလည်း ဟုတ်တာပဲ”

“အဖမ်းမခံရသေးတဲ့သူတွေကသာ အဖမ်းခံရဖို့ စိတ်ပူ နေကြရတာ၊ ငါတို့က အဖမ်းခံရလို့ပဲ သူတို့နှိပ်စက်တာတွေ တောင် ခံနေရပြီးပြီ၊ နောက်တစ်ခါဆိုရင် လွတ်ဖို့ပဲ ရှိပါတော့ တယ်”

“အဘစကားကြားရတာ အားရှိလာသလိုပဲ. . ”

လေးယောက်သား ပါလာသော အစားအသောက်အ ချို့ကို စားသောက်ရင်း စကားပြောနေကြစဉ် ဂျပန်စစ်သား တစ် ယောက်က တွေ့မြင်သွားသဖြင့် ဒေါသတကြီးဖြင့် အနားရောက် လာလေသည်။

“ခူးတကား၊ ဘာတွေပြောနေကြတာလဲ၊ ထွက်ပြေးဖို့ တိုင်ပင်နေကြတာလား”

“မဟုတ်ပါဘူး မာစတာ”

“ခူတကား၊ မကောင်းဘူးရှိတယ်လား”

ဟု မပီမသဖြင့် ပြောဆိုကာ လေးယောက်စလုံးကို တစ် စီပြီးနောက် ပါးကိုဘယ်ပြန်ညာပြန် ရိုက်လေတော့သည်။

“ဖြန်း. . ဖြန်း. . ဖြန်း. . ဖြန်း ”

ပါးတစ်ခုလုံး ထူပူသွားပြီး မျက်လုံးထဲမှာ မီးပွင့်သွားလေ တော့သည်။





ဦးဗန်ကောင်းကတော့ ပါးစပ်ထဲမှ သွေးများကို ‘ထွီ’ ခနဲထွေးထုတ်လိုက်ပြီး ပါးရိုက်သွားသော ဂျပန်ကို စူးစူးဝါးဝါး လှမ်းကြည့်နေလေသည်။

စောထီးကတော့ ဦးခေါင်းကို ဘယ်ပြန်ညာပြန် ခါလိုက် ရင်း. . .

“အခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်”

ဟု ပြောလိုက်သည်။

“ပြောနေပြန်ပြီ တော်ကြာကြားသွားလို့ တစ်ကျော့ပြန် လာရိုက်နေဦးမယ်”

ဟု ငမဲအောင်က ပြောတော့မှ ဇက်ပုပြီး ငြိမ်ကျသွား လေတော့သည်။

စားသောက်ပြီးနောက် ခရီးဆက်ကြသောအခါ တော ထဲသို့ ရောက်သွားကြလေသည်။

တစ်နေရာသို့ရောက်သောအခါ ရှေ့မှ သွားနေသော ဂျပန်အချို့မှာ ကမ်းပါးစွန်းပဲ့ကာ အောက်သို့ပြုတ်ကျသွားကြ သည်။

ချောက်ကသိပ်မနက်လှသောကြောင့် ဒဏ်ရာရရုံ သာက်သာရှိပြီး အသက်မသေကြပေ။

ထိုဂျပန်သုံးယောက်ကို နွယ်ကြိုးများချပြီး အပေါ်ပြန် ဆွဲတင်ပေးရသည်။

ထိုအလုပ်ကို ချွေးတပ်သားများက လုပ်ကြရသည်။

အောက်ကျသွားသော သုံးယောက်ထဲတွင် နီမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



ကို ပါးရိုက်သွားသော ဂျပန်လည်းပါသည်။

ထိုဂျပန်ကိုတော့ ဦးဗန်ကောင်းကိုယ်တိုင် အပေါ်သို့ ဆွဲတင်ပေးသည်။

အပေါ်သို့ရောက်ကာနီးတော့ ဂျပန်၏လက်တစ်ဖက် ကို လှမ်းကိုင်ပြီး ဆွဲတင်ပေးလိုက်သည်။

ဂျပန်သုံးယောက်စလုံး အပေါ်ရောက်လာပြီးသောအခါ ဦးဗန်ကောင်းဆွဲတင်ပေးလိုက်သော ဂျပန်မှာ ခြေရောလက် ရော မလှုပ်နိုင်တော့ဘဲ ဆန့်ငင်ဆန့်ငင်ဖြစ်ကာ မြေပေါ်သို့ ကျသွားလေတော့သည်။

အခြားဂျပန်များရောက်လာပြီး ဝိုင်းထူရန်ကြိုးစားကြ သော်လည်း ခြေရာလက်ပါမလှုပ်နိုင်တော့သဖြင့် မထနိုင်တော့ ပေ။

မျက်လုံးပြူးကြီးဖြင့် မော့ကြည့်နေပြီး စကားလည်း ပြောနိုင်တော့ပေ. . .။

ရှေ့ဆက်သွားရန် နေရာမှထနိုင်ရန် အမျိုးမျိုးထူ ကြသော်လည်း အရုပ်ကြိုးပြတ်ဖြစ်ကာ ပုံလျက်သား လဲကျ လေရာ ဂျပန်စစ်ဗိုလ်က စိတ်မရှည်တော့သဖြင့် ထိုဂျပန်ကို သေ နတ်ဖြင့် ပစ်သတ်လိုက်လေတော့သည်။

ထို့နောက် သေဆုံးသွားသောအလောင်းကို ချောက်ထဲ သို့ ပစ်ချလိုက်ကြလေသည်။

ထိုအခြေအနေကို မြင်သောအခါ စကားပြန်သန်း ပင် မျက်စိမျက်နှာပျက်သွားလေသည်။





"သူဘာဖြစ်တာလဲ"

"ချောက်ထဲလိမ့်ကျပြီး ခြေတွေလက်တွေ သေသွားတာ ပဲဖြစ်မယ်ထင်ပါတယ် မာစတာ"

ဂျပန်စစ်ဗိုလ်ကမေးသဖြင့် သန်းဖေက ကြောက်ရွံ့ သောအမူအရာဖြင့် ပြန်ပြောလိုက်သည်။

သူ့စိတ်ထဲမှာတော့ ထိုထက်မကသောအကြောင်းများ ရှိပေလိမ့်မည်ဟု သိနေလေသည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် ခရီးဆက်ကြရာ ဘဲငါးရာ တောင်နှင့် မဝေးလှသော တောတွင်းတစ်နေရာသို့ ရောက်သွား ကြသည်။

ထိုနေရာရောက်တော့ နေဝင်ချိန်ရောက်နေပြီဖြစ်သ ဖြင့် သင့်တော်သောနေရာမှာရွေးပြီး စခန်းချကြလေသည်။

ပါလာသော အစားအသောက်များကို စားသောက်ကြ ပြီး နားကြသောအခါ နီမောင်က ဦးဗန်ကောင်းအနီးတိုးကပ် ကာ တိုးတိုးမေးလိုက်သည်။

"လမ်းမှာတုန်းက ဟိုဂျပန် ဘာဖြစ်သွားတာလဲအဘ"

"ပါးရိုက်ကောင်းတဲ့လက်ကို နောက်မရိုက်နိုင်အောင် လုပ်လိုက်တာပါ"

နီမောင်က တအံ့တဩဖြင့်. . .၊

"ဘယ်လို လုပ်လိုက်တာလဲဟင်"

ဟု မေးလိုက်သည်။

"သွေကြောပိတ်လိုက်တာပါကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက အရေးမကြီးသော အမှုအရာဖြင့် အေးအေးဆေးဆေးပြန်ပြောလေသည်။

"သွေးကြောပိတ်တဲ့ပညာက လက်ကိုတစ်ချက်ကိုင်တာ နဲ့တင် ဒီလိုဖြစ်အောင် လုပ်လို့ရသလား"

"ရတာပေါ့ကွ လက်ကိုင်တာက များနေသေးတယ် လက်နဲ့ထိရုံလောက်ဆိုရင် လုံလောက်ပါတယ်၊ ဂျပန်တွေကို လက်နဲ့တစ်ချက်စီပဲထိမယ်၊ ရောမှာတင် ငုတ်တုတ်မေ့နေစေ မယ်"

"ဒီလောက်စွမ်းသလား၊ ဘယ်လိုပညာလည်းအဘ"

"နန်းတွင်းအကြောပညာရှင်ကြီးတွေ အသုံးပြုတဲ့ သွေး ကြောပိတ်တဲ့ပညာပဲ၊ ဒီပညာက တရုတ်ပြည်ဘက်က ဆင် သက်လာတာ၊ နောက်မှ ယိုးဒယားနဲ့ မြန်မာပြည်ဘက်သို့ ရောက်လာတာ" ,

ဦးဗန်ကောင်းက မီးဖိုနားမှာထိုင်နေသော ဂျပန် မကြား နိုင်လောက်သော အသံမျိုးဖြင့် ပြောသည်။ ကြားလျှင် ထလာ ပါးရိုက်နေဦးမည်ဖြစ်သည်။

နီမောင့်စိတ်ထဲမှာ ထိုပညာရပ်များအကြောင်းကို စိတ် ဝင်စားသော်လည်း ဆက်မမေးဝံ့တော့သဖြင့် အသာငြိမ်နေ လေသည်။

အချိန်မှာလည်း နေဝင်ချိန်နီးလာပြီဖြစ်သောကြော ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း မှောင်စပျိုးလာချေပြီ။ တော တောင်အရိပ်ထိုးသောနေရာများမှာ အမှောင်ရိပ်က ပိုများလာ





လေသည်။

ထိုအချိန်မှာပင် မနီးမဝေးတောထဲဆီမှ ဘဲအော်သံများ ပေါ်ထွက်လာသည်။

"ငွါး . . ငွါး . . ငွါး . . "

"ဂတ် . . ဂတ် . . ဂတ် . . ဂတ်"

ထိုအသံများကြားတော့ အချို့ငိုက်မြည်းနေသော ဂျပန် များ ခေါင်းထောင်လာသည်။

အချို့လည်း စိတ်ဝင်စားစွာဖြင့် အသံကြားရာဘက်သို့ လှမ်းကြည့်နေကြသည်။

ဘဲသံများကိုသာ ကြားနေရသော်လည်း ဘဲကိုတော့ မတွေ့ရပေ။ တငွါးငွါး . . တဂတ်ဂတ်နှင့် အော်သံများက အ တော်နီးလာလေပြီ။

ချုံကွယ်များနောက်တွင် သစ်ရွက်များကို ထိုးဆိတ် စားသောက်နေသော အသံများကိုပင် ကြားနေရသည်။

ထိုအခါ ဂျပန်စစ်ဗိုလ်က ဂျပန်စစ်သား(၃)ယောက်နှင့် ချွေးတပ်သားထဲမှ နီမောင်၊ စောထီး၊ ငမဲအောင်တို့ကို ဘဲများကို ဖမ်းယူလာခဲ့ရန် စေခိုင်းလေသည်။

သွားကာနီးတော့ ဦးဗန်ကောင်းက တိုးတိုးပြောလိုက် သေးသည်။

"ဒါ ပုံမှန်မဟုတ်တာတော့ သေချာတယ်၊ သတိထား ကြ"

ထိုသို့သတိပေးသဖြင့် နီမောင်ကလည်း သွားကာနီး



www.burmeseclassic.com

www.burmeseclassic.com



တော့ တောပိုင်တောင်ပိုင်များကို တိုင်တည်ဆုတောင်းမှုများ ပြုလေသည်။

ဂျပန်သုံးယောက်က သေနတ်များကို အဆင်သင့်ကိုင်ကာ နောက်မှလိုက်လာကြပြီး နီမောင်တို့က ရှေ့မှသွားရလေသည်။ သူတို့တောထဲမဝင်ခင်အထိ ဘဲအော်သံများ ကြားနေရသေးသည်။

အနားရောက်သွားတော့မှ မီးကိုရေနှင့် ဖြန်းလိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ထို့ကြောင့် တအံ့တသြဖြစ်သွားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ဘဲအော်သံများကြားရသော ချုံကွယ်နောက်သို့ ရောက်သောအခါမှာတော့ ဘဲအုပ်မပြောနှင့် အကောင်ပေါက်ကလေး တစ်ကောင်ပင် မတွေ့တော့ပေ။

"ခူးတကား မကောင်းဘူးရှိတယ်ကား၊ လိုက်ရှာကြစမ်း တွေ့အောင်ရှာကြစမ်း"

ဟု သေနတ်ဖြင့်ချိန်ကာ အမိန့်ပေးသဖြင့် ချုံများထဲသို့ လိုက်ရှာကြသည်။

ဂျပန်သုံးယောက်ကလည်း သေနတ်များဖြင့် ထိုးကာ ချုံများထဲသို့ လိုက်လံရှာဖွေကြလေသည်။

သို့သော် တစ်ကောင်မှ မတွေ့ရတော့ပေ. . . ။

တစ်နေရာရောက်သောအခါ အမှောင်ထဲမှ အရောင်တလက်လက်ထွက်နေသည်ကို သတိပြုမိသဖြင့် ဂျပန်စစ်သား





တစ်ယောက်က ထိုနေရာသို့သွားကာ သေနတ်ဖြင့်ထိုးကြည့်လိုက်သည်။

"ဝေါင်း. . ."

ဟူသော ကျားဟိန်းသံနှင့် မရှေးမနှောင်းမှာပင် ချုံများနောက်မှ ဝပ်နေသော ကိုးတောင်ကျားတစ်ကောင်က ခုန်ထွက်လာပြီး ဂျပန်စစ်သားတစ်ယောက်ကို ကိုက်ချီသွားလေတော့သည်။

ကျန်ဂျပန်နှစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်ကြသော်လည်း မမီလိုက်တော့ပေ။

ထို့နောက်မှာတော့. .

"ဘဲယောင်ဆောင်လာတဲ့ကျား၊ ဘဲယောင်ဆောင်လာတဲ့ကျား" ဟု အော်ဟစ်ကာ စခန်းချသော နေရာသို့ ပြန်ပြေးကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







အခန်း ( ၃ )

# တောနက်ထဲမှ သစ်စုန်းပြိတ္တာ

ဂျပန်စစ်သားတစ်ယောက် ကျားဆွဲခံရပြီးနောက်တွင် ဂျပန်များမှာ မအိပ်ဝံ့ကြတော့သဖြင့် သေနတ်များကိုင်ကာ ထိုင်စောင့်ကြသည်။ နီမောင်တို့ ချွေးတပ်သားများကိုလည်း တစ်ယောက်မှမအိပ်စေဘဲ ထိုင်စောင့်စေသည်။

နှစ်ယောက်တစ်တွဲစီ ထိုင်စောင့်ရင်း ထိုင်လျှက်မေ့ကြရလေသည်။ နီမောင်က အကြံရှိသူမို့ ဦးဇန်ကောင်းနားမှာမေ့ပင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ နေခင်းကပြောတဲ့ အကြောပိတ်တဲ့ပညာ အကြောင်းကို ပြောပြပါဦး"

"မင်းက စိတ်ဝင်စားနေလို့လား"

"ကျွန်တော်က ဒီပညာတွေကို စိတ်ဝင်စားတယ်"

"အကြောကိုင်ပညာဆိုတာ လူတစ်ယောက်ရဲ့ အသက်အန္တရာယ်ကို ကယ်တင်ပေးနိုင်သလို ရောဂါတွေကိုလည်း ပျောက်ကင်းချမ်းသာအောင် ကယ်တင်ပေးနိုင်တယ်"

"ဟုတ်ကဲ့"

"အကြောတစ်ချက် ဆေးတစ်ခွက် ဆိုသလို အကြောပညာတတ်ကျွမ်းရင်လည်း လက်နဲ့တစ်ချက်နှိပ်ရုံနဲ့ ရောဂါပျောက်ကင်းနိုင်သလို ဆေးကောင်းပြီဟေ့ဆိုရင်လည်း ဆေးတစ်ခွက်တိုက်ရုံနဲ့ အသက်ဘေးအန္တရာယ်က ကင်းဝေးနိုင်တယ်"

"ဟုတ်ကဲ့"

"ဒီပညာက ရောဂါကုဖို့အတွက်တင် အသုံးတည့်တာမဟုတ်ဘူး၊ ရန်သူနဲ့တိုက်ခိုက်တဲ့နေရာတွေမှာလည်း လက်နက်အဖြစ် အသုံးပြုကြတယ်"

"ဘယ်လိုပြုတာလည်းအဘ. ."

"အကြောကိုင်ပညာက ရှေးနှစ်ပေါင်းများစွာကတည်းက တရုတ်ပြည်မှာရှိတဲ့ ရှောင်လင်ကျောင်းတွေမှာ အသုံးပြုကြတယ်၊ တိုက်ခိုက်ရေးပညာတွေအပြင် အတွင်းစွမ်းအား အသုံးချပုံနဲ့ သွေးကြောပိတ်ပညာတွေကိုပါ အဓိကထားပြီး သင်ကြရတယ်"





"ဟုတ်ကဲ့"

"ကိုယ်ကိုလက်နက်နဲ့ တိုက်ခိုက်ဖို့လာတဲ့ လူကို အကြောတစ်ချက်ပိတ်ထားလိုက်ရင် ကျောက်ရုပ်လိုဖြစ်ပြီး မလှုပ်နိုင်တော့ဘူး"

ဦးဗန်ကောင်းက မြန်မာနိုင်ငံ အင်းဝမင်းခေါင်ခေတ်၌ ပေါ်ပေါက်ခဲ့သော လက်ဝှေ့အတတ်သာမက အကြောကိုင်ပညာပါ တတ်ကျွမ်းသော အောင်စည်းခုံပါမောက္ခအကြောင်းကို အတိုချုပ်ပြီး ပြောပြလေသည်။

အောင်စည်းခုံပါမောက္ခသည် အသက်(၆၉)နှစ်အရွယ်မြင့် ကုန်းဘောင်စော်ဘွား ခေါ်ဆောင်လာသော ရှမ်းလက်ဝှေ့ကျော်နှင့် ထိုးသက်ရာ လက်ယာလက်ဖြင့် တစ်ချက်ထိုးရာ မျက်အကြာ ကျောဘက်ရောက်သွားတော့သည်။ နောက်တစ်ချက်ဘယ်လက်ဖြင့်ထိုးသောအခါမှ မူလအတိုင်း မျက်နှာက ရှေ့ဆက်ပြန်တည့်သွားသော်လည်း ဆက်လက်မယှဉ်ပြိုင်ဝံ့တော့ဘဲ ခန့်ပေးရလေသည်။ အင်းဝမင်းခေါင်းနှင့် ကုန်းဘောင်စော်ဘွားတို့က ၎င်း၏ပညာကို နှစ်သက်သဘောကျသဖြင့် ဆုလာဘ်တော်များ ချီးမြှင့်ပေးသနားကြသည်။

"ဒါကြောင့် အကြောကိုင်ပညာဆိုတာ ရန်သူကို တစ်ချက်တည်းနဲ့ မထနိုင်အောင် အသုံးပြုတဲ့ လက်နက်တွေထဲမှာ အကောင်းဆုံးပဲ၊ ဘယ်လောက်စွမ်းထားသလဲဆိုရင် ရင်ဝကို သေနတ်နဲ့ချိန်ထားရင်တောင် ဘာမှမပါဘဲနဲ့ နိုင်အောင်တိုက်နိုင်ခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို တိုက်မလဲအဘ"

"သေနတ်သမားကရင်ဝကို သေနတ်နဲ့ တေ့ထား၊ အ ကြောကိုင်သမားက သူကြိုက်တဲ့နေရာကို လက်နဲ့ထိထားမယ် ဘယ်သူသာမယ်ထင်သလဲ"

"သေနတ်သမားက သာမယ်ထင်တယ်၊ သေနတ်ဆိုတာ ခလုတ်ကလေး တစ်ချက်နှိပ်လိုက်ရုံပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ အကြောကိုင်သမားရဲ့ လက်နဲ့ထိလိုက် တာနဲ့ လက်ညှိုးမှ လှုပ်မရတော့တာ မင်းသေနတ်ဘာလုပ်လို့ ရတော့မှာလဲ"

"ဒီလောက်တောင်စွမ်းသလားအဘ"

"ဒီထက်တောင်စွမ်းသေးတယ်. . ၊ လမ်းမှာ ငါတို့ကိုပါး ရိုက်တဲ့ဂျပန်ကို ငါနှိပ်စက်ခဲ့တာ မမြင်ဘူးလား"

"အဘ ဘယ်လိုလုပ်လိုက်တာလဲ"

"သူ့လက်ကိုဆွဲတင်ရင်းနဲ့ လက်ကောက်ဝတ်က သွေး ကြောကို ပိတ်ထားလိုက်မှတော့ ခြေတွေလက်တွေ ဘယ်မှာလှုပ် ရပါတော့မလဲ"

ဟုပြောလေသည်။

နီမောင်က ထိုပညာရပ်များကို စိတ်ဝင်စားသူဖြစ်ပေရာ ဦးဇန်ကောင်းပြောပြသော စကားများကို ကြားသောအခါ မှာ စွဲသဘောကျနေတော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးနက်ပိုင်းအချိန် သို့ရောက်လာချေပြီ။ ကောင်းကင်ပြင်၌ လရောင်ထွက်လာပြီ





ဖြစ်သောကြောင့် အလင်းရောင်အချို့ ရလာလေသည်။

သစ်ပင်၊ သစ်ကိုင်းများကြားမှ ထိုးကျလာသော အလင်း ရောင်များက မြေပေါ်သို့ ကွက်တိကွက်ကြား ထိုးကျနေသည်။ ညဦးအခါရောက်မှ အစာရှာထွက်လာကြသော တောကောင်ကြီး များအသံကြားရသော်လည်း သူတို့နေရာသို့ ရောက်မလာကြ ပေ. . . ။

ထိုအချိန်တွင် တောထဲမှ ခြေသံလိုလိုကြားရသဖြင့် နီမောင်က စကားကိုရပ်ပြီး ထိုနေရာဘက်သို့ လှည့်ကြည့်လိုက် သည်။

သစ်ပင်ကွယ်များကြားမှာ ရပ်နေသော မည်းမည်း သဏ္ဍာန်ကို လှမ်းမြင်ရသဖြင့် ဦးဇန်ကောင်းကို အသိပေးလိုက် သည်။

"သရဲခြောက်နေတာလား"

"သရဲခြောက်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် နည်း နည်းထူးတယ် သတိထား"

ဟု သတိပေးသည်။

နောက်တစ်ကြိမ် ကြည့်လိုက်တော့ ထိုနေရာမှာ ဘာမှ မရှိတော့ပေ။ နီမောင်စိတ်ထဲမှာတော့ သရဲခြောက်နေသည်ဟု ထင်သော်လည်း ဦးဇန်ကောင်းက မဟုတ်ဘူး ပြောသဖြင့် ဇဝေ ဇဝါ ဖြစ်နေသည်။

ထိုသို့ရှိနေစဉ် နောက်ထပ် ထူးခြားသောအသံ တစ်မျိုး ကြားလာရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗွပ်. . ဗွပ်. . ဗွပ်. ."

တဗွပ်ဗွပ်နှင့်ကြားနေရသော အသံက မီးတောင်ပေါက်ကွဲကာနီး ချော်ရည်ပူများ မှုတ်ထုတ်နေသော အသံမျိုးနှင့် တူနေလေသည်။

"ဗွပ်. . ဗွပ်. . ဗွပ်"

"အဘ. . ဘာသံလဲ"

"ငါလည်းမသိဘူး၊ အသံက တဖြည်းဖြည်းနဲ့ နီးလာပြီ သတိထား"

ဟုထပ်ပြောသည်။

အကယ်၍သာ တဗွပ်ဗွပ်နှင့် ကြားနေရသောနေရာမှ အခြေအနေကိုသာ မြင်တွေ့ရပါက ထို့ထက်ပိုပြီး ကြောက်စရာကောင်းပေလိမ့်မည်. . ။

သူတို့ရောက်နေသော နေရာနှင့် မနီးမဝေးနေရာတွင် ကြီးမားသော သစ်ပင်ကြီးတစ်ပင်ရှိသည်။

ပုံသဏ္ဌာန်က ပျဉ်းမပင်နှင့်တူသည်။

ပင်စည်၌ အဖုအထစ်များရှိသည်။

ထိုအဖုအထစ်များပေါ်သို့ လရောင်ထိုးကျလာသောအခါ ထူးဆန်းသောအဖြစ်အပျက်များ ပေါ်လာလေသည်။

အခြားမဟုတ်ပေ. . ၊

ဖုကြီးများမှာ လူတစ်ယောက် မျက်လုံးပွင့်သကဲ့သို့ ဖြစ်လာပြီးနောက် ထိုအထဲမှ စေးပျစ်ပျစ် အရေများပန်းထွက်လာလေသည်။ အရေများမှာ သွေးရောင်ကဲ့သို့ နီရဲနေသည်။ ဟင်္သာပဒါးကဲ့သို့ နီရဲနေသော ပျစ်ချွဲချွဲအရောင်များမှာ တဖြည်းဖြည်း [illegible]များလာပြီး လူတစ်ယောက်နှင့် ပုံပန်းသဏ္ဌာန်တူလာလေသည်။





ထိုအခြေအနေရောက်လာပါက အန္တရာယ်များလှပြီး ကြောက်စရာကောင်းသော အခြေအနေမျိုးလည်း ဖြစ်ပေသည်။

လူကိုဖမ်းစားတတ်သော သစ်စုန်းပင်များအကြောင်း၊ ညအချိန်ရောက်လာပါက အသက်ဝင်လာပြီး လူတစ်ယောက်ကဲ့သို့ နေရာအနှံ့လျှောက်သွားပြီး လူနှင့်တိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်တတ်သော သစ်စုန်းမိစ္ဆာများအကြောင်းကို ယခင်က တော်တော်များများ ရေးသားခဲ့ဖူးပေပြီ. . ၊

ယခုတောနက်ထဲတွင်ရှိသော ထူးဆန်းသည့် သစ်ပင်များမှာ သစ်စုန်းမိစ္ဆာများထက်ပိုပြီး ကြောက်စရာကောင်းသည်။

အဘယ်ကြောင့်ဆိုသော်. . .

ထိုသစ်ပင်မျိုးမှာ သစ်ပင်ထက်ပိုပြီး ကြောက်စရာကောင်းသော ပြိတ္တာကြီးများဖြစ်ပေါ်စေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် 'သစ်စုန်းပြိတ္တာ'ဟု အမည်ပေးထားကြသည်။ သစ်စုန်းပြိတ္တာများ ဖြစ်ပေါ်ပုံမှာ ဤသို့ဖြစ်ပေသည်။

သစ်ပင်ကြီးများ၏ ပင်စည်တွင် အဖုအထစ်ပေါင်း များစွာရှိကြသည်။

လသာသောရက်များတွင် သစ်ဖုများပေါ်သို့ လရောင်ထိုးကျလာပါက လရောင်နှင့်ထိသော သစ်ဖုများမှာ မျက်စိပွင့်သကဲ့သို့ ပွင့်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပွင့်လာသည်နှင့် စေးပျစ်ပျစ်နှင့် သွေးရောင်န တူသော အစေးများက စီးကျလာကြသည်။

ထိုပျစ်ချွဲချွဲအစေးများမှာလည်း တဖြည်းဖြည်းနှင့် အ သွင်ပြောင်းကာ မိစ္ဆာကောင်ကြီးများကဲ့သို့ အသွင်သဏ္ဌာန် လာကြလေသည်။

ထိုကဲ့သို့ မိစ္ဆာကောင်များနှင့် ပုံသဏ္ဌာန်တူလာသော အချိန်တွင် ပတ်ဝန်းကျင်မှာရှိသော ပြိတ္တာများက ဝင်ရော ပူးကပ်လာကြသည်။

ပတ်ဝန်းကျင်မှာရှိကြသော မိစ္ဆာများကလည်း ထိုအ အရေးကို စောင့်နေကြပြီး သစ်စေးရေများမှ အကောင်အထ ပေါ်လာသည်နှင့်ဖုတ်ဝင်သကဲ့သို့ ဝင်ပူးလိုက်ကြခြင်းပင် ဖြစ် သစ်စေးရေဘဝမှ သစ်စုန်းပြိတ္တာဘဝသို့ ရောက်ကြရခြင်းဖြ သည်။

သစ်စုန်းပြိတ္တာများသည် အကောင်အထည်သဏ္ဌာ ဖြစ်လာပြီးနောက် ဖုတ်ဝင်လာကာ အသက်ဝင်လာလျှင်တော့ များစွာအန္တရာယ်များလှပေသည်။

ယခုလည်း နီမောင်တို့ စခန်းချနေသောနေရာနှင့် မ မဝေးတွင် သစ်စုန်းပင်ကြီးရောက်လာပြီး မျက်လုံးပွင့်သကဲ့ ဖြစ်နေသော အဖုအထစ်နေရာမှ စေးပျစ်ပျစ်အစေးရေများ စီးထွက်နေသည်။ ထိုကဲ့သို့ တဗွပ်ဗွပ်နှင့် စီးထွက်နေသော အ ကို နီမောင်တို့ ကြားနေရခြင်းဖြစ်သည်။

အတန်ကြာတော့ စီးထွက်နေသော အစေးရေတို့





ဒါးကဲ့သို့ တဖြည်းဖြည်းနှင့်အသွင်သဏ္ဌာန်ပြောင်းလဲလာ သည်။

ပထမတော့ လူတစ်ယောက်နှင့်တူလာသည်။

နောက် တဖြည်းဖြည်း များလာသောအခါ မကောင်း ဆိုးဝါးနှင့် အသွင်သဏ္ဌာန်တူလာသည်။

ထိုအချိန်တွင် သစ်ပင်မှ အစေးထွက်ခြင်းက ရပ်တံ့သွား သည်။ မကောင်းဆိုးဝါးပုံသဏ္ဌာန်ပေါက်နေပြီဖြစ်သော သစ် စေးခဲကြီးကိုလည်း ပြိတ္တာများက ဝင်ရောက်ပူးကပ်လာပြီ ဖြစ် ဖြင့် အသက်ဝင်လာချေပြီ. . . ။

သစ်စုန်းပြိတ္တာကြီးက လက်ကားရား ခြေကားရားဖြင့် ရာမှ ထလာသည်။

ပထမတော့ အရေပျော်နေသော ဖယောင်းများကဲ့သို့ သော်လည်းကောင်း၊ ပြဒါးရေများကဲ့သို့သော်လည်းကောင်း ပျော့အိနေသောကြောင့် ထမရပဲဖြစ်နေသည်။

ကျိုးထလိုက်၊ ပျော့အိနေသဖြင့် ပြန်ပျော်ကျသွားလိုက် ဖြစ်နေသည်။ သစ်ပင်ထဲမှ ထွက်လာသော သစ်စေးရေများ ထွက်ကာစအချိန်တွင် အပူဓာတ်ရှိနေသေးသောကြောင့် ပျော့နေသေးသော်လည်း အပြင်ရောက်ပြီး အတန်ကြာသော အခါ အအေးဓာတ်နှင့် တွေ့သောအခါ တဖြည်းဖြည်း မာစပြု ချေသည်။

ထိုသို့မာလာသောအခါ တဖြည်းဖြည်းနှင့် ထနိုင်လာ သည်။ အရုပ်အမောင်းက လူအရုပ်ခန့်ရှိပြီး အလုံးအထည်က



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည်။ ခြေလက်များက အတော်ရှည်သဖြင့် ဘေးသို့ ဖ
လောင်းကျနေသည်။ ဖုတ်ဝင်နေသောကြောင့် မျက်နှာကတေ
သရဲသဘက် ပုံသဏ္ဍာန်မျိုးဖြစ်နေသည်။

ရာဘာစေးကဲ့သို့ ပျော့ပျောင်းနေသေးသဖြင့် ခြေ
လက်တံများကို လိုသလိုဆွဲဆန့်၍ရသလို ပါးစပ်ပေါက်မှာလည်
ဖြဲလျှင်ဖြဲသလောက် ကျယ်ထွက်လာနိုင်ပေသည်။

သစ်စုန်းပြိတ္တာကြီးက ၎င်း၏ကိုယ်ခန္ဓာကို မတ်မတ်
ပြီး ထိမ်းနိုင်လာသည်နှင့် တစ်လှမ်းချင်း စလျှောက်လာလေတေ
သည်။

နီမောင်တို့မှာ စောစောက တဗွပ်ဗွပ်နှင့်အသံကြား
သဖြင့် စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေရာ နောက်တော့ အ
ပျောက်သွားလေသည်။

ထိုအသံပျောက်သွားပြီးနောက် တောတိုးလာသော
သံမျိုး ကြားလာရပြန်သည်။ တောတိုးလာသောခြေသံ
သူတို့ဘက်သို့ ဦးတည်လာနေခြင်းဖြစ်သည်။

ဂျပန်စစ်သားများကလည်း ထိုအသံကိုကြားကြရသ
ချထားသော သေနတ်များကို ကောက်ယူပြီး အသံကြားရာဘ
သို့ ကြည့်နေကြလေသည်။

ခဏကြာတော့ သစ်ချုံများနောက်မှ သစ်စုန်းပြိတ္တာ
က အပြင်သို့ ထိုးထွက်လာလေသည်။

"ဟာ ဘယ်လိုသတ္တဝါကြီးလဲ"

တအံ့တဩနှင့် ရေရွတ်လိုက်စဉ်မှာပင် သစ်စုန်းပြိ





ကြီးက လက်ကားရား၊ ခြေကားရားနှင့် အပြင်ရောက်လာပြီး
သူတို့ရှိရာသို့ လာလေသည်။

ဂျပန်များလည်း သေနတ်ဖြင့် ဝိုင်းပစ်ကြလေတော့
သည်။ တိတ်ဆိတ်နေသော တောတွင်းမှာ သေနတ်သံများက
နားကွဲလုမတတ် ဆူညံသွားလေတော့သည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

အနီးကပ်ပစ်ရခြင်းဖြစ်သောကြောင့် မထိစရာမရှိပေ။
ကျည်ဆံများက သစ်စုန်းပြိတ္တာကြီး တစ်ကိုယ်လုံး ဖောက်ထွက်
သွားကြလေသည်။

ကျည်ဆံများထိသော်လည်း နောက်သို့ ဖောက်ထွက်
သွားရုံသာရှိပြီး လဲကျသွားခြင်းမရှိဘဲ ရှေ့သို့ဆက်တိုးလာသည်။
နီမောင်တို့မှာ မဟာမြိုင်သစ်တောအတွင်းသို့ လှည့်လည်သွား
လာနေကြသူများဖြစ်ရာ သစ်စုန်းပင်များအကြောင်းကို သိသင့်
သလောက် သိထားကြသည်။

သို့သော် ယခုလို သစ်စုန်းပြိတ္တာကိုတော့ တစ်ကြိမ်တစ်
ခါမှ မတွေ့ဖူးခဲ့ပေ။

သို့ကြောင့် ပါးစပ်အဟောင်းသားဖြစ်ကာ ကြည့်နေကြ
သည်။ ထိုအခိုက်မှာပင် သစ်စုန်းပြိတ္တာကြီးက လက်တံရှည်များ
ဖြင့် တွေ့သမျှလူကို ဖမ်းဆီးသစ်ဖြတ်လေတော့သည်။ လူတစ်
ယောက်ကို ဖမ်းမိသည်နှင့် လည်ပင်းနေရာမှ ကိုက်ဖြတ်ဖောက်
ပြီး သွေးများကို စုပ်ယူလေသည်။ ထိုသို့စုပ်ယူရင်းမှပင် ကြောက်
စရာကောင်းသော မာန်ဖီသံကဲ့သို့ အသံမျိုးလည်း ကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဂျပန်စစ်သားများကလည်း သေနတ်နှင့်ပစ်၊ သစ်စုန်းပြိတ္တာကြီးကလည်း တွေ့သမျှလူကို ဖမ်းဆီးသတ်ဖြတ်နေရာ ဆူညံနေလေတော့သည်။

သစ်စုန်းပြိတ္တာကြီး လက်ချက်ကြောင့် ဂျပန်စစ်သားအချို့နှင့် ချွေးတပ်သားအချို့လည်း သေဆုံးသွားကြလေသည်။

သို့ကြောင့် မည်သို့ပြုလုပ်ရမှန်းမသိဘဲ သွေးပျက်နေကြလေပြီ။ ထိုအခြေအနေသည် မမျှော်လင့်ပဲရသော အခွင့်အရေးပင်ဖြစ်သည်။

ထိုနေရာမှ ဆက်နေလျှင်လည်း သစ်စုန်းပြိတ္တာကြီးလက်ချက်ဖြင့် သေရမည့်အတူတူတော့ သေမြေကြီး ရှင်ရွှေထီး ဆိုသလို အရဲစွန့်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်မှ ဆေးဆရာကြီး ဦးဇန်ကောင်းကိုပါ တစ်ပါတည်းခေါ်ကာ ဘေးလွတ်ရာသို့ ထွက်ပြေးကြလေတော့သည်။

အမှောင်ထဲမှာ ထွက်ပြေးကြသောကြောင့် ဘယ်နေရာရောက်နေမှန်း မသိရသော်လည်း ထိုနေရာနှင့် ဝေးနိုင်သမျှဝေးအောင် ပြေးကြလေရာ နောက်တော့ သေနတ်သံနှင့် ဆူဆူညံညံအသံများမှာ တဖြည်းဖြည်း ဝေးကျန်ခဲ့ပေတော့သည်။







အခန်း ( ၆ )

# မာဂဓစကားနားလည်သည့် မိန်းမပျို

နီမောင်တို့လေးယောက်မှာ နောက်မှ ဘေးအန္တရာယ်ကို ကြောက်သဖြင့် တစ်ညလုံး မရပ်မနား ပြေးခဲ့ကြရာ ဘယ်နေရာရောက်ပြီး ဘယ်သို့ပေါက်နေသည်ကိုပင် မသိကြရတော့ပေ။

တောနက်ကြီးများထဲမှ ညအချိန်မဆိုထားနှင့် နေ့အချိန်သွားလာလျှင်ပင် တောကောင်ကြီးများ အန္တရာယ်နှင့် တွေ့ဆုံတတ်ရာ ယခု ညအချိန်မတော်ကြီး ပြေးလွှားလာကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘေးအန္တရာယ်နှင့်တော့ မတွေ့ရပေ။

အတော်ဝေးဝေးရောက်လာတော့ မပြေးတော့ဘဲ နားလိုက် လျှောက်လိုက်ဖြင့် လျှောက်လာကြရာ ခရီးအတော် ပေါက်လာကြသည်။

ဦးဖန်ကောင်းကတော့ ကောင်းကင်ကိုမော့ကြည့်လိုက် ပါးစပ်မှလည်း တတွတ်တွတ်နှင့် ရွတ်ဆိုနေလေသည်။

"အဘ ကောင်းကင်ကို ဘာ့ကြောင့် မော့ကြည့်နေတာလဲ"

တစ်နေရာမှာနားတော့ နီမောင်က မေးလိုက်သည်။

"ကောင်းကင်ကိုမော့ကြည့်တာက အရှေ့အနောက်ကို ကြည့်တာကွ၊ ကောင်းကင်မှ နက္ခတ်တာရာတွေရှိတယ်၊ နက္ခတ်တာရာတွေကိုကြည့်တတ်ရင် အရှေ့အနောက်ကို သိနိုင်တာပေါ့၊ ဒါမှမကြည့်တတ်ရင် လထွက်နေတာပဲ လကိုကြည့်ပေါ့"

"လက အရှေ့ဘက်ကစထွက်ပြီး သန်းခေါင်ကျော်တာနဲ့ အနောက်ဘက်ကိုရောက်တယ်၊ လဦးခေါင်းတည့်တည့်ရောက်ရင် သန်းခေါင်းယံအချိန်ဆိုတာ သိနိုင်ပြီး၊ သန်းခေါင်ယံကျော်သွားပြီး သူသွားတဲ့ဘက်ပေါ့၊ ဒါကိုမကြည့်ဘဲသွားနေရင် တောထဲမှာ မျက်စိလည်ပြီးတော့ လာတဲ့နေရာ ပြန်ရောက်သွားပြီး ဂျပန်တွေနဲ့ ပြန်တွေ့မှာပေါ့. . "

"မှန်ပါတယ်. . ."

"တောထဲသွားတဲ့အခါ သတိထားရတယ်၊ တောကြီးလာလေ တောနက်လာလေ သတိပိုထားရလေပဲ၊ တောမှောက်





တာတို့ တောခြောက်တာတို့ရှိတယ်၊ ဒါကြောင့် တောနဲ့အသက်မွေးဝမ်းကျောင်းပြုနေတဲ့ သူတွေဟာ တောနဲ့ပတ်သက်တဲ့ သင်္ကေတတွေကို သိသင့်သလောက် သိထားကြရတယ်"

ဟု သိမှတ်စရာအချို့ကို ပြောပြလေသည်။

နေထွက်ချိန်တွင် နေလမ်းကြောင်းကိုကြည့်၍သော်လည်းကောင်း၊ လဆန်းရက်တွင် လထွက်သောဘက်မှာ အနောက်အရပ်ဖြစ်ပြီး၊ လဆုတ်ရက်တွင် ညဦးပိုင်း လထွက်သောအရပ်မှာ အရှေ့ဘက်ဖြစ်သည်။ လသွားရာလမ်းကြောင်းကို ကြည့်၍သော်လည်းကောင်း အရှေ့အနောက်သိနိုင်ကြသည်။

အခြားခက်ခဲသော နက္ခတ်တာရာ (ကြယ်)များကို မသိလျှင်သော်မှ သာမာန်လူတို့အသိများသော ကြယ်တာရာအချို့ ရှိပေသည်။

မူဝံကြယ်၊ ခုနှစ်စဉ်ကြယ်၊ လိပ်ကြယ် စသည်တို့ပင် ဖြစ်ကြသည်။

မူဝံကြယ်ပေါ်ထွန်းသောအရပ်မှာ မြောက်အရပ်ဖြစ်သည်။ အရှေ့မြောက်ဘက်တွင် ခုနှစ်စဉ်ကြယ်တန်းရှိသည်။ ကြယ်မိကျောင်းဟုခေါ်သော ခုနှစ်စဉ်ကြယ်၏ ဦးခေါင်းပြုသောအရပ်မှာ အနောက်အရပ်ဖြစ်ပြီး အမြီးပိုင်းရှိသောအရပ်မှာ အရှေ့အရပ်ဖြစ်သည်။

ကောင်းကင်ကိုမော့ကြည့်လျှင် ခုနစ်စဉ်ကြယ်စုကဲ့သို့ လူသိများသော ကြယ်စုမှာ 'လိပ်ကြယ်စု' ပင်ဖြစ်၏။ လိပ်ဦးခေါင်းပြုသောဘက်မှာ မြောက်ဘက်ဖြစ်သည်။ လိပ်ကြယ်လက်၊



www.burmeseclassic.com

www.burmeseclassic.com



ညာလက်တို့မှာ အရှေ့နှင့်အနောက် အရပ်ဖြစ်ကာ အမြီးပိုင်း လှည့်ထားသောအရပ်မှာ တောင်အရပ်ဖြစ်သည်။

(နက္ခတ်တာရာတို့အကြောင်းရေးလျှင် ရှည်လျားစွာရေးသားရမည်ဖြစ်သဖြင့် ညအချိန် အရှေ့အနောက်တောင်မြောက် အရပ်သိရုံလောက်သာ ဖော်ပြပေးခြင်းဖြစ်ပေ၏။)

ထို့ပြင် သစ်ပင်များကို လက်ဖြင့်စမ်းကြည့်ပါက သစ်ခေါက်ပူနေသောဘက်မှာ အနောက်အရပ်ဖြစ်ပြီး သစ်ခေါက်အေးနေသောဘက်မှာ အရှေ့အရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်. . နေဝင်ချိန်တွင် နောက်ဆုံးနေရောင်ခြည် ထိသောဘက်မှာ အနောက်ဘက်အရပ်ဖြစ်သောကြောင့်ပင်. . .။

နေမသာသော မိုးရာသီမှာတော့ ရေညှိစီးကြောင်းများကပ်နေသောဘက်မှာ မြောက်ဘက်ဖြစ်ပြီး၊ ရေညှိမကပ်သောဘက်မှာ တောင်ဘက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်. . .

မိုးရာသီတွင် မိုးနှင့်လေက တောင်ဘက်မှလာခြင်း ဖြစ်သဖြင့် သစ်ပင်၏ တောင်ဘက်ခြမ်းမှာ လေမိုးထိသဖြင့် ရေညှိမကပ်နိုင်ပေ။

မိုးလေမထိသော မြောက်ဘက်ခြမ်း၌ ရေညှိများ တွယ်ကပ်နေနိုင်ခြင်းဖြစ်ပေသည်။

ဆောင်းရာသီရောက်သောအခါ မြောက်ပြန်လေက မှန်မှန်တိုက်သဖြင့် သစ်ညွန့်များ၊ သစ်ပင်သစ်ကိုင်းများက တောင်ဘက်သို့ ကိုင်းသည်။

ဤကဲ့သို့သော သဘာဝအခြေအနေများကို ကြည့်





တတ် သိတတ်ကြလျှင် တောနက်ထဲတွင် တောမှောက်ခြင်း၊ တောခြောက်ခြင်းများမှ ရှောင်ထွက်နိုင်ကြမည်ဖြစ်ပေသည်။

ဦးဇန်ကောင်းက စိတ်ရှည်လက်ရှည်ပြောပြနေသောအခါ နီမောင်တို့ သုံးယောက်ကလည်း အသေအချာ မှတ်သားထားကြလေသည်။

"အဘကလည်း ဆေးဆရာတစ်ယောက်သာဆိုတယ်၊ တောထဲသွားလာနေတဲ့ လူတွေထက်တောင် တောအကြောင်းတွေ ကျွမ်းကျင်နေပါသေးလား"

ငမဲအောင်က ပြောလိုက်သည်။

"ဆေးဆရာပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်ပေါ့ကွာ တောမှာပဲနေနေ၊ မြို့မှာပဲနေနေ . . ဗဟုသုတဆိုတာ ရသမျှ လေ့လာဆည်းပူးထားရတယ်၊ မြို့ပေါ်မှာနေရလို့ တောတောင်အကြောင်းကို လေ့လာမထားဘူးဆိုရင် တကယ်လို့ အကြောင်းတိုက်ဆိုင်လို့ တောထဲတောင်ထဲ ရောက်သွားတဲ့အခါ ဒုက္ခတွေ့တတ်တာပေါ့. . ."

"ဟုတ်ပါတယ်အဘ၊ ဒါထက် စောစောက တတွတ်တွတ်နဲ့ ဘာတွေရွတ်နေတာလဲ"

စောထီးက ဝင်မေးလိုက်သည်။

"မေတ္တာပို့ပေးနေတာပါ၊ ငါတို့မှာ တခြားလက်နက်ဘာမှမပါတော့ မေတ္တာလက်နက်ပဲ အားကိုးစရာရှိတော့တယ်။ ဒါကြောင့် တောင်ပိုင်တောပိုင်တွေ၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေနဲ့ တောထဲမှာရှိတဲ့ ပရလောကသားတွေရော မြင်



www.burmeseclassic.com

www.burmeseclassic.com



အပ် မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ ပြိတ္တာတွေပါမကျန် အမျှအတန်း ဝေပေးနေတာပါ”

ဟု ရှင်းပြနေလေသည်။

သူတို့လေးယောက်သည် မြောက်ဘက်အရပ်ဦးတည်ကာ လာကြရာ အာရုဏ်တက်ချိန်ရောက်သောအခါ ဘဲငါးရာ တောင်နှစ်လုံးကြား ချောက်ကမ်းပါးရှိရာသို့ ရောက်လာကြသည်။

နောက်ဘက်မှ သေနတ်သံများအပါအဝင် ဆူဆူညံညံ အသံများလည်း မကြားရတော့ပေ။

အာရုဏ်တက်ချိန် ရောက်လာပြီဖြစ်သောကြောင့် အရှေ့ဘက် ကောင်းကင်ပြင်မှ အလင်းရောင်များ တက်စပြုလာချေပြီ။

သို့သော် တောင်ကြားထဲသို့ မရောက်လာသေးဘဲ သူတို့ရောက်နေသောနေရာတစ်ဝိုက်တွင် အမှောင်ရိပ်များ ရှိနေသေးသည်။

ထိုအခြေအနေရောက်တော့မှ အတန်အသင့် စိတ်သက်သာရာရခဲ့ကြသည်။

တောထဲမှ သားရဲတိရစ္ဆာန်များနှင့်လည်း မတွေ့ခဲ့ရ။ သစ်စုန်းပြိတ္တာကြီးလက်မှလည်း လွတ်ခဲ့ရသည်။ ထို့ပြင် ဂျပန်တို့၏ ချွေးတပ်သားဘဝမှ လွတ်မြောက်ခဲ့ကြရခြင်းကတော့ ကံအကောင်းဆုံးဟု ဆိုရမည်သာဖြစ်၏။

မကြာမီ မိုးလင်းတော့မည်ဖြစ်သဖြင့် စိတ်ချလက်ချ





ဖြစ်သွားကြပြီး သင့်တော်သောနေရာ ရွေးချယ်ပြီး အိပ်ကြလေရာ ပင်ပန်းလာကြသောကြောင့် ခဏချင်းမှာပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားကြလေတော့သည်။

အချိန်မည်မျှကြာသည်မသိပေ. . .။

နားထဲမှာ စူးစူးဝါးဝါး အသံကြားလိုက်ရသဖြင့် ပြန်နိုးလာကြသည်။

“အာ့. . အာ့. . အာ့”

“အာ့. . အာ့. . အာ့”

ဟူသော တောကျီးကန်းတစ်ကောင်၏ စူးစူးဝါးဝါး အော်နေသောအသံပင်ဖြစ်သည်။

နီမောင်က မျက်စိဖွင့်ကြည့်လိုက်တော့ သူတို့ရှိနေသောနေရာ၏အပေါ်ဘက် သစ်ကိုင်းတစ်ကိုင်းပေါ်တွင် တောကျီးကန်းကြီးတစ်ကောင် နားနေပြီး တအာအာနှင့်အော်နေသည်ကို လှမ်းမြင်ရသည်။

တောထဲမှာ တောကျီးကန်းတွေ့တာကတော့ အထူးအဆန်းမဟုတ်ပေ။

သို့သော် ထူးဆန်းသည်က နောက်ထပ်တောကျီးကန်း နှစ်ကောင် သုံးကောင်ပါ ရောက်လာပြီးနောက် စူးစူးဝါးဝါး ဝိုင်းအော်နေခြင်းပင်ဖြစ်ပေသည်။

“ဘယ်က တောကျီးကန်းတွေ ရောက်လာပြီး လာအော်နေတာလဲ”

“ငါတို့ကိုကြည့်ပြီး အော်နေတာကွ”



www.burmeseclassic.com

www.burmeseclassic.com



"တောကျိုးကန်းဆိုတာ လူမြင်တာနဲ့ ပြေးတာပါပဲ၊ ဒီ ကျိုးကန်းတွေကျမှ လူကိုကြည့်ပြီး အော်နေရတယ်လို့"

ဟု ပြောနေစဉ်မှာ ခြေသံများကြားရလေသည်။

ခြေသံများကြားရတော့ ဂျပန်များရောက်လာပြီအထင် နှင့် လန့်သွားကြသည်။

ခြေသံကအတော်နီးနေပြီဖြစ်ရာ ယခုအခြေအနေ ရောက်တော့မှ ထပြေး၍လည်း လွတ်နိုင်တော့မည်မဟုတ်သ ဖြင့် ကံအကြောင်းတရားအတိုင်းသာ ရှိစေတော့ဟု သဘော ထားကာ ငြိမ်နေလိုက်ကြသည်။

ခဏကြာတော့ တောထဲမှ လူတစ်စုထွက်လာသည်။

သူတို့ထင်သလို ဂျပန်များတော့မဟုတ်ပေ. . .။

လက်နက်လေးမြားစသည်တို့ ကိုင်ထားသော သာမန် လူများပင်ဖြစ်သည်။

စုစုပေါင်း (၅)ယောက်ဖြစ်ပြီး ထိုအထဲတွင် မိန်းကလေး တစ်ယောက်ပါလာသည်။

အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး သူမ က အရှေ့မှ ဦးဆောင်လာခြင်းဖြစ်သည်။

သူတို့က နီမောင်တို့နှင့် မနီးမဝေးရောက်တော့ ရပ်ပြီး အကဲခတ်ကြည့်သည်။

သူတို့ရောက်လာတော့ စောစောက စူးစူးဝါးဝါးအော် နေသော ကျိုးအော်သံများ ရပ်သွားသည်။

သို့သော် အဝေးသို့ ပျံမသွားပဲ နောက်ရောက်လာသူ





များရှိရာသို့ ပျံဆင်းသွားကာ ထိုနေရာအနီး၌ပင် နားနေကြ သည်။

ထိုသို့ နားနေရင်းမှ နီမောင်တို့ရှိရာသို့ မျက်လုံးပြူးကြီး များဖြင့် လှမ်းကြည့်နေကြလေသည်။

"နင်တို့ ဘယ်သူတွေလဲ၊ ဒီနေရာကို ဘာအကြောင်းနဲ့ ရောက်နေကြတာလဲ. . . "

ရှေ့မှဦးဆောင်လာသော အမျိုးသမီးက လှမ်းမေးလိုက် သည်။ သူမလေသံမှာ တိုင်းရင်းသားတစ်ယောက်ကဲ့သို့ အနည်း ငယ်ဝဲနေလေသည်။

"ငါတို့က ဒုက္ခရောက်လာတဲ့သူတွေပါ၊ ပြေးရင်းလွှားနဲ့ ဒီဘက်ရောက်လာတာပါ"

ထိုစကားကိုဝင်ပြောသူမှာ ငမဲအောင်ပင်ဖြစ်သည်။ ငမဲ အောင်က သက်ဘာသာစကားဖြင့် ပြန်ပြောလိုက်ခြင်း ဖြစ်လေ သည်။

နီမောင်နှင့် စောထီးက ငမဲအောင်နှင့် အတူတူနေလာ ခဲ့တာကြာပြီ ဖြစ်သဖြင့် ရခိုင်လူမျိုးမှန်း သိသော်လည်း မည်သည့် အမျိုးအနွယ်ဖြစ်သည်ကိုတော့ မသိကြပေ။

"ဟင်. . နင်က သက်လူမျိုးလား"

"ဟုတ်တယ်. . . "

"နင်တို့ ဂျပန်တွေလက်က ပြေးလာကြတာလား"

"ဟုတ်တယ်၊ နင်ဘယ်လိုသိတာလဲ"

"ဂျပန်ငပုတွေ ပင်လယ်ဘက်ဆင်းသွားတာ လှမ်းမြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်"

"ဘယ်နှစ်ယောက်လောက်ရှိသလဲ"

"ဆယ်ယောက်လောက်တော့ရှိတယ်"

"ဒါဖြင့် ကျန်တဲ့ဂျပန်တွေ သေကုန်ပြီထင်တယ်"

ဟု ရေရွတ်လိုက်သည်။

"နင်တို့ အခုဘယ်သွားမှာလဲ"

"ဘယ်နေရာသွားရမှန်းတောင် မသိသေးပါဘူး၊ အခု ဘယ်နေရာရောက်နေတာလဲ"

"ဘဲငါးရာတောင်တစ်ဝိုက်မှာ၊ နင်တို့လောလောဆယ် ငါတို့ရွာလိုက်ခဲ့ကြပေါ့၊ ဟိုမှာနားပြီးမှ သွားချင်တဲ့နေရာ ဆက်သွားကြပေါ့. ."

ဟုပြောရာ များစွာဝမ်းသာသွားကြလေသည်။

နီမောင့်စိတ်ထဲမှာ ငမဲအောင်ကို ကျေးဇူးတင်နေလေသည်။ သူတို့ထွက်လာကြတော့ တောကျီးကန်းကြီးများကလည်း ပျံလိုက်လာကြလေသည်။

ထိုမြင်ကွင်းကိုမြင်တော့ စိတ်ထဲမှာ အံ့သြနေကြပြန်သည်။

နီမောင်တို့ လေးယောက်ကို ခေါ်သွားသောနေရာမှာ ပြိုင်းကုန်းရွာသို့ပင်ဖြစ်သည်။

ထိုရွာရောက်တော့ ဇမုန်းထန်ကမေးသည်။

"အခြေအနေဘာထူးသလဲ မဟူရာ"

"ဂျပန်တွေ ပင်လယ်ဘက်ဆင်းသွားတာ လှမ်းမြင်လိုက်





...ယ်၊ ငါတို့ရွာဘက် မရောက်တော့ဘူး"

"လူအတော်များသလား"

"ဆယ်ယောက်လောက်ပဲတွေ့လိုက်တယ်"

ဇမုန်းထန်က သမီးဖြစ်သူကို တအံ့တသြဖြင့်ကြည့်လိုက်...ည်။

"နင့်အကောင်တွေ သွားကြည့်ခိုင်းတုန်းက တစ်မျိုးပါ...း"

ဇမုန်းထန်က မဟူရာနောက် မနီးမဝေးမှာနားနေသော ...ကျီးကန်းကြီးသုံးကောင်ကို ကြည့်ရင်းပြောလိုက်သည်။ ...ကောင်အရွယ်အစားကြီးလှသော တောကျီးကန်းကြီး သုံး...ောင်ကလည်း ၎င်းတို့အကြောင်းကို ပြောနေကြသည်ကို သိ...သည်ဟန်ဖြင့် မျက်လုံးပြူးကြီးများဖြင့် လှမ်းကြည့်နေကြ...ည်။

"သူတို့ သွားကြည့်ခဲ့ပြီး ပြန်ပြောတုန်းက ဂျပန်တွေက ...ယောက် (၃၀)လောက်ရှိတယ်၊ ဒါ့အပြင် တခြားလူတွေလည်း ...ာတယ်လို့ သေသေချာချာပြောပြတာပဲ"

မဟူရာမွေးထားသော တောကျီးကန်းကြီးသုံးကောင် ...ာ ယုံကြည်စိတ်ချရသော ကင်းထောက်များဖြစ်သည်။ တော...ာသော်လည်းကောင်း၊ ဘဲငါးရာတောင်တစ်ဝိုက်မှာသော်...း...ကောင်း ထူးခြားမှုများရှိမရှိကို ကျီးကန်းကြီးသုံးကောင် ... စေလွှတ်ပြီး ကြည့်ခိုင်းပါက အားလုံးသိနိုင်ပေသည်။

ထိုကျီးသုံးကောင်က သူတို့တွေ့မြင်ခဲ့ရသော အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများကို မာဂဓဘာသာစကားဖြင့် မဟူရာအား ပြန်ပြေ
လေ့ရှိသည်။

မဟူရာက တောကျိုးကန်းသုံးကောင်ပြောသည့် မာဂ
ဘာသာစကားကို နားလည်သည်။

တောကျိုးကန်းများကိုလည်း ၎င်းတို့နားလည်အော
ပြန်ပြောနိုင်သူဖြစ်သည်။

မနေ့ကပင် တောကျိုးကန်းများ လာပြောသဖြင့် ဂျပ
(၁၀)ခန့်နှင့် (ကျိုးကန်းများက ဂျပန်များကို ရန်သူ ဟူသော
ဟာရဖြင့် ပြန်ပြောခြင်းဖြစ်သည်။) သာမန်လူ (၁၀)ယောက်ခ
တို့ ဘဲငါးရာတောင်ဘက် လာနေကြသည်ဆိုသော သတင်း
ကြိုတင်သိရသည်။

သို့ကြောင့် ဇမုန်းထန်က ဂျပန်စစ်သားများ ရောက်လ
ပါက ရွာသူရွာသားများ ဘေးလွတ်ရာသို့ ရှောင်တိမ်းနေကြ
ရန် ခေါ်ယူသတိပေးထားသည်။

ညအချိန်ရောက်တော့ တောထဲမှာ သေနတ်သံများ
ညံစွာကြားရသည်။

နံနက်ပိုင်းအချိန်ရောက်သောအခါ တောကျိုးကန်း
ကို အစာကျွေး၍ တောထဲသို့ စေလွှတ်ပြီး အခြေအနေကြည့်
လိုက်သည်။

သို့ကြောင့် ဂျပန်(၁၀)ယောက်ခန့် အနောက်ဘက်
လယ်ပိုင်းသို့ ဆင်းသွားသော သတင်းနှင့်နီမောင်တို့ရှိရာကို
သိသဖြင့် လိုက်လာနိုင်ကြခြင်းဖြစ်သည်။





"မနေ့ကပြောတာနဲ့ မတူဘူး၊ သူတို့ကိုမေးကြည့်ပါ
ား"

ဟု ဇမုန်းထန်ကပြောသဖြင့် မဟူရာကမေးသည်။

"နင်တို့ဘယ်လိုဖြစ်လာသလဲ ပြောပြပါဦး"

ထိုအခါ နီမောင်ကပင် ဖြစ်ပျက်ခဲ့သော အကြောင်းအ
ရာများကို ပြောပြလိုက်သည်။

နီမောင်စကားကြားသောအခါ ဇမုန်းထန်ကမှတ်ချက်
သည်။

"သူတို့အတော်ကံကောင်းတာပဲ၊ သူတို့တွေ့ခဲ့တာ သစ်
န်းပြိတ္တာတွေပဲ၊ တောထဲမှာ သစ်စုန်းပြိတ္တာ၊ မြေစုန်းပြိတ္တာတွေ
တွေ့ရင် အသက်ရှင်တဲ့သူ သိပ်မရှိဘူး၊ မင်းတို့က သစ်စုန်း
တ္တာနဲ့တွေ့တာတောင် မသေဘဲ ဂျပန်တွေလက်ကတောင်
တ် ခဲ့ကြသေးတယ်"

ထိုစကားကြားသောအခါ နံဘေးမှာရှိနေကြသော
ခြားသူများကပါ ဟုတ်မှန်ကြောင်း ခေါင်းတညိတ်ညိတ်ဖြင့်
နေကြသည်။

"ဒါထက် မေးပါရစေဦး၊ သစ်စုန်းပြိတ္တာကတော့ ညက
ာထဲမှာတွေ့ခဲ့ရပြီးပါပြီ၊ မြေစုန်းပြိတ္တာဆိုတာရော ရှိသေး
သလား"

ဦးဗန်ကောင်းက ဝင်မေးလိုက်သည်။

"ရှိသေးတယ်၊ သစ်စုန်းပြိတ္တာဆိုတာ သစ်စုန်းပင်ကဖြစ်
ာ၊ မြေစုန်းပြိတ္တာဆိုတာ မြေစုန်းကနေဖြစ်တာ၊ မိန်းမဘဝ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီးရင် နှစ်မျိုးစလုံးကြောက်စရာကောင်းတယ်”

ဇမုန်းထန်က ရှင်းပြသည်။

“ဒါဖြင့် တောထဲမှာ ကြောက်စရာကောင်းတဲ့ သစ်စု
ပြိတ္တာတွေရော မြေစုန်းပြိတ္တာတွေရော အများကြီးရှိနေမှာပေ

“ဒီလိုတော့ မရှိပါဘူး၊ သစ်စုန်းပြိတ္တာက နေရောင်ခြ
နဲ့ထိရင် သစ်စေးတွေပျော်ပြီး မိစ္ဆာရုပ်ပျောက်သွားတယ်၊ မြေ
စုန်းမိစ္ဆာက လရောင်နဲ့ထိရင် မြေမှုန့်ပြန်ဖြစ်ပြီး မိစ္ဆာရုပ် ပျော
တယ်. . .”

“အတော်ထူးဆန်းတာပဲ”

“တောထဲမှာတော့ ထူးဆန်းတာတွေက အများကြီ
ကြတာပေါ့၊ မသိဘဲသွားလာနေရင်တော့ အန္တရာယ်နဲ့တွေ့
တာပေါ့၊ ဒါထက်ခင်ဗျားတို့က ဘယ်လိုလုပ်ချင်သလဲ”

“အခုလောလောဆယ်တော့ ဘယ်လို့လုပ်ရမှန်းတော
မသိသေးပါဘူးဗျာ. . .”

“ပြောရရင်တော့ တိုင်းပြည်အခြေအနေက မအေ
သေးဘူး၊ ဂျပန်နဲ့ အင်္ဂလိပ်စစ်ပွဲတွေက နေရာအနှံ့မှာဖြစ်
ကြတယ်၊ ဂျပန်တွေကလည်း ပြေးရင်းလွှားရင်းနဲ့ တွေ့တဲ့လူ
သတ်ပစ်နေကြတယ်၊ ခင်ဗျားတို့တောင် အတော်ကံကောင်း
သူတို့လက်ကလွတ်ခဲ့ကြတာ”

“ဟုတ်ပါတယ်”

“ဒီတော့လောလောဆယ်တော့ ကျုပ်တို့ရွာမှာပဲ ခ
နေကြဦးပေါ့၊ အခြေအနေကောင်းသွားတော့မှ ပုဏ္ဏားကျွ





ဘက်ကလှည့်ပြီးပြန်တာ ပိုပြီး အန္တရာယ်ကင်းကြလိမ့်မယ်”

ဟုပြောလေသည်။

“အခုလို လက်ခံထားပေးမယ်ဆိုရင်တော့ ကျေးဇူးတင်
ပါတယ်ဗျာ. . .”

“ဒုက္ခရောက်လာတာပဲ၊ တတ်နိုင်သမျှ အကူအညီပေး
ရမှာပေါ့၊ နောက်ပြီး ခင်ဗျားတို့အဖွဲ့မှာ ကျုပ်တို့ သက်မျိုးနွယ်
တစ်ယောက်လည်း ပါလာတာပဲ. . အကူအညီပေးရမှာပေါ့ဗျာ”

ထိုသို့ပြောဆိုပြီး သူတို့လေးယောက်အတွက် နေစရာ
ရော စားသောက်စရာများပါ ဝိုင်းဝန်းအကူအညီပေးကြလေရာ
များစွာအဆင်ပြေသွားကြပေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၇ )

# သဘာဝကပေးသော သုတပညာများ

နီမောင်တို့လေးယောက်အား နေသူမရှိတဲ့ တဲတစ်လုံးမှာပင် ထားလေသည်။

ရွာလူကြီး ဇမုန်းထန်နေသောအိမ်နှင့် မဝေးသောကြောင့် အစားအသောက်များကိုလည်း ၎င်းတို့ကပင် လာပို့ပေးကြလေသည်။ နောက်တစ်ရက်၊ နှစ်ရက်ကြာတော့ နီမောင်က ထူးခြားမှုတစ်ခုကို သတိပြုမိလေသည်။

အခြားမဟုတ်ပေ. . .။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဇမုန်းထန်၏ သမီးဖြစ်သူ မဟူရာဆိုသော အမျိုးသမီးမှာ တောကျီးကန်းကြီးများနှင့် ခင်မင်ရင်းနှီးစွာ နေသည်ကို တွေ့ရခြင်းပင်ဖြစ်၏။

ကျီးကန်းများသည် လူနှင့်လက်ပွန်းတတီးနေလေ့ရှိသော သတ္တဝါမဟုတ်ကြပေ။

အခြား ကြက်တူရွေး၊ သာလိကာ စသောငှက်မျိုးနွယ်တို့မှာ လူများနှင့် နေလေ့ရှိသည်။

မွေးထားလျှင်လည်း အဆင်ပြေသည်။

အခြား သိန်းငှက်နှင့် လင်းယုန်စသော ငှက်ကြီးများမှာလည်း ရှေးအခါကပင် ကင်းထောက်လုပ်ငန်းများနှင့် အမဲလိုက်သော လုပ်ငန်းများတွင် လူတို့အသုံးပြုခဲ့ကြသည်။

ခိုလိမ္မာ၊ ကျေးလိမ္မာ တို့ကိုတော့ စာပို့သော လုပ်ငန်းများ၌ အသုံးပြုခဲ့ကြသည်။

ကျီးကန်းများမှာ လူတို့နှင့် အနေနီးကြသော်လည်း ယဉ်ကျေးသော သတ္တဝါမျိုး မဟုတ်ကြပေ။

အဘယ်ကြောင့်ဆိုလျှင်. . ကျီးသတ္တဝါတို့မှာ ၎င်းတို့မျိုးနွယ် အချင်းချင်းမှလွဲပြီး အခြားတိရစ္ဆာန်များကို မယုံကြည်သောကြောင့်ဖြစ်သည်။

လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အမြဲတမ်း သံသယမျက်လုံးဖြင့်ကြည့်ကာ သတိဖြင့်သာ နေလေ့ရှိသည်။

ရန်သူနှင့် တိုက်ခိုက်ရာမှာလည်း အခြားငှက်များနှင့်မတူဘဲ ညီညွတ်လေ့ရှိကြသည်။





ငှက်များထဲတွင် လူတို့နှင့် အနီးဆုံးမှာ အတွေ့များသောငှက်မှာ ကျီးငှက်ပင်ဖြစ်သည်။

သို့သော် လူနှင့် ရင်းနှီးစွာတော့ နေလေ့မရှိပေ။ လူနှင့်နီးသော အခြားငှက်တစ်မျိုးမှာ ခိုဖြစ်သည်။ ခိုကတော့ တစ်ခါအစာကျွေးလျှင် နောက်တစ်ကြိမ် လက်ဝါးပေါ်အထိ ရောက်အောင် လာစားသည်။

သို့ကြောင့် အဖမ်းခံစရာရှိလျှင် ခိုသာ အဖမ်းခံရပြီး ကျီးကန်းကတော့ အဖမ်းမခံကြရပေ။

အဘယ်ကြောင့်ဆိုသော်. . .

သတိကောင်းခြင်းနှင့် လျှင်မြန်ဖျတ်လတ်မှုမှာတော့ အခြား ငှက်များနှင့်မတူဘဲ ကွာခြားသောကြောင့်ဖြစ်သည်။

ကျီးကန်းသည်ဂုဏ်ရှိရဆန်သော ငှက်တစ်မျိုးပင်ဖြစ်သည်။ စုန်း၊ ကဝေ၊ ပရလောကသားများ၊ မိစ္ဆာများနှင့်လည်း ဆက်စပ်မှုရှိသည်။

ရှေးအခါက စုန်း၊ ကဝေပညာတတ်ကျွမ်းသူတို့မှာ လူစင်စစ်မှ လင်းတအသွင် ပြောင်းနိုင်သည်ဟု အဆိုရှိကြသည်။

ထို့ထက် ကျီးကန်းများသည် စုန်းကဝေပညာရှင်တို့အားကိုးရသော တိရစ္ဆာန်များဖြစ်သည်ကိုတော့ လူသိနည်းလှသည်။

ရှေးအခါက တောတောင်များထဲ သွားလာကြသူတို့မှာ အခြားအကြောင်းများကို သိထားရသလို ငှက်တို့၏ အကြောင်းများကိုလည်း သိထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျီးကန်းကို တောရောမြို့ပါ တွေ့မြင်နိုင်သည်ဆိုသော်လည်း အချို့နေရာများမှာ တစ်ကောင်တလေမျှ မတွေ့ရသည်မျိုးလည်းရှိပေသည်။

ကျီးမနေသော အရပ်သုံးပါးရှိသည်။

(၁) ငှက်ဖျားရောဂါပိုး ကြမ်းသောနေရာ၊

(၂) အစာရေစာ ငတ်မွတ်ခေါင်းပါးသောနေရာ၊

(၃) ဖုတ်၊ ပြိတ္တာ၊ သရဲသဘက်တို့ နှောက်ယှက်ဖျက်စီးခံရမည့်နေရာများ၊ ရွာများတွင် ကျီးများမနေဘဲ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားသဖြင့် မတွေ့ရပေ။

သို့ကြောင့် ရှေးက တောထဲတောင်ထဲသွားလာနေကြသူတို့မှာ ကျီးငှက်မတွေ့ရသော နေရာရောက်လျှင် ငှက်ဖျားရောဂါ မစွဲကပ်စေရန် ထိုအရပ်မှ မြေကြီးကိုယူ၍ ဆေးလုံးသဖွယ် လုံး၍ မြိုချသွားကြသည်။

ငှက်ဖျားနှင့်မြေကြီးမှာ ကက်ကင်းဓာတ်မိသဖြင့် ရောဂါမကျရောက်နိုင်သည်လည်း ဖြစ်တတ်ရာ၏။

အထက်မှာရေးခဲ့သည့်အတိုင်း ကျီးကန်းများသည် လူတို့နှင့်အနီးဆုံးမှာနေသော်လည်း လူတို့နှင့် ရင်းနှီးမှုမရှိသောငှက်တစ်မျိုးပင်ဖြစ်သည်။

တောထဲတွင်နေသော တောကျီးကန်းများ မဆိုထားနှင့် မြို့ပြတွင်နေသော ကျီးငှက်များပင် လူနှင့်နီးကပ်စွာ စိတ်ချလက်ချမနေကြပေ . . .။

လူအတော်များများက ကျီးငှက်ကို အရုပ်လည်းဆိုး၊ အ





သံလည်းဆိုးသည်ဟု ထင်တတ်ကြသည်။

သို့သော် ကျီးငှက်သည် အသံအကောင်းဆုံး၊ အသံအသာယာဆုံးငှက်များထဲတွင် ထိပ်ဆုံးမှပါဝင်လေသည်။

အိမ်တစ်အိမ်တွင် ရပ်ဝေးမှ ဆွေးမျိုးမိတ်သင်္ဂဟများရောက်လာတော့မည်ဆိုပါက သာယာသောအသံမျိုးဖြင့် အသိပေးသည်။ “ကျီးသာပါက ဧည့်သည်လာသည်” ဟု မှတ်ယူကြသည်။

ထို့ပြင် အစာဝပြီးသောအချိန်၊ ရန်သူကင်းသောအချိန်နှင့် ကျီးဖိုကျီးမ အဆင်ပြေနေသောအချိန်မျိုးတွင် သာသောအသံမှာ အခြားအသံသာသောငှက်များထက်ပင် အသံပိုပြီးသာသည်ကို ကြားရပေလိမ့်မည်။

ယခု မဟူရာဆိုသော အမျိုးသမီးရှိရာသို့ လာကြသောတောကျီးကန်းများမှာ သာမန်တွေ့နေမြင်နေကျ ကျီးများထက် အကောင်အရွယ်အစား ပိုကြီးသည်။

ရုတ်တရက်ကြည့်လျှင် ကျီးတစ်ကောင်နှင့်မတူပဲ သိန်းငှက်တစ်ကောင်နှင့်ပင် ပိုတူလေသည်။

တစ်ကိုယ်လုံး နက်မှောင်နေပြီး နှုတ်သီးကပိုရှည်သည်။ မျက်လုံးကလည်း အနက်ရောင်နှင့် အနီရောင် ရောထားသကဲ့သို့ ရှိသည်။

နံနက်လင်းပြီဆိုသည်နှင့် မဟူရာက အဆင်သင့် ပြုလုပ်ထားသော အစားအစာများထည့်ထားသည့် တောင်းတစ်လုံးကိုယူကာ တောစပ်သို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသွားသောနေရာမှာ အိမ်နှင့်မဝေးလှပေ။

ထိုနေရာတွင် ကျောက်ရေအိုင်ငယ်တစ်ခု ရှိသည်။ သူမရောက်သွားလျှင် သစ်ပင်သစ်ကိုင်းများပေါ်မှာ နားနေကြသော တောကျိုးကန်းကြီးများက အောက်သို့ ပျံဆင်းလာကြလေသည်။

စုစုပေါင်း ဆယ်ကောင်ခန့်ရှိသည်။

အကယ်၍ နံနက်ပိုင်း မဟူရာ ထွက်မလာသေးလျှင် ရောက်နေသောနေရာမှ အသံပေးလေ့ရှိသည်။

မဟူရာမရှိသည့်အခါမှာတော့ တစ်ယောက်ယောက်က အစာတောင်းကိုယူသွားပြီး ပုံကျွေးရသည်။

ထိုသို့ ကျွေးလျှင်တော့ သစ်ပင်ပေါ်မှ ကြည့်ရှုံသာကြည့်နေပြီး အောက်သို့ဆင်းမလာကြပေ။

အစာကျွေးသူ ပြန်သွားတော့မှ သစ်ပင်ပေါ်မှ ဆင်းလာပြီး စားသောက်လေ့ရှိသည်။

မဟူရာဆိုသော မိန်းကလေးမှာ အသက်(၂၅)နှစ်ခန့်ရှိပြီး ရွာလူကြီး ဇမုန်းထန်၏ တစ်ဦးတည်းသော သမီးဖြစ်သည်။ ငယ်ရွယ်စဉ်ကတည်းက အနက်ရောင်ကိုသာ ဝတ်ဆင်လေ့ရှိသဖြင့် 'ကျိုးကန်းမ' ဟု ချစ်စနိုးခေါ်ကြသည်။

ငယ်ရွယ်စဉ်ကတည်းက မဟူရာ၏ ထူးခြားသောအချက်မှာ တောကျိုးကန်းများက သူ့ကို ချစ်ခင်ကြခြင်းဖြစ်၏။ သူမခေါ်လျှင် အနားရောက်အောင်လာသည်။

ကျွေးလျှင်လည်း ရဲရဲတင်းတင်းနှင့်ပင် လာစားလေ





ည်။ ထိုထက်ပိုပြီး ဆန်းကြယ်သောအချက်မှာ. . .

သူမပြောသော စကားအဓိပ္ပာယ်ကိုလည်း တောကျိုးန်းကြီးများက သဘောပေါက်နားလည်ကြပြီး၊ တောကျိုးကန်းားပြောသော မာဂဓစကားအဓိပ္ပာယ်ကိုလည်း မဟူရာက နားည်ခြင်းပင်ဖြစ်ပေသည်။

ဒါကတော့ ထူးဆန်းသည်တော့မဟုတ်ပေ။

ရှေးအခါကပင် လူတို့သည် ကျေးငှက်တို့ပြောသော ာဂဓစကား အဓိပ္ပာယ်ကို သိနားလည်ကြသည်။

နဂါးနိုင်မင်း မောင်ပေါက်ကျိုင်းဇာတ်တွင် ကျီးဖိုကျီးမ ပြောသော မာဂဓစကားအဓိပ္ပာယ်ကို သိနားလည်သဖြင့် ပဟေ ားကို ဖြေနိုင်ပြီး အန္တရာယ်မှ လွတ်မြောက်ခဲ့သော သာဓကည်း ရှိခဲ့ပေသည်။

သို့ကြောင့် မဟူရာဆိုသော အမျိုးသမီးမှာလည်း ငယ် ဉ်ကတည်းကပင် တောကျိုးကန်းများနှင့် အတူတူနေခဲ့သော ကြောင့် ၎င်းတို့အမူအကျင့်၊ ဟန်အမူအရာနှင့် မာဂဓစကားသံ ားကို နားလည်သဘောပေါက်နေခြင်းပင်ဖြစ်သည်။

နီမောင်တို့ကတော့ ထိုအခြေအနေမျိုးကို ယခုပင်တွေ့ ခြင်ဖူးကြသောကြောင့် အထူးအဆန်းဖြစ်နေကြလေသည်။

"အဘ ဟိုအမျိုးသမီးက တောကျိုးကန်းတွေနဲ့ အတော် ် ရင်းနှီးတယ်၊ တောကျိုးကန်းတွေကလည်း သူ့ကို မကြောက် အပြင် ခင်တောင်နေကြသေးတယ်၊ သူအစာကျွေးရင် အနား လာစားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကပြောတော့ ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးနေရာမှ တစ်ချက်လှမ်းကြည့်လိုက်သည်။

"လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး မေတ္တာနဲ့ ဆက်ဆံကြရင် ဒီလိုပဲ ခင်မင်ရင်းနှီးတတ်ကြတာပါပဲ"

"ဒါပေမယ့် သူက တောကျီးကန်းတွေပြောတဲ့ စကားကို နားလည်တယ်၊ သူပြောရင်လည်း တောကျီးကန်းကြီးတွေ နားလည်ကြပုံရတယ်"

"ဒါလည်း အထူးအဆန်းတော့ မဟုတ်ပါဘူးကွာ၊ ရှေး ခေတ်အခါက လူတွေဆိုရင် တိရစ္ဆာန်တွေရဲ့စကားကို နားလည် သဘောပေါက်ကြတာပဲ၊ ပါဠိဘာသာနဲ့ သက္ကတဘာသာတွေ တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေဟာ မာဂဓဘာသာစကားကို နားလည် သဘောပေါက်ကြတယ်. ."

"ဒါဖြင့် တိရစ္ဆာန်တွေရဲ့ ဘာသာစကားတိုင်းကို နား လည်ကြသလားအဘ"

"ဒီလိုတော့လည်း မဟုတ်ပြန်ဘူး၊ တချို့တိရစ္ဆာန်တွေ မှာ ဘာသာစကားရှိပေမယ်၊ တချို့မှာတော့ မရှိဘူး၊ ဒါပေမယ့် ဘယ်တိရစ္ဆာန်မဆို အသံနဲ့ဟန်အမူအရာတော့ရှိကြတယ်၊ တချို့ ပိုးမွှားသတ္တဝါတွေဆိုရင် အသံမရှိတော့ အချက်ပြစနစ် သုံးပြီး တစ်ကောင်နဲ့တစ်ကောင် ဆက်သွယ်နိုင်ကြတယ်"

"စိတ်ဝင်စားစရာပဲ. . ."

"ဥပမာ ပျားတွေဆိုပါတော့ တစ်ကောင်နဲ့တစ်ကောင် အချက်ပြစနစ်သုံးပြီး အဆက်အသွယ်ပြုကြတယ်"





"ဘယ်လို ပြုလုပ်တာလည်း အဘ"

"အစာထွက်ရှာတဲ့ ပျားတစ်ကောင်က အစာတွေ့ပြီဆို ...ာနဲ့ သူနေတဲ့ပျားလပို့ရှိတဲ့နေရာ ပျံသွားတယ်၊ ပျားလပို့ရောက် ...ာနဲ့ ပျားလပို့ပေါ်မှာ ပတ်ချာလည် ကပြတယ်၊ ပထမ ညာရစ်၊ ...နောက်ဘယ်ရစ်လိုက်နဲ့ ကပြတာကိုတွေ့ရင် တခြားပျားတွေက ...ါ အစာတွေ့လာပြီဆိုတာ သိကြတယ်၊ နောက်တော့ အစာတွေ့ ...တဲ့ပျားနောက်ကို လိုက်သွားကြတယ်၊ ငှက်တွေလည်း ဒီလိုပဲ ...အသံနဲ့သော်လည်းကောင်း၊ ဟန်အမူအရာနဲ့သော်လည်း ...ကောင်း အဆက်အသွယ်ပြုလုပ်ကြတယ်"

ဟု ငှက်များအကြောင်းကို ပြောပြသည်။

ငှက်များ၏ သဘောသဘာဝအရ ငှက်လောကတွင် ...ဘာသာဘာဝ ဖိုသံပေးတတ်ကြသည်။

မြန်မာနိုင်ငံတွင် ရာသီဥတုသည် နှစ်လုံးပေါက်ကောင်း ...နေသဖြင့် ရာသီဥတုအပြောင်းအလဲကိုလိုက်ပြီး ငှက်ကလေး ...များ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲ၍ တွေ့မြင်ရတတ်သည်။

အနောက်နိုင်ငံများတွင် ဒီဇင်ဘာလကစပြီး သုံးလခန့် ...သည် နှင်းများကျ၊ ရေများခဲတတ်သဖြင့် ငှက်ကလေးများကို ...မြင်တွေ့ရရန် ခဲယဉ်းပေသည်။

မြန်မာလို ဆောင်းနှောင်းရာသီဟု ခေါ်သော အနောက် ...နိုင်ငံ၏ စပရင်းရာသီရောက်လျှင် ငှက်ကလေးများ၏အသံကို ...ကြားကြရပြီး ငှက်ကလေးများကို မြင်တွေ့ရပြီဖြစ်သည်။

အဆိုပါ ရာသီတွင် ဦးဦးဖျားဖျား ရောက်လာတတ်သည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ငှက်ဖိုလေးများဖြစ်သည်။

စတင်ရောက်လာသည့် ငှက်ဖိုလေးများသည် သစ်ပင်ပေါ်မှာဖြစ်စေ၊ ခြုံပုတ်တွင်းမှာဖြစ်စေ သင့်လျော်သည့် နေရာကို ရွေးချယ်၍ အသိုက်ဆောက်ကြသည်။

အသိုက်ဆောက်ပြီးသည်နှင့် အသိုက်ထဲကနေ သီချင်းဆိုတတ်ကြသည်။

ငှက်ဖိုသည် သူ့ပိုင်နက်သူထူထောင်ပြီးသည်နှင့် အခြားငှက်ဖိုကို သူ့အသိုက်တွင်းသို့ လွယ်လွယ်နှင့် အဝင်မခံတော့ပေ။

အကယ်၍ ငှက်သိုက်တွင်းသို့ ဝင်လိုပါက မူလငှက်ဖိုနှင့် ညှော်သည်ငှက်ဖိုတို့သည် အဆိုပြိုင်ကြတော့သည်။

သာဓကအဖြစ် မြေလူးငှက်ကလေးများကို လေ့လာကြည့်နိုင်ပါသည်။

မြေလူးငှက်အဖိုနှစ်ကောင် အဆိုပြိုင်ကြရင် တစ်ကောင်နှင့်တစ်ကောင် သိပ်ကပ်သွားပြီး နောက်ဆုံးတွင် တစ်ကောင်ကောင်က ထွက်ပြေးသွားရသည်။ ကျန်ရစ်ခဲ့သည့် မြေလူးငှက်အဖိုက အသိုက်တွင် နေခွင့်ရပေသည်။

သီချင်းမဆိုတတ်ကြသော ငှက်တို့၏ ဖိုသံပေးသံမှာ တစ်မျိုးဖြစ်သည်။

သာဓကအဖြစ် သစ်တောက်ငှက်ကလေးများကို လေ့လာကြည့်နိုင်ပါသည်။

အဆိုပါငှက်သည် သစ်ပင်ကို "ဒေါက်. . ဒေါက် . . ဒေါက်. . ဒေါက် " မြည်အောင်ခေါက်တတ်သောကြောင့် "သစ်တောက်ငှက်" ဟူ၍ ခေါ်ခြင်းဖြစ်သည်။





သစ်တောက်ငှက်အဖိုသည် နယ်မြေဦးထားတတ်ကြပြီး ညီသည့်ပြိုင်ဘက်ကိုမှ သူ့ပိုင်နယ်ထဲသို့ အဝင်မခံပေ။

သစ်တောက်ငှက်အဖိုသည် နယ်မြေဦးပြီးပါက ငှက်အမများကြားအောင် ဖိုသံပေးတတ်သည်။

ဖိုသံပေးပုံမှာ သီချင်းမဆိုတတ်သဖြင့် သစ်ပင်ရှိ သစ်ခေါင်းများကို သူ့နှုတ်သီးကြီးနှင့် "တဒေါက်ဒေါက်" ခေါက်ခြင်းဖြစ်သည်။

သစ်တောက်ငှက်အဖိုသည် ငှက်မတစ်ကောင်ကောင်နှင့် မတွေ့ရမီ တစ်နေ့လျှင် အခါပေါင်းရာ/ခြောက်ရာခန့် တဒေါက်ဒေါက် ခေါက်တတ်ကြသည်။

အချို့သစ်တောက်ငှက်အဖိုများသည် တစ်နေ့လျှင် အချက် (၈၀၀၀)ကနေ (၁၀၀၀၀)အထိ ခေါက်နိုင်ကြသည်။

သစ်တောက်ငှက်အဖို၏ သစ်ခေါင်းကို "ဒေါက်. . ဒေါက်" ခေါက်သံ ကျယ်လွန်းလျှင် (၆)ဖာလုံ (၇)ဖာလုံ အကွာအဝေးခန့်မှ ကြားရနိုင်သည်။ ထိုအသံဖြင့် ဖိုသံပေးနေတတ်သည့် သစ်တောက်ငှက်အဖိုထံ ငှက်မဝင်လာလျှင် ဖြစ်စေ၊ အခြား ငှက်ဖိုဝင်လာလျှင်ဖြစ်စေ သစ်တောက်ငှက်အဖိုသည် ငှက်အဖို၊ ငှက်အမကို ချက်ချင်း ခွဲခြားနိုင်သည်။

သစ်တောက်ငှက်အဖိုထက် အမ၏အမွေးအတောင်သည် ပို၍အရောင်မွဲသည်။"

"ဖလစ်ကာ" ဟုခေါ်သည့် သစ်တောက်ငှက်အကြီးစား



www.burmeseclassic.com

www.burmeseclassic.com



တို့တွင် ငှက်ဖို၏ မျက်စိအောက် နှုတ်သီးဘေးနှစ်ဖက်တွင် အမွေးမည်းမည်းထူထူ (သို့မဟုတ်) အမွေးနီနီထူထူ ရှိတတ်ကြသည်။

ဖလစ်ကာသစ်တောက်ငှက်အမ၏ နှုတ်သီးဘေးတွင် အမွေးမရှိပေ။

ဤနည်းဖြင့် အမေရိက၊ ကနေဒါတို့တွင် အတွေ့ရများသော ဖလစ်ကာ သစ်တောက်ငှက် အဖို၊ အမကို လွယ်ကူစွာ ခွဲခြားနိုင်ပေသည်။

ငှက်တို့၏ သဘာဝအရ အချို့ငှက်များသည် ရုပ်ရည်သွင်ပြင်ကို ကြည့်ရုံမျှဖြင့် အဖိုအမခွဲခြား၍ မရပေ။

သာဓကအဖြစ် စာကလေးများကို လေ့လာကြည့်နိုင်ပါသည်။

စာကလေးများသည် တစ်ကောင်နှင့် တစ်ကောင် အလွန်တူကြသည်။

စာကလေးတစ်ကောင်နှင့်တစ်ကောင် ပထမအကြိမ်တွေ့ပါက စာဖိုက ၎င်း၏အမွေးများကို ထောင်ပြသည်။

စာအဖိုနှင့်စာအဖိုချင်းတွေ့လျှင် အခြားစာဖိုကလည်း ပြန်၍ အမွေးထောင်ပြပေမည်။ ပြန်လည်တိုက်ခိုက်လိုခြင်းဖြစ်သည်။

အကယ်၍ စာအမဖြစ်လျှင်မူ စာဖိုကဲ့သို့ ပြန်၍ အမွေးထောင်ပြခြင်းမပြု။ ထွက်ပြေးခြင်းလည်းမပြုပေ။ စာအမသည် ဝပ်သကဲ့သို့ အမူအရာပြပြီး အသံစာစာဖြင့်ဆိုမြည်၍ စာအ





ဖြစ်ကြောင်း ပြသည်။

ထိုအမူအရာကိုကြည့်၍ စာအဖိုက စာအမဖြစ်မှန်း သိရှိသွားသည်။

အချို့ငှက်ကလေးများသည် စာမကလေးကဲ့သို့ အသံစာစာဖြင့် ဆိုမြည်ခြင်းမပြုနိုင်သဖြင့် အဖိုနှင့်တွေ့ပါက ထွက်မပြေးပဲ ခပ်တည်တည်ရပ်ပြပြီး အမ၏လက္ခဏာကို ပြကြသည်။

ဤနည်းဖြင့် အဖိုနှင့်အမတို့ အချင်းချင်း ဆက်သွယ်မှုပြုတတ်ကြသည်။

ငှက်များတွင် အဖိုနှင့်အမတို့ ပိုးပန်းသည့် အမူအရာများရှိတတ်ကြသည်။

သာဓကအားဖြင့် စင်ရော်ငှက်များကို လေ့လာကြည့်နိုင်ပါသည်။

စင်ရော်ငှက်များတွင် တစ်ကိုယ်လုံးဖြူပြီး ခေါင်းကနှုတ်သီးအထိ မည်းနေသည့်ငှက်မျိုးကို “ခေါင်းမည်းစင်ရော်” ဟုခေါ်သည်။

ခေါင်းမည်းစင်ရော်တို့သည် အသံရှည်ကြီးဆွဲ၍ ဖိုသံပေးတတ်ကြသည်။

ထိုအသံကြားလျှင် စင်ရော်အထီးများက ဝေးရာသို့ ရှောင်သွားကြပြီး စင်ရော်အမတို့က သာယာမှုရှိကြသည်။

အဖို၏အသံကို သာယာသည့် စင်ရော်ငှက်မသည် ငှက်ဖိုအော်သည့်နေရာသို့ ပျံဆင်းလာပြီး တစ်ကောင်နှင့်တစ်ကောင် မျက်နှာချင်းဆိုင်ပြီး ရပ်ကြသည်။

www.burmeseclassic.com



ခဏအကြာတွင် ကိုယ်ကိုမတ်မတ်ရပ်၍ တစ်ကောင်က တစ်ကောင် မျက်နှာလွှဲကြည့်ကာ စင်ရော်အမ ပျံထွက်သွားပါတယ်၊ စင်ရော်အမက ဤစင်ရော်အဖိုကို မနှစ်သက်သည့် သဘောဖြစ်သည်။

ဤသို့ဖြင့် စင်ရော်မလေးသည် စင်ရောဖိုများ အော်နေသည့်နေရာသို့ တစ်နေရာပြီးတစ်နေရာ လှည့်သွားပြီး ရွေးချယ်မှုပြုပါသည်။

မကြာမီ မျက်နှာချင်းဆိုင်ရပ်မိသည့် စင်ရောဖိုတစ်ကောင်ကို စင်ရော်မက သဘောကျသွားသည်။

ထိုစင်ရော်မသည် အဝေးသို့ မပျံတော့ပဲ သဘောကျသည့် စင်ရောဖိုနားမှာပဲ ခဏခဏ ပျံတက်ပျံဆင်းလုပ်နေသည်။

နောက်ဆုံးတွင် စင်ရော်မက ခေါင်းကို ဆတ်ခနဲ ဆတ်ခနဲ လုပ်ပြသည့်အခါ စင်ရော်ဖိုက အစာယူလာပေးသည်။

ဤသို့တစ်ဆင့်ပြီးတစ်ဆင့် တစ်ကောင်ကိုတစ်ကောင် နားလည်ပြီးမှ ခေါင်းမည်းစင်ရော်အဖိုနှင့်အမတို့ မေတ္တာမျှကြပါသည်။

ငှက်များသည် တစ်ကောင်နှင့်တစ်ကောင်၊ အဖိုနှင့်အမ နားလည်မှုကိစ္စများတွင် ကိုယ်အမူအရာများ၊ အသံများသည် လွန်စွာအရေးပါလှသည်။

ငှက်အချို့သည် တေးဆိုပြခြင်း၊ ငှက်အချို့သည် မိမိ၏အမွေးအတောင် တောက်တောက်ပပလေးကို ပြခြင်း၊ ငှက်အချို့သည် မိမိ၏အမွေးများကို ဖြန့်၍ ပတ်ချာလှည့်နေခြင်း၊ ငှက်အ





ချို့သည် လေထဲကို ရုတ်ခနဲပျံတက်သွားခြင်း၊ ငှက်အချို့မှာမူ ၎င်း၏နှုတ်သီးက "ကျိကျိ" ဟူသော အသံမျိုးပြုလုပ်ခြင်းများဖြင့် အဖိုနှင့်အမဟန်ရေးပြကာ နားလည်မှု ယူတတ်ကြပေသည်။

သာဓကအားဖြင့် ဗျိုင်းကိုလေ့လာကြည့်နိုင်ပါသည်။

ဗျိုင်းသည် သူ့ပိုင်နက် သစ်ပင်ပေါ်မှာထိုင်ကာ နှုတ်သီးကို အပေါ်ထောင်ပြီး "ဟူး" ဟူ၍ ပထမအော်ပါသည်။

၎င်းနောက် သူ့ကိုယ်ကို ငုံ့ပြီး အသိုက်ဘက်သို့ "အူး" ဟူ၍ လှမ်းအော်လိုက်ပါသည်။

ဗျိုင်းဖိုသည် ဤသို့အချိန်ကြာမြင့်စွာ ဖိုသံပေးနေသည်။

ဤသို့ဖြင့် ဗျိုင်းမလေးရောက်လာသောအခါ ပထမတွင် ရန်လိုသကဲ့သို့ နှင်ထုတ်လိုက်သည်။

ဗျိုင်းမလေးက အဝေးသို့ ပျံမသွားသည့်အခါတွင် ဗျိုင်းဖိုက တုတ်ချောင်းလေးတစ်ချောင်းကို ကိုက်ချီ၍ ဗျိုင်းမလေးကိုပေးသည်။

ဗျိုင်းဖိုပေးသည့် တုတ်ချောင်းလေးကို ထိုဗျိုင်းမကလက်ခံ၍ ကိုက်ချီလိုက်ပါမှ နှစ်ကောင်သား နားလည်မှုရှိစွာ အသိုက်အတူဆောက်၍ မေတ္တာမျှကာ အတူနေထိုင်ကြပါသည်။

စင်ရော်နှင့် ဆင်ဆင်တူသော မြစ်တွေးငှက်များ ကြင်ဖော်ရှာပုံကို ဖော်ပြပါဦးမည်။

မြစ်တွေးငှက်ဖိုသည် ငါးတစ်ကောင်ကို နှုတ်သီးမှာ ကိုက်ချီခဲထားပြီး ကမ်းခြေမှာ စုန်ချည်ဆန်ချည် ဟန်ရေးပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အခြားမြစ်တွေးငှက်တစ်ကောင်သည် ထိုငှက်ဖိုနားသို့ ရောက်လာပြီး သစ္စူတ်သီးထဲက ငါးကလေး ကိုက်ချီယူလိုက်ပြီဆိုပါက ထိုငှက်သည် မြစ်တွေးငှက်မဖြစ် သည်။

မြစ်တွေးငှက်ဖိုနှင့် ငှက်မတို့သည် တစ်ကောင်နှင့်တ ကောင် အလွန်တူကြသဖြင့် အဖိုအဖခွဲခြားရန် ခက်သည်။

မြစ်တွေးငှက်ဖိုသည် အခြားမြစ်တွေးငှက်တစ်ကော က သစ္စူတ်သီးထဲက ငါးလေးကို ကိုက်ချီယူသည့်အခါ ချက်ချ ကြီး အလွယ်တကူ လွှတ်မပေးလိုက်သေးပါ။ လွန်ဆွဲသကဲ့ ငါးကို တအားခဲထားပြီး ငှက်မမှန်းသေချာမှ ငါးကို လွှတ် လိုက်သည်။

အနောက်နိုင်ငံများတွင်ရှိသည့် ပင်ဂွင်းငှက်အဖို အမတို့သည်လည်း အထီးနှင့်အမ ခွဲရခက်ပါသည်။

သို့ဖြစ်၍ ပင်ဂွင်းငှက်တို့၏ အလေ့အထများကို လာကြည့်ရှု၍ အဖိုနှင့်အမတို့ကို ခွဲခြားနိုင်ပါသည်။

ပင်ဂွင်းအဖိုသည် အမရှိသည့်နေရာသို့ လျှောက်သွ ပြီး ပင်ဂွင်းအမ၏ ခြေရင်းမှာ ကျောက်စရစ်ခဲလေးများကို ပြီး လက်ဆောင်ပေးပါသည်။

အဆိုပါလက်ဆောင်ချပေးသည့် ကျောက်စရစ်ခဲ များကို ပင်ဂွင်းအမက လက်ခံပါလျှင် မေတ္တာမျှကာ အဖော် ရရှိသွားလေသည်။

ဒေါင်းငှက်များကို လေ့လာကြည့်ပါက ဒေါင်းဖိုသည်





ငင်း၏ လှပသောအမွေးအတောင်များကို ဖြန့်၍ ရှိုးထုတ်ပြီး ဒေါင်းမကိုပြသည်။

ဒေါင်းဖိုသည် ဒေါင်းတောင်များကို ဖြန့်ထားလျက် အမ ရှိရာသို့ နောက်ပြန်သွားသည်။

ပြီးလျှင် ရုတ်တရက် ချာခနဲလှည့်ကာ အတောင်များကို တဖျပ်ဖျပ်ရိုက်၊ ခြေကိုဆောင့်ပြီးလျှင် စူးစူးဝါးဝါးကြီး အော် လိုက်ပါသည်။

ဤသို့ဖြင့် ဒေါင်းဖိုသည် မိမိ၏ဆန္ဒကို ဒေါင်းအမသိ ရန် အမူအရာ၊ အသံနှင့် ရုပ်အပြများကို အသုံးပြုပါသည်။

ကြက်၊ ငှက်စသည့် တိရစ္ဆာန်လောကတွင် နယ်မြေကြေ ညာသံများ၊ အမကို ဆွယ်သည့် ဖိုသံပေးခြင်းသာမက အခြား သော အချက်ပေးအသံများကိုလည်း အသုံးပြုတတ်ကြသည်။

အမိနှင့်သား အချက်ပေးအသံများကို သိနိုင်ရန် ကြက် ကလေးများနှင့် ကြက်မကြီး၏ အသံများကို လေ့လာကြည့်နိုင် ပါသည်။

ကြက်ဥမှ ပေါက်ထွက်လာသည့် ကြက်ပေါက်စကလေး များသည် အကောင်ပေါက်စ (၁၅)မိနစ်ခန့်အကြာတွင် အမေ ပျောက်နေသည့်အခါတွင်ဖြစ်စေ၊ ရာသီဥတုအေးလျှင်ဖြစ်စေ၊ ဆာလောင်လျှင်ဖြစ်စေ အသံပေးတတ်ကြသည်။

ကြက်မကြီးသည် ကြက်ငယ်လေးများ၏ အော်သံကြား မှ ဂရုပြုတတ်ကြသည်။

ကြက်အမေနှင့် အဆက်အသွယ်လုပ်သည့်အခါ ကြက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများသည် အသံသုံးမျိုး သုံးတတ်ကြသည်ကို နားလည်စွာ လိုက်နာကြသည်။

ပထမတစ်မျိုးမှာ ကြက်အမေကြီးနှင့် ကြက်ငယ်ကလေးများ အတူတူလျှောက်သွားနေစဉ်တွင် ကြက်မကြီး၏ အသံက 'ကလပ်၊ ကလပ်'ဟူ၍ အော်မြည်လျှင် 'လိုက်ခဲ့ကြ၊ လိုက်ခဲ့ကြ" ဟူ၍ ခေါ်သည့်အသံဖြစ်သည်။

ဒုတိယအသံတစ်မျိုးမှာ အစာများတွေ့သည့်အခါ.. ကြက်မကြီး၏ အသံက 'ကု(က်)၊ ကု(က်)' ဟူ၍ အော်မြည်လျှ 'ကလေးတို့ရေ လာကြ၊ လာကြ'ဟူ၍. : ခေါ်သည့်အသံဖြ ကြောင်း နားလည်သိရှိကာ ကြက်ကလေးများသည် ကြက်မကြီ ရှေ့သို့ အစာရှိရာသို့ အပြေးအလွှား သွားတတ်ကြသည်။

တတိယအသံတစ်မျိုးမှာ ညအိပ်တန်းတက်ကာနီး ခေါ် ရှည်ရှည်နဲ့ ခပ်တိုးတိုး အော်မြည်သံဖြစ်ပါသည်။

'ဟဲ့. . ကလေးတွေ၊ ဒီနားမှာ လာအိပ်ကြတော့" ဟူ ခေါ်သည့်အသံ ဟူ၍ နားလည်သော ကြက်ကလေးများသည် အမေနှင့်အတူ အိပ်ကြပေသည်။

ခေါင်းပေါ်မှာ သိမ်းငှက်များ၊ စွန်ငှက်များ ပျံသွားသည် ကို မြင်ရလျှင် ကြက်အမေကြီးသည် အသံရှည်ကြီးဖြင့် အော် လေသည်။ ဤသို့သော အသံရှည်အော်သံကိုကြားရလျှင် ကြက် ကလေးများသည် နီးရာအကာကွယ်အောက်သို့ ဝင်ပြေးကြ သည်။

အနီးအနားသို့ ခွေးတစ်ကောင်ကောင် ရောက်





လာလျှင်မူ "ကပ်ကပ် ကားကား" ဟူသော အသံမျိုးသာ ကြားရပေသည်။

ဤသို့ ခပ်တိုတိုခပ်တိုးတိုး အသံမျိုးကြားရလျှင် ကြက်ကလေးများသည် ပြာပြာသလဲမဖြစ်ကြဘဲ ရောက်သည့်နေရာမှာရပ်၍ သတိအနေအထားဖြင့် ငြိမ်နေတတ်ကြပါသည်။

ငှက်များတွင် အချင်းချင်း အန္တရာယ်အချက်ပေးအသံများလည်း ရှိတတ်သည်။

သာဓကအားဖြင့် ပင်လယ်စင်ရော်များကို လေ့လာကြည့်နိုင်ပါသည်။

ပင်လယ်စင်ရော်များသည် ဆောင်းဥတုတစ်လျှောက်လုံး အုပ်စုဖွဲ့နေထိုင်တတ်ကြသည်။

ပင်လယ်စင်ရော်တစ်ကောင်က အချက်ပေးအသံ ပေးလိုက်လျှင် ကြားကြားသမျှ အခြားပင်လယ်စင်ရော်များသည် ထို အသံကြားရာနေရာသို့ စုပြုံပျံသန်းလာကြသည်။

ထို့နောက် တကယ့်အချက်ပေးသံကြားလိုက်ရလျှင် ပင်လယ်စင်ရော်များသည် မြင့်သထက်မြင့်အောင် တစ်အုပ်ကြီး ပျံထွက်ပြေးကြပါသည်။

အပြင်မှာရှိနေကြသည့် စင်ရော်များသာမက ဥထဲမှာရှိသေးသည့် စင်ရော်သားလေးများသည် အန္တရာယ်အချက်ပေးသံများကြားရပါက လှုပ်တုပ်လှုပ်တုပ် မလှုပ်တော့ဘဲ ငြိမ်သက်နေကြပေသည်။ ဥကပေါက်ခါစ စင်ရော်ပေါက်ခလေးများသည် အန္တရာယ်အချက်ပေးသံကြားရလျှင် အသိုက်ထဲမှာ ပြားပြားဝပ်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

မွေးပြီး တစ်ရက်သားအရွယ် စင်ရော်ကလေးများသ
အန္တရာယ်အချက်ပေးသံကြားရလျှင် နီးရာသဲပြင်ဆီကို ကုန်း
ပြီး လွတ်ရာလွတ်ကြောင်း သွားတတ်ကြသည်။

အန္တရာယ်အချက်ပေးသံကို စင်ရော်ငှက်အရွယ်မျိုးစုံ
သိရှိနားလည်ကြပေသည်။

ဆက်ရက်ငှက်များသည်လည်း အန္တရာယ်ရှိလာပါ
တစ်ကောင်ကိုတစ်ကောင် စူးစူးဝါးဝါး အော်သံပေးပြီး အန္တရာ
ရှိကြောင်း အသံဖြင့် အချက်ပြတတ်ကြသည်။

အစာတွေ့လျှင် အဖော်များကို အချက်ပေး၍
တတ်သည့် စင်ရော်ငှက်ကလေးများ၏ သဘာဝသည် အ
ချစ်ပြီး ဝေမျှစားတတ်သည့် စိတ်ဓာတ်ကို ဖော်ပြပေးသည်

စင်ရော်အဖေအမေများက အသံတစ်မျိုးပေးလိုက်
စင်ရော်ပေါက်စလေးများက သူ့မိဘများရဲ့ နှုတ်သီးကို တို့
အစာတောင်းလေ့ရှိပါသည်။

စင်ရော်မိခင်များသည် သားသမီးများကို အစားအ
အသင့်ရှိပြီဆိုပါက အရောင်ဖြင့် အချက်ပြတတ်ပေသေးသ

သားပေါက်ပြီးစ မိခင်စင်ရော်ရဲ့ နှုတ်သီးထိပ် အ
ရောင်နောက်ခံမှာ အနီရောင်အစက်ကလေးပေါ်နေတာ
ပြီး အစာအသင့်ရှိနေပြီဟု စင်ရော်ပေါက်စလေးတွေက
ပါသည်။ ထိုအခါမှ မိခင်စင်ရော်မ၏ နှုတ်သီးကို တို့တို့ပြီး
ရော်လေးတွေက အစာတောင်းပါသည်။





စာပေါက်စကလေးများသည် မွေးကာစ မျက်စိမပွင့်ခင်
တည်းက တစ်ခုခုလှုပ်ရှားသံ ကြားလိုက်သည်နှင့် သူတို့၏
ါးစပ်ကြီးကို ဟဟပြီး အစာတောင်းပါသည်။

စာမိဘများက အစာရှာလာပြီး အသိုက်ပေါ်မှာ နား
ိုက်သည်နှင့် စာပေါက်စကလေးများ၏ ပါးစပ်များသည် ပွင့်
ုက်သား ဖြစ်နေပေပြီ။

စာပေါက်စကလေးများသည် တစ်ပတ်သားခန့်ရ၍
ျက်လုံးကောင်းကောင်းပွင့်သည့်အခါတွင်မူ စာအမေ စာအဖေ
ိုမြင်မှ၊ သို့မဟုတ် စာမိဘများက လေချွန်သံလိုမျိုးလေး တိုးတိုး
းမှ ပါးစပ်ဟပေးလေသည်။

ထိုသို့စာမိဘများ၏ အစာကျွေးမည့် လေချွန်သံလေး
ျားကို ကြားရသည့်အခါ စာကလေးများကလည်း အစာတောင်း
သည့်အသံများ ပြုတတ်လာကြသည်။

စာကလေးများ နည်းနည်းကြီးလာ၍ အသိုက်မှ ခွာစပြု
သည့်အခါ အစာမရှာတတ်သေး၍ လုံလောက်သည့်အစာရှာ
ရသည့်အခါတွင် စာကလေးက အစာတောင်းသည့် အသံများ
းကြပါသည်။

ထိုအခါ စာမိဘများက အစာရှာဖွေယူလာပြီး အစာ
ာနေသည့် စာကလေးများကို အစာကျွေးတတ်ကြသည်။

ငှက်များတွင် အုပ်စုအချက်ပြမှုများလည်း ရှိတတ်ပါ
သည်။

တေးဆိုငှက်ကလေးများသည် တစ်ကောင်ကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် အချိန်ပြည့် အသံပေးနေတတ်ကြပါသည်။

"ငှက်ကလေးတွေ စိုးစီစိုးစီ၊ ဝင်ပေါက်မှာမြည်"

ဤကဗျာတွင်ပါသည့်အတိုင်း ငှက်ကလေးများ၏ "စိုးစီ စိုးစီ" ဟူသော အသံမျိုးကို ကြားဖူးကြပေမည်။

စာကလေးများကို သာဓကအဖြစ် လေ့လာကြည့်နိုင်ပါသည်။ စာကလေးတစ်အုပ်သည် မြေကြီးပေါ်မှာ အစာကောက်နေကြပါသည်။

စာကလေးတစ်ကောင်သည် ရုတ်တရက် ခြုံလေးတစ်ခုပေါ် ပျံတက်သွားပြီး အသံပြုကာ လှမ်းခေါ်ပါသည်။

ထိုစာကလေးက အသံဖြင့် အချက်ပေးကာ တဖြည်းဖြည်းအပေါ်ကိုင်းများရှိရာသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်တက်သွားပါသည်။

မြေကြီးပေါ်မှာ အစာရှာနေသည့် စာကလေးများသည် အစာစားနေသည်ကို ရုတ်တရက် ရပ်လိုက်ကြသည်။

ပြီးလျှင် သူတို့လည်း ခြုံထဲကိုပျံဝင်သွားပြီး စောစောက စာကလေးလိုပဲ ခေါ်သံများပေးကြသည်။

ခဏအကြာတွင် စာကလေးတစ်ကောင်သည် ထိုခြုံပေါ်ကနေပြီး အခြားခြုံပေါ်ကို ပျံပြေးပါသည်။

ထိုစာ၏နောက်မှ စာကလေးတစ်ကောင်နှစ်ကောင်က ရှေ့ကသွားတဲ့ စာကလေးနောက်ကို လိုက်ပျံကြသည်။

အသံတစာစာနှင့် တစ်ခြုံမှတစ်ခြုံကူးပြီး ပျံသန်းမြူးပျော်နေကြသည့် စာကလေးများနောက်သို့ မြေကြီးပေါ်မှ အစာ





ကောက်နေသည့် စာကလေးများ တစ်ကောင်ပြီးတစ်ကောင် ထပျံသွားသည်မှာ မြေပြင်ပေါ်မှာ တစ်ကောင်မျှ မကျန်တော့ပေ။

ဤနည်းဖြင့် စာကလေးများသည် အုပ်စုအချက်ပြအသံပေး၍ သစ်ပင်များကြား ခြုံကြိုခြုံကြားတွင် တစုတဝေး နေထိုင်ကြပေသည်။

ငှက်တို့သည် ကောင်းကင်တွင် သိမ်းငှက်၊ စွန်ငှက်များ ပျံဝဲနေသည်ကို မြင်တွေ့ပါက ပထမဆုံးမြင်သည့်ငှက်က အသံ တိုးတိုးလေးပေးပြီး တစ်နေရာမှာ ဝင်ပုန်းနေတတ်ပါသည်။

အခြားငှက်များကလည်း ထိုငှက်နည်းတူ လိုက်လုပ်ကြပါသည်။

သို့သော် သိမ်းငှက်တစ်ကောင် သစ်ပင်ပေါ်မှာ နားနေသည်ကိုမြင်ပါက ငှက်တို့သည် တစ်ကောင်နှင့်တစ်ကောင် အချက်ပေးသံက တစ်မျိုးတစ်ဖုံဖြစ်သည်။

ထိုအချက်ပေးသံကို သိရှိနားလည်ကြသော ငှက်ကလေးများသည် သစ်ပင်ပေါ်မှာ နားနေသည့် ထိုသိမ်းငှက်ဘေးမှာ အုပ်လိုက်ဝိုင်း၍ သံပြိုင်အော်ကြသည်။

နေ့လယ်နေ့ခင်းတွင် ဇီးကွက်ကိုတွေ့ရသည့် ကျီးကန်းများသည် ဝိုင်းဝန်း၍ ညာသံပေးကာ အော်ကြ၊ တိုက်ကြခိုက်ကြလုပ်တတ်ကြသည်။

ငှက်လောကတွင် အချင်းချင်း အချက်ပေးစနစ်သည် ထွန်းစွာအရေးပါလှသည်။

www.burmeseclassic.com



ငှက်တို့သည် အစာရှာသည့်အချိန် ရန်သူနှင့် ကြုံသည့်အခါ၊ အဖော်ရှာလိုသည့်အခါများတွင် နည်းမျိုးစုံသုံး၍ အချက်ပေးတတ်ကြပေသည်။

"အတော်ဆန်းကြယ်တာပဲ. . အံ့သြဖို့လည်းကောင်းတယ်"

"ဟုတ်ပါရဲ့. . ပျားတွေအကြောင်းရော ငှက်တွေအကြောင်းပါ တစ်ကောင်နဲ့တစ်ကောင် ဆက်သွယ်ကြတာ အတော်အံ့သြစရာကောင်းတယ်"

"လူတွေက အမှတ်မဲ့နေကြလို့ပါကွာ၊ တိရစ္ဆာန်တွေကတော့ သူ့သဘာဝနဲ့သူ ရှိနေကြတာပါပဲ၊ ကြည့်တတ်ရင်တော့ မြင်နိုင်ကြတာချည်းပေါ့၊ ပုရွက်ဆိတ်တွေ အစာပြောင်းတာ ငှက်တွေအသိုက်လုပ်တာကိုကြည့်ပြီး မကြာခင် လေမိုးထန်တော့မယ်၊ ရေကြီးတာ၊ မုန်တိုင်းတိုက်တာ၊ တောင်ပြိုမှာ မီးတောင်ပေါက်တော့မှာကို ကြိုသိနိုင်တယ်၊ လူတွေက အမှုမဲ့အမှတ်မဲ့နေကြလို့ သတိမထားကြပေမယ့် တိရစ္ဆာန်တွေကတော့ အန္တရာယ်ဖြစ်မှာတွေကို ကြိုတင်သိကြတယ်၊ ရှေးလူကြီးတွေဆိုရင် ငှက်တွေ အသိုက်လုပ်တာ တိရစ္ဆာန်တွေ နေရာရွှေ့ပြောင်းတာတွေကိုကြည့်ပြီး သဘာဝဘေးအန္တရာယ်တွေကို ခန့်မှန်းနိုင်ကြတယ်"

"ဒီလိုခန့်မှန်းနိုင်ကြလို့ပဲ ဘေးအန္တရာယ်တွေကို ကြိုတင်ရှောင်နိုင်ကြတာ ဖြစ်မှာပေါ့နော်"

"ဒါပေါ့ အန္တရာယ်သိမှတော့ ကြိုတင်ရှောင်လို့ရတာ





ပေါ့၊ လေပြင်းကျတော့မယ်ဆိုရင် နေအိမ်တွေကို လေကွယ်မိုးကွယ်မှ နိမ့်နိမ့်ဆောက်ကြတယ်၊ အကာအကွယ်ရတဲ့ နေရာတွေမှာ နေကြတယ်၊ ရေကြီးတော့မယ်လို့ ကြိုသိတော့ ကုန်းမြင့်တဲ့နေရာတွေမှာ ခြေတံရှည်အိမ်တွေ ဆောက်ပြီး နေကြလေ့ရှိတယ်"

"အဘပြောတာတွေ နားထောင်ရတာ ဗဟုသုတလည်းရ စိတ်ဝင်စားစရာလည်းကောင်းတယ်"

"ဒီလိုပေါ့ကွာ စိတ်ဝင်စားလို့ လေ့လာကြည့်ရင်တော့ လေ့လာမှတ်သားစရာတွေက အများကြီးပေါ့၊ သဘာဝကပေးတဲ့ ဗဟုသုတတွေဆိုတာ တန်ဖိုးမဖြတ်နိုင်တဲ့ ပညာတွေပဲပေါ့"

ဟု ပြောပြလေသည်။

အပြင်ဘက်မှာတော့ သစ်တောများကို ကျော်ပြီး နေရောင်ခြည်က ဖြာဆင်းစပြုလာလေပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၈ )

# သိဒ္ဓိရှိသောဝက်တောင်းမာန်စွယ်

တောကနက်သည်။

သစ်ကြီးဝါးကြီးများက အပင်ချင်းယှက်၊ ကိုင်းချင်းဆက်နေကြသောကြောင့် နေပြောက်မထိုးအောင် စိမ့်နေလေသည်။

နေရာက ဘဲငါးရာတောင်နှင့် ဘဲငါးရာ ညီမတောင် နှစ်တောင်ကြား၌ရှိသော လျှိုအတွင်း၌ဖြစ်သည်။

ဘဲငါးရာတောင်က တောင်ဘက်၌ရှိပြီး ဘဲငါးရာ ညီမတောင်က မြောက်ဘက်၌ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့နှင့်အနောက် သွယ်တန်းထားသော တောင်နှ
လုံးက မတိမ်းမယိမ်း အနေအထားမျိုးဖြင့် ယှဉ်လျက်သား အ
အထားမျိုး ရှိနေကြကာ အလယ်တွင် နက်ရှိုင်းသော ချော
ကမ်းပါးကြီးရှိသည်။

ဘဲငါးရာချောင်းလည်းရှိသည်။

သစ်ကြီးဝါးကြီးများက မှိုင်းညို့နေအောင် ကောင်းသည
အပြင် ချောင်းကလည်း ရှိနေသဖြင့် တောတိရစ္ဆာန်တို့အမျာ
ဆုံးတွေ့နိုင်သော နေရာမျိုးဖြစ်သည်။

ညနေပိုင်းအချိန်ရောက်လာလျှင် ချောင်းစပ်သို့
သောက်ဆင်းလာသော တိရစ္ဆာန်မျိုးစုံတို့ကို တွေ့မြင်နိုင်သည

ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ဆင်ရိုင်းများအပြင် အခြ
အန္တရာယ်ပေးနိုင်သော တောကောင်များလည်း လာကြသည
ထို့ပြင် အခြားအန္တရာယ်ပေးနိုင်သော တောတိရစ္ဆာန်မျိုးစုံ
လည်း တွေ့နိုင်သည်။

အချိန်က နေ့လည်ဘက်အချိန်ဖြစ်သည်။

ထိုအချိန်တွင် တောထဲသို့ လူလေးယောက်ဝင်လာ
သည်။ နီမာင်၊ စောထီး၊ ငမဲအောင်နှင့် မဟူရာတို့ လေးယော
ပင်ဖြစ်သည်။

နီမောင်တို့သုံးယောက်မှာ မဟူရာ ခေါ်သဖြင့် တော
လိုက်လာကြခြင်းဖြစ်သည်။

နံနက်ပိုင်းအချိန်က နီမောင်တို့နေသောတဲသို့ မဟူ
ရောက်လာပြီးခေါ်သည်။





"နင်တို့လည်း ဒီအတိုင်းနေကြရတော့ ပျင်းနေမှာပေါ့
တောထဲသွားပြီး အမဲပစ်မလို့ အဖော်လိုက်ခဲ့ကြပါလား"

နီမောင်တို့အတွက်တော့ ရေငတ်တုန်း ရေတွင်းထဲကျ
သကဲ့သို့ ဖြစ်သွားကြသည်။

သူတို့သုံးယောက်က တောထဲတောင်ထဲ အမြဲသွားလာ
နေကြသူများဖြစ်ရာ ယခုကဲ့သို့ အလုပ်မရှိဘဲ ထိုင်နေရသဖြင့်
ပျင်းနေကြခြင်းဖြစ်သည်။

"ကောင်းသားပဲ လိုက်ခဲ့မယ်လေ. . ."

"ဒါထက် နင်တို့အမဲလိုက်ဖူးသလား. ."

"မလိုက်ဖူးဘူး"

"ဒါဖြင့် ဖြစ်ပါ့မလား၊ တောထဲရောက်လို့ တောကောင်
တွေနဲ့တွေ့ရင် ကြောက်လန့်နေမှာလား"

"ဒီလိုတော့ မကြောက်တတ်ပါဘူး"

နီမောင်က အေးအေးဆေးဆေးပင် ပြန်ပြောလိုက်လေ
သည်။

"ငါတို့ဆီမှာ ဓား၊ လှံ၊ လေးမြားပဲရှိတယ်၊ ဘာလက်
နက်ယူမလဲ. . ."

"ဘာလက်နက်ပဲဖြစ်ဖြစ် ရပါတယ်"

ထိုသို့ပြောပြီး သင့်တော်သော လက်နက်များကို ယူ
ဆောင်ကာ လိုက်လာကြခြင်းဖြစ်သည်။

စောထီးနှင့် ငမဲအောင်က ကပ်ပါးနှင့် ဓားတစ်လက်စီ
ယူပြီး နီမောင်က လေးနှင့်မြားကို ယူလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟူရာလက်ထဲမှာလည်း လေးနှင့်မြားဗူးပါသည် သူမသည် အနက်ရောင်အကျီနှင့် ဘောင်းဘီပွတို့ကို ဝတ်ဆင် ထားပြီး နဖူးမှာ ပုဝါတစ်ထည်ပတ်ထားသည်။

ဆံပင်ရှည်ကို တစ်ပတ်လျှိုထုံးပြီး ကျောဘက်မှာချထ သည်။ တစ်ပတ်လျှိုထုံးထားသည်ပင် ခါးအထိရောက်နေသေ သည်။ ခါးမှာတော့ ဝက်ဝံသားရေဖြင့် ပြုလုပ်ထားသော ခါးပတ် ပတ်ထားပြီး၊ ဓားမြှောင်၊ ရေဗူးနှင့် ရိက္ခာခြောက်များ ထည့်ထာ သော အိတ်တစ်လုံးကိုပါ ချိတ်ထားသည်။

ခြေထောက်မှာလည်း ဝံသားရေဖြင့် ပြုလုပ်ထားသည် ခြေသိုင်းဖိနပ်ကို စီးထားသည်။

ကျောမှာ မြားဗူးလွယ်ထားသည်။ လေးတစ်လက်က တော့ လက်ထဲမှာ အဆင်သင့်ကိုင်ထားသည်။

ဟန်အမူအရာကိုကြည့်လျှင် တောကျွမ်းလှသော မုဆိ တစ်ယောက်ကဲ့သို့ပင် ထင်စရာရှိပေသည်။

မဟူရာကလည်း နီမောင်တို့ကို အဖော်ခေါ်လာခြင်းမှ အကြောင်းရှိသည်။

တောထဲတွင် သူမဘယ်လောက် တောလိုက်ကျွမ်းကျ ကြောင်းကို ရွယ်တူယောကျ်ားလေးများ သိအောင်ပြသလိုသဖြ တကူးတက အဖော်ခေါ် လာခဲ့ခြင်းဖြစ်သည်။ တောထဲရောက် တော့ သူမကရှေ့မှ ခေါင်းဆောင်သွားပြီး နီမောင်တို့က နောက် မှသာ လိုက်ကြလေသည်။

တောထဲဝင်ကာနီးအချိန်တွင် မဟူရာက တောကြီ





ဘန်းကြီးများကို အစာခေါ် ကျွေးပြီး တောထဲသို့ လွှတ်လိုက်ရာ လေးငါးကောင်ခန့် ပျံသွားကြလေသည်။

ထုံးစံအတိုင်း သားကောင်၊ တောကောင်ရှာတွေ့လျှင် မဟူရာရှိရာသို့ တစ်ကျော့ပြန်လာပြီး လာရောက်သတင်းပေး ကြပေလိမ့်မည်။

ထိုကဲ့သို့ သားကောင်ကို တကူးတက လိုက်လံရှာဖွေ နေစရာမလိုပဲ သားကောင်ရှိရာကို အလွယ်တကူသိနိုင်သဖြင့် သူမအမဲလိုက်ထွက်သွားသည့်အခါ အမဲမရဘဲ ပြန်လာသည်မျိုး မရှိသေးဖူးချေ. . .။

ဘဲငါးရာချောင်းတစ်ဝိုက်သို့ ရောက်သောအခါ အခြေ အနေကို စောင့်ရင်းနှင့် တစ်နေရာ၌ ဝင်နားကြသည်။

"နင် လေးပစ်တတ်သလား"

"နည်းနည်းတော့ ပစ်ဖူးပါတယ်"

"အမဲရအောင်ပစ်ဖူးသလား"

နီမောင်က ခေါင်းခါပြသည်။

"ဒါဖြင့် အန္တရာယ်ရှိတဲ့ တောကောင်နဲ့ တွေ့ရင် ဖြစ်ပါ့ မလား"

"ငါ မကြောက်တတ်ပါဘူး"

မဟူရာကဘာမှ ပြန်မပြောတော့ပေ။

သို့သော်လည်း သူမစိတ်ထဲမှာတော့ အေးတိအေးစက် နိုင်လှသော နီမောင် အမူအရာကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ၌ နားနေကြစဉ် တောကျီးကန်းကြီး တ
ကောင်နှစ်ကောင် ပြန်ရောက်လာပြီး သစ်ကိုင်းပေါ်၌ နားက
တအာ့အာ့ဖြင့် အော်နေသည်။

မဟူရာက နေရာမှထသွားတော့ သူမအနီးသို့လ
ရောက်ကာ ဆက်အော်နေပြန်သည်။

ခဏကြာတော့ နီမောင်တို့ကို လှမ်းပြောသည်။

"ချောင်းစပ်နားမှာ သားကောင်ရှိတယ်၊ အဲဒီဘက် သွ
ကြရအောင်"

ဟုပြောသဖြင့် သုံးယောက်သား နေရာမှ ထလိုက်
သည်။

ထို့နောက် မဟူရာနှင့်အတူ ချောင်းရှိရာဘက်သို့ ဆ
သွားကြသည်။

ထိုနေရာတစ်ဝိုက်မှာ သစ်ပင်ကြီးများက အုပ်မိုးထ
သည်က တစ်ကြောင်း၊ သစ်ပင်ချုံနွယ်တို့ကလည်း ထူထပ်
သောကြောင့် သတိကြီးစွာ ထားကြရသည်။

တစ်နေ့ရာရောက်တော့ ထူးခြားသော အသံတစ်
ကြားလိုက်ရသဖြင့် နီမောင်က အားလုံးကို ရပ်တံ့စေသည်။

"ဘာလဲ"

"ရှေ့မှာ အန္တရာယ်ရှိတယ်၊ ခြေသံမကြားစေနဲ့၊ အ
မထွက်စေနဲ့"

ဒီတစ်ခါတော့ မဟူရာစိတ်ထဲမှာ အံ့သြသွားလေသည်
စောစောက ဖွတ်တစ်ကောင်လို လေးကွေးနေသော နီမောင်





ယခုတော့လည်း ရန်သူနှင့်တွေ့တော့မည် တောကြောင်တစ်
ကောင်ကဲ့သို့ ဖျတ်လတ်သွက်လက်လာသည်။ မျက်လုံးမှာ အ
ရောင်တောက်လာသည်။

ထိုနေရာရောက်တော့ သူကပင်ဦးဆောင်ပြီး ရှေ့မှသွား
ရာ မဟူရာက နံဘေးမှလိုက်ရလေသည်။

တစ်နေရာရောက်တော့ စောစောက သူတို့သတိမပြု
မိသော အသံအချို့ကို ကြားလာရသည်။

မာန်ဖီနေသောအသံနှင့် သတ္တဝါတစ်ကောင်၏ နှာမှုတ်
နေသောအသံမျိုးပင်ဖြစ်သည်။

သို့ကြောင့် ခြေသံမကြားအောင် ရှေ့သို့တိုးသွားပြီး
သစ်ပင်ချုံကွယ်များကြားမှ အသံကြားရာဘက်သို့ ချောင်းကြည့်
လိုက်ကြသည်။

မြင်ကွင်းက စိတ်ဝင်စားဖွယ်ရာဖွယ်ရာဖြစ်သည်။

ချောင်းနှင့်မနီးမဝေး မြေကွက်လပ်တစ်နေရာ၌ သတ္တဝါ
နှစ်ကောင် ရင်ဆိုင်တွေ့နေသည်။

တစ်ကောင်ကကျား၊

တစ်ကောင်က ဝက်တောင်း၊

ကျားကအကောင်အရွယ်အစား သိပ်မကြီးလှသေး။

ဝက်တောင်းကတော့ ရှည်လျားသော မာန်စွယ်နှစ်
ချောင်းက အပေါ်ဘက်သို့ ကော့တက်နေသည်။

တစ်ကောင်နှင့်တစ်ကောင် မျက်နှာချင်းဆိုင် အနေအ
ထားမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်တောင်းပါးစပ်ထဲမှ အမြှုပ်များ တစီစီထွက်နေသည်။ ထိုအခြေအနေမှာ မာန်သွင်းထားခြင်းဖြစ်ပြီး မည်သည့်သတ္တဝါမဆို ရင်ဆိုင်တိုက်ခိုက်ဝံ့သော အနေအထားမျိုးပင် ဖြစ်သည်။

လူဖြစ်စေ၊ တိရစ္ဆာန်ပင်ဖြစ်စေ ထိုအခြေအနေမျိုးနှင့် ရင်ဆိုင်တွေ့ရပါက အန္တရာယ်များလှသည်။

ကျားက ဝက်တောင်းကို လှည့်ပတ်ခြောင်းနေသည်။

ဝက်တောင်းက ကျားကို မျက်ခြည်ပြတ်မခံဘဲ သူ့အလုပ်ကို သူဆက်လုပ်နေသည်။

အခြားမဟုတ်ပေ။ မြေကျင်းတူးနေခြင်းပင်ဖြစ်သည်။

ချွန်ထက်သော နှာခေါင်းဖြင့် လျှင်မြန်စွာတူးရာ မြေသားများကနံဘေးသို့ လွင့်စဉ်ထွက်နေကြသည်။

ကျားကလည်း အခွင့်အရေးမရသဖြင့် ခုန်မအုပ်သေးပေ။ အတန်ကြာတော့ မြေကျင်းက ဝက်တစ်ကောင်ဝင်သာလောက်သော အခြေအနေရောက်သွားရာ ဝက်တောင်းက မြေကျင်းထဲသို့ ဆင်းဝပ်ပြီး ကျားရှိရာဘက်သို့ ဦးခေါင်းလှည့်ကာ ကျင်းနှုတ်ခမ်းပေါ်သို့ မေးတင်ထားသည်။

မာန်စွယ်နှစ်ချောင်းက အပေါ်သို့ ငေါထွက်နေသည်။ ကျားမှာ ခြောင်းရင်းခြောင်းရင်းနှင့် မနီးမဝေးရောက်လာသည်။

ထိုအခြေအနေထိ တောဝက်က လုံးဝမလှုပ်သေးပေ။ မနီးမဝေးရောက်သည်အထိ တောဝက်က ငြိမ်နေရာ ကျားက တစ်မျိုးသဘောပေါက်သွားကာ လွှားခနဲအပေါ်မှ ခုန်အုပ်လေ





တော့သည်။

ကျားခုန်ဝင်လာတော့မှ တောဝက်က သေနတ်မှ ကျည်ဆံထွက်သွားသော အဟုန်မျိုးဖြင့် ခုန်ထွက်သွားကာ ကျား၏ဝမ်းဗိုက်ကို အစွယ်ဖြင့်ပက်သည်။

သာမန်အချိန်တွင် တောဝက်အစွယ်က သစ်ငုတ်တိုကဲ့သို့ တုံးနေသော်လည်း မာန်ထနေသောအချိန်မျိုး၌ သင်ခုန်းဓားကဲ့သို့ ထက်နေသည်ကိုတော့ ကျားကမသိရှာပေ. . .။

ဝက်စွယ်ဖြင့်ထိမိသွားသောကျား၏ ဝမ်းဗိုက်တစ်ခုလုံးမှာ ဓားဖြင့်ခွဲချလိုက်သကဲ့သို့ ဟတ်တက်ကွဲကာ တစ်ဖက်သို့ ပစ်ကျသွားလေတော့သည်။

ကျားမှာ တစ်ဖန်ပြန်ထရန်ကြိုးစားသော်လည်း မထနိုင်တော့၊ ဝမ်းဗိုက်ထဲမှာ အူများထွက်လာကာ နေရာမှာတင် မာန်ဖီနေလေသည်။

တောဝက်က နေရာမှာပင် ရှိနေသေးသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ မဟူရာက မြားဖြင့်ပစ်သည်။

မဝေးလှသဖြင့် မြားချက်က ထိသည်။

သို့သော် တောဝက်က မလဲဘဲ သူတို့ရှိရာသို့ တဟုန်ထိုးပြေးဝင်လာလေတော့သည်။

"ဘေးလွတ်ရာရှောင်ကြ"

နီမောင်ကပြောပြောဆိုဆိုနှင့် အနီးမှာရှိနေသော မဟူရာကို ဘေးသို့တွန်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ့. . ."

အရှိန်ဖြင့်ဝင်လာသော တောဝက်က နံဘေးမှ သီသီလေးလွတ်ထွက်သွားသည်။

အကယ်၍သာ ၄င်းအစွယ်နှင့် ထိမိလျှင်တော့ ကျားထက်အဖြစ်ဆိုးသွားနိုင်သည်။

နီမောင်က တောဝက်တစ်ကျော့ ပြန်လှည့်မလာခင် စောထီးလက်ထဲမှ ကပ်ပါးကိုယူပြီး မြေကွက်လပ်ရှိရာသို့ ခုန်ဆင်းသွားသည်။

သူ့အနေဖြင့် ထိုသို့မစွန့်စားပါက အန္တရာယ်နှင့်တွေ့ကြုံတော့မည်မှာ အသေအချာပင်ဖြစ်၏။

မြေကွက်သို့ရောက်သောအခါ လက်မောင်းလုံးခန့် ဝါးနက်ဝါးတစ်ချောင်းကို တစ်လံလောက်ခုတ်ယူလိုက်သည်။ ဝါးလုံးရသည်နှင့် သစ်ပင်ကြီးတစ်ပင်ကို ကျောပေးပြီး ရပ်နေလိုက်သည်။

မရှေးမနှောင်းမှာပင် ချုံထဲရောက်သွားသော တောဝက်က ချက်ချင်းပြန်တိုးထွက်လာသည်။

နီမောင်ကိုမြင်တော့ ချက်ချင်းဝင်မလာသေးဘဲ ပါးစပ်မှအမြှုပ်များ တစီစီထွက်လာသည်အထိ မာန်သွင်းနေသည်။

နီမောင်က သူ့ရှေ့တည့်တည့်မှာ ဝါးလုံးတိုင်ကို မြေကြီးထဲသို့ တစ်တောင်ခန့်ဝင်အောင် စိုက်သွင်းထားသည်။

ဘယ်လက်က ဝါးလုံးတိုင်ကို ကိုင်ထားပြီး ကျန်တစ်ဖက်က ကပ်ပါးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။





ဝက်ရှိရာကိုလည်း မျက်တောင်မခတ်ဘဲ ကြည့်နေရသည်။ စောစောက တိုက်ပွဲက ဝက်ကအခံသမားဖြစ်ပြီး ကျားက အတိုက်သမားဖြစ်သည်။

ယခုတော့ နီမောင်က အခံသမားဖြစ်ပြီး တောဝက်က အတိုက်သမား ပြန်ဖြစ်သွားလေပြီ။

တောဝက်က မာန်သွင်းပြီးသည်နှင့် အရှိန်ဖြင့် မောင်းလာသော မီးရထားတွဲကဲ့သို့ နီမောင်ရပ်နေသော နေရာသို့ ပြေးဝင်လာသည်။

ထိုအခြေအနေကိုမြင်တော့ တစ်နေရာမှ ချောင်းကြည့်နေသော မဟူရာပင် မျက်စိပြာသွားသည်။

နီမောင်ကတော့ တောဝက်ဦးခေါင်းကိုသာ စိုက်ကြည့်နေလေသည်။

သူ့အနားသို့ရောက်သည်နှင့် ဝက်၏ဦးခေါင်းကို ဝါးလုံးတိုင်ဖြင့် ဆက်ခနဲ ရိုက်ဖယ်လိုက်သည်။

အစွယ်ရှိသော ဦးခေါင်းမှာ သူ့ကိုတစ်ချက်လှည့်ပတ်သော်လည်း ဝါးလုံးတိုင်ခံနေသဖြင့် မထိလိုက်ပေ. . .၊

ပြေးဝင်လာသော အရှိန်များသဖြင့် နီမောင် နောက်ဘက်၌ရှိနေသည့် သစ်ပင်နှင့် ဝင်တိုက်မိလေသည်။

"ဒုန်း. ."

မာန်စွယ်တစ်ချောင်းကသစ်ပင်မှာ စိုက်မိပြီး ထက်ပိုင်းကျိုးထွက်သွားသည်။

တစ်ချောင်းက မကျိုးဘဲ တန်းလန်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောဝက်က ဒေါသတကြီး ပြန်ရှန်းနေသော်လည်း မကျွတ်သေးပေ. . . ။

တကျွီကျွီနှင့် ဝက်အော်သံက ဆူညံနေသည်။

နီမောင်ထိုအခွင့်အရေးကို လက်လွှတ်မခံပေ။

တောဝက်ရှိရာသို့ ပြေးသွားပြီး ရှေ့လက်တစ်ချောင်းနှင့် နောက်ခြေတစ်ချောင်းကို ကပ်ပါးဖြင့်ခုတ်ရာ ပုံကျသွားလေတော့သည်။

ခြေနှင့်လက်မလှုပ်နိုင်တော့လျှင် အစွယ်ရှိသော်မှ ဘာမှမတတ်နိုင်တော့ပေ. . . ။

စိတ်ချရတော့မှ တောဝက်ကို အပြီးတိုင် သုတ်သင်ပစ်လိုက်ပြီးနောက် သစ်ပင်၌ ကျူးဝင်နေသော ဝက်မာန်စွယ်ကို ကပ်ပါးဖြင့် ထွင်းယူလိုက်သည်။

သူ့အနေဖြင့် မမျှော်လင့်ဘဲ တန်ဖိုးရှိလှသည့် သိဒ္ဓိရှိသော ပစ္စည်းတစ်မျိုးကို ရလိုက်ခြင်းဖြစ်ပေသည်။

တောဝက်တောင်းမာန်စွယ်မှာ ရခဲ့သည်။

ထိုမာန်စွယ်မျိုးမှာ သိဒ္ဓိရှိသဖြင့် သေနတ်၊ ဓားလှံတို့ မထိုးဖောက်နိုင်သည့် ကာယသိဒ္ဓိကို ပြီးစေနိုင်သည်။

နီမောင်က ဝက်တောင်းမာန်စွယ်ကို လက်ဝါးပေါ်တင်ကြည့်နေစဉ် ထိုနေရာသို့ မဟူရာတို့ ရောက်လာကြသည်။

သူမသည်သစ်ပင်ကို ခေါင်းစိုက်ပြီး သေနေသော တောဝက်ကြီးကိုကြည့်ပြီး များစွာအံ့ဩနေဟန်ရှိသည်။

"ငါ့ကိုပြောတုန်းက အမဲမလိုက်ဖူးဘူးဆို. . ."





"ဟုတ်ပါတယ်"

"အခုတော့ တောဝက်ကိုတောင် ကပ်ပါးတစ်လက်တည်းနဲ့ ရအောင်ဖမ်းတယ်"

"ဒါက ကံကောင်းလို့ရတာပါ"

"ကံကောင်းလို့ရတာ မဟုတ်ဘူး. . နင်တော်လို့ရတာ၊ တောဝက်နဲ့ တိုက်ခိုက်နေတဲ့ နင့်အမူအရာကြည့်တာနဲ့ ငါသိတယ်"

နီမောင်က ဘာမှပြန်မပြောတော့ပဲ မနီးမဝေး နေရာမှာ လဲကျနေသော ကျားရှိရာသို့ သွားကြည့်လေသည်။

ကျားမှာ ဗိုက်ပွင့်၍ အူများထွက်ကာ သေဆုံးနေလေသည်။

ထိုနေ့က အမဲလိုက်ထွက်သွားသော လူလေးယောက်တို့မှာ နှစ်ယောက်တစ်တွဲစီ၊ တောဝက်တစ်ကောင်နှင့် ကျားသေတစ်ကောင်ကိုထမ်းပြီး ပြန်လာကြသည်ကို မြင်သောအခါ တစ်ရွာလုံးက အံ့ဩနေကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၉ )

# မြေစုန်းပြိတ္တာနှင့် ထပ်တွေ့ကြရခြင်း

ရှေ့အခန်းအချို့တွင် ဘဲငါးရာတောင်နှင့် ပက်သက်သည့် ဆန်းကြယ်သော အကြောင်းအရာအချို့ကို ရေးသားဖော်ပြပေးခဲ့ပေပြီ. . ။

ထိုအကြောင်းများထဲတွင် မိုးသီးခေါင်းဆောင်သော ဓားပြအဖွဲ့အကြောင်းလည်း ပါဝင်လေသည်။

ဓားပြဗိုလ်မိုးသီးခေါင်းဆောင်သော ဓားပြအဖွဲ့မှာ ဘဲငါးရာတောင်နှင့် အနီးတစ်ဝိုက်မှာရှိသော ရွာများကို တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်လုယက်ကာ နည်းအမျိုးမျိုးနှင့် နှိပ်စက်နေကြသူများ ဖြ
ကြလေသည်။

တစ်နေ့တော့ စမ်းပတိချောင်းဒေသသို့ ရောက်လာ
ရွာလူကြီးအား ဘဲငါးရာတောင် လိုဏ်ခေါင်းထဲမှ ရတနာသို
အကြောင်းမေးကာ ထိုနေရာသို့ လမ်းပြပေးနိုင်သူ တောင်း
ရာ ထိုရွာမှ သာမောင်နှင့် ငထွန်းဆိုသူနှစ်ယောက်က လိုက်
ပေးကြလေသည်။

ဘဲငါးရာတောင် လိုဏ်ခေါင်းထဲတွင် အသက်ရှု
လေမရသော နေရာများရှိရာ ထိုနေရာသို့ ရောက်သောအ
မားပြတစ်ဖွဲ့လုံး အသက်ရှူကျပ်ကာ သေဆုံးသွားကြလေသည်

သာမောင်နှင့် ငထွန်းတို့နှစ်ယောက်ကတော့ အကြ
ကောင်းသဖြင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ကြ
သည်။ ၎င်းတို့နှစ်ယောက်သည် ဂူထဲမဝင်ခင်ကပင် ငါးစည်
ပေါင်းနှစ်လုံးကို လေအပြည့်ထည့်ပြီးနောက် လွယ်အိတ်ထ
ထည့်ယူသွားသောကြောင့် အသက်ရှင်လျှက်နှင့် ပြန်ထွက်လာ
နိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းရောက်တော့ ၎င်းတို့နှစ်ယောက်သည်
သေသွားသော မားပြများထံမှ သေနတ်များကို ဝင်ယူပြီး တစ်နေ
ရာ၌ သိမ်းထားခဲ့ကြလေသည်။

နောက်ပိုင်းမှာတော့ သေနတ်များ အသုံးပြုသော နည်း
များကို သင်ကြားပြီးနောက် မားပြဂိုဏ်းထပ်မံထူထောင်ကြပြန်
လေသည်။





အချိန်ကာလမှာ (၁၉၄၅)ခုနှစ် နောက်ပိုင်းကာလဖြစ်
သောကြောင့် တိုင်းပြည်အခြေအနေကလည်း မငြိမ်မသက်လှ
သေး ဂျပန်များပြန်ထွက်သွားပြီး အင်္ဂလိပ်များ တစ်ကျော့ပြန်ဝင်
လာသော်လည်း အခြေအနေမကောင်းလှပေ။

အင်္ဂလိပ်တို့ကလည်း ထွက်ပြေးသွားပြီးမှ နောက်တစ်
ကြိမ်ပြန်ဝင်လာသောအခါ ယခင်ကလောက် ဩဇာအာဏာမရှိ
ကြတော့ပေ. . .။

နေရာအနှံ့အပြားမှာ တော်လှန်ရေးသမားများ၊ ၎င်းတို့
အား ဆန့်ကျင်သူများရှိနေကြရာ တစ်နိုင်ငံလုံး ပြန်လည်အုပ်ချုပ်
၍ မဖြစ်နိုင်တော့သော အခြေအနေမျိုး ရောက်နေလေတော့
သည်။

သို့ကြောင့် တောမီးလောင် တောကြောင်လက်ပန်း
ပေါင်းခတ် ဆိုသကဲ့သို့ အုပ်ချုပ်မှု ယန္တရားထိရောက်မှုမရှိသော
ဝေးလံခေါင်ဖျားဒေသတို့တွင် ဆိုးသွမ်းသူတို့ ကြီးစိုးမင်းမူလျက်
ရှိနေကြခြင်းဖြစ်သည်။

ထိုအထဲတွင် 'သာမောင်'ခေါင်းဆောင်သော မားပြအ
ဖွဲ့လည်း ပါလေသည်။

၎င်းတို့သည် အနီးဝန်းကျင်တစ်ဝိုက်မှာရှိသော ရွာများ
ကိုလှည့်လည်ပြီး တိုက်ခိုက်ကြသည်။

သို့သော် ဆင်းရဲသားအများစုနေသော ရွာများဖြစ်
သောကြောင့် ဖြစ်ဖြစ်မြောက်မြောက်ရသည်တော့ မရှိပေ။

ထို့ပြင် သူတို့မှာ သေနတသာရှိသော်လည်း ကျည်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အနည်းငယ်သာရှိသည်။

ထို့ကြောင့် အခြားနေရာများသို့လည်း မသွားဝံ့ကြပေ။ တစ်နေ့တော့ သူတို့အတွက် ကံကောင်းထောက်မမှုပေးသော အကြောင်းတစ်ခုပေါ်လာလေတော့သည်။

သိပ်တော့မကြာသေးပေ. . .။

တောထဲမှာထွက်ပြေးထာသော လူတစ်ယောက်နှင့် တွေ့ကြရခြင်းဖြစ်သည်။

အခြားသူတော့မဟုတ်ပေ။

နီမောင်တို့ကို ချွေးတပ်ဆွဲလာသော ဂျပန်တပ်ဖွဲ့၏ စကားပြန်အဖြစ် လိုက်ပါလာသော သန်းဖေဆိုသူပင်ဖြစ်သည်။ တောထဲတွင် သစ်စုန်းပြိတ္တာကြီးနှင့်တွေ့ပြီး ဂျပန်အတော်များ များ သေဆုံးကြရလေသည်။

ကျန်သော ဂျပန်များလည်း အသက်ဘေးလွတ်ရာသို့ ထွက်ပြေးကြရသောကြောင့် သူတို့နှင့်ပါလာသော ပစ္စည်းများ ပင် မယူနိုင်ကြတော့ပေ။

ဂျပန်များပြေးတော့ ချွေးတပ်ဆွဲလာသော အရပ်သား တို့လည်း အချို့မှာ သစ်စုန်းပြိတ္တာကြီးလက်ချက်ကြောင့် ထို နေ ရာတွင် သေကြေပျက်စီးကြရပြီး ကျန်သူတို့မှာ ခြေဦးတည့်ရာ ထွက်ပြေးကြလေသည်။

နီမောင်တို့ကတော့ ကံကောင်းထောက်မှုကြောင့် မဟူ ရာတို့နှင့်တွေ့ပြီး ပြိုင်းကုန်းရွာရောက်လာကြသည်။ အခြား သူများကတော့ ဘယ်နေရာရောက်သွားကြသည် မသိတော့ပေ။





မဟူရာတို့ ပြောပုံအရဆိုလျှင် ဂျပန်ဆယ်ယောက်ခန့် အနောက်ဘက်ပင်လယ်ပိုင်းသို့ ဆင်းသွားကြသည်ဟု ဆိုသော် ဂျပန်တော်တော်များများ သစ်စုန်းပြိတ္တာလက်ချက်ကြောင့် နေ ရာမှာတင် သေခဲ့ကြဟန်ရှိလေသည်။

ဂျပန်များထွက်ပြေးတော့ သန်းဖေလည်း ကြောက် ကြောက်လန့်လန့်ဖြင့်ပြေးရင်း လူစုကွဲသွားလေသည်။

နောက်တော့ သာမောင်တို့အဖွဲ့နှင့် တွေ့ရလေသည်။

"မင်း ဘယ်သူလဲ"

သန်းဖေမှာ သေနတ်များကိုင်ထားသော သာမောင်တို့ အဖွဲ့ကိုမြင်သောအခါ တော်လှန်ရေးသမားများ ထင်သဖြင့် ကြောက်လန့်သွားလေသည်။

"ငါ့ကို ဂျပန်တွေက ချွေးတပ်ဆွဲလို့ပါလာတာ၊ ခုတော့ ဂျပန်တွေလည်း သေတဲ့သူသေ၊ ပြေးတဲ့သူပြေးနဲ့ ငါလည်းထွက် ပြေးလာခဲ့တာ ငါ့ကိုကူညီပါကွာ"

"ကူညီတာက အရေးမကြီးဘူး၊ မင်းတို့ဘယ်လိုဖြစ်ခဲ့ သလဲဆိုတာ အရင်ပြောပြ"

သန်းဖေက တောနက်ထဲမှာ ကြောက်စရာကောင်း သော သစ်စုန်းပြိတ္တာကြီးနှင့်တွေ့ခဲ့ရပြီး သေကြပုံများအကြောင်း ကို ပြန်ပြောပြလိုက်သည်။

သာမောင်ကတော့ သူပြောသော သစ်စုန်းပြိတ္တာကြီး အကြောင်းကို စိတ်မဝင်စားပေ. . .။

သူတို့က ထိုအရပ်သားများ ဖြစ်ကြသဖြင့် သစ်စုန်းပြိတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကို မမြင်ဖူးသော်လည်း ကြားဖူးလေသည်။

သန်းဖေပြောသောအကြောင်းများထဲတွင် သူတို့စိတ်ဝင်စားသည်က အခြားအကြောင်းအရာတစ်ခုဖြစ်သည်။

“ဒါဖြင့် ဂျပန်တွေထွက်ပြေးတော့ သူတို့နှင့်ပါလာတဲ့ ပစ္စည်းတွေ အဲသည့်နားမှာ ကျန်ခဲ့မှာပေါ့”

“ကျန်ခဲ့တယ်၊ ကျည်ဆံသေတ္တာတွေရော သေနတ်တွေနဲ့ ရိက္ခာထုပ်တွေပါ မယူနိုင်ဘဲ ဒီအတိုင်းထားခဲ့ကြရတယ်”

ထိုစကားကြားသောအခါ သာမောင်မှာ များစွာဝမ်းသာသွားလေသည်။

သူတို့အဖွဲ့မှာ သေနတ်သုံးလေးလက် ရှိသော်လည်း ကျည်ဆံက ဖြစ်ဖြစ်မြောက်မြောက် မကျန်တော့ပေ။

ခြေစောင့်လက်စောင့်လောက်သာ ကျန်တော့သည်။

ဂျပန်စစ်သားများ ကျန်ခဲ့သော သေနတ်နှင့် ကျည်ဆံ သေတ္တာများကိုသာရလျှင်တော့ သူတို့အတွက် များစွာအင်အား တောင့်တင်းသွားပေလိမ့်မည်။

“မင်း အဲ့ဒီနေရာကို မှတ်မိသလား”

“သိပ်တော့မမှတ်မိဘူး၊ ဒါပေမယ့် ဖြေးဖြေးချင်း ပြန်သွားရင်တော့ ရောက်နိုင်တယ်”

“ဒါဖြင့် ငါတို့ကို လိုက်ပြပေးပါ”

“ငါ မသွားဝံ့တော့ဘူး”

“ဘာဖြစ်လို့လဲ ဂျပန်တွေနဲ့ ပြန်တွေ့မှာစိုးလို့လား”

“မဟုတ်ဘူး အဲဒီနေရာမှာ သစ်စုန်းပြိတ္တာဆိုတာ





ရှိတယ်၊ ဂျပန်စစ်သားတွေထက် ပိုပြီးကြောက်ဖို့ကောင်းတယ်”

သန်းဖေ၏အမူအရာကိုကြည့်ပြီး သာမောင်တို့တတွေမှာ သဘောကျစွာရယ်ကြလေသည်။

“ဒီလောက်ကြောက်မနေပါနဲ့ကွာ၊ ငါတို့က ဒီနယ်သားတွေပါ၊ မင်းပြောတဲ့ သစ်စုန်းပြိတ္တာအကြောင်းကို သိသင့်သလောက်သိပြီး၊ ကြားသင့်သလောက်လည်း ကြားဖူးပါတယ်၊ မင်းပြောသလောက်လည်း မဟုတ်ပါဘူး၊ နောက်ပြီး သစ်စုန်းပြိတ္တာဆိုတာ နေ့ဘက်ဆိုရင် မတွေ့ရဘူး၊ တွေ့ရင်တောင် ညဘက်မှ တွေ့ရတတ်တာ ဘာမှကြောက်စရာမရှိပါဘူး”

သာမောင်ပြောတော့ လက်တွေ့မြင်ခဲ့ကြုံခဲ့ရသော သန်းဖေခမျာ ဘာပြန်ပြောရမှန်းမသိသဖြင့် မျက်စိအပြူးသားဖြင့်သာ နားထောင်နေလေသည်။

“မင်း ငါတို့ကို ကူညီပေးရင် မင်းကိုလည်း ကူညီပေးတဲ့အနေနဲ့ ငါတို့အဖွဲ့မှာ ခေါ်ထားမယ်၊ ဒီလိုမှမဟုတ်ရင်တော့ သက်မခံနိုင်ဘူး”

သန်းဖေအဖြစ်မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုးဖြစ်နေရာ လောလောဆယ် အဆင်ပြေစေရန်အတွက် သာမောင်တို့ဆန္ဒကို သဘောတူပေးလိုက်ရလေတော့သည်။

ထို့နောက်မှာတော့ ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ပြီးနောက် ခရီးထွက်ကြလေသည်။

သာမောင်တို့အဖွဲ့မှာ စုစုပေါင်း (၈)ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု သန်းဖေတစ်ယောက်ထပ်တိုးလာတော့ (၉)ယောက်ဖြ
သွားသည်။

လူ(၉)ယောက်ဖြစ်သော်လည်း သေနတ်ကတော့ ...
လက်သာရှိသေးသည်။

သို့သော်လည်း ဓားလှံလက်နက်များတော့ ကိုယ်စီကိုင်
ပါလာကြသည်။

ထိုခရီးကိုတော့ သန်းဖေကပင် ဦးဆောင်လမ်းပြ
သွားကြခြင်းဖြစ်သည်။

သို့သော်လည်း သေသေချာချာ မှတ်မိနေခြင်းမျိုးတော့
မဟုတ်ပေ။

စိတ်ထဲမှာထင်သော နေရာဘက်သို့ မှန်းဆပြီး သွား
ရခြင်းသာဖြစ်သည်။

တကယ်တော့ သန်းဖေမှာ တောထဲမှာမွေး၊ တော
မှာကြီးပြီး တောကျွမ်းသူတစ်ယောက်တော့ မဟုတ်ပေ။

မမျှော်လင့်ပဲ တောထဲရောက်လာရသဖြင့် စမ်းတဝါး
ဖြင့် သွားနေရသဖြင့် ခရီးမတွင်လှပေ။

သာမောင်တို့အုပ်စုကလည်း သူတို့လိုချင်နေသော ...
နတ်နှင့်ကျည်ဆံသေတ္တာလိုက် ရမည်ဆိုသော လောဘစိတ်ဖြ
သန်းဖေခေါ် ရာနောက်သို့ စိတ်ရှည်လက်ရှည်ဖြင့် လိုက်ကြ...
သည်။

တစ်နေရာရောက်တော့ သန်းဖေကပြောသည်။

"ငါတို့သွားရမယ့်နေရာက သိပ်မဝေးတော့ဘူး၊ ဒီ...





တစ်ဝိုက်မှာပဲရှိတယ်၊ ဒီနေရာရောက်တော့ ငါမှတ်မိလာပြီ"

ထိုစကားကြောင့် အားရှိသွားကြလေသည်။

သို့ကြောင့် ရှေ့သို့ဆက်သွားကြလေသည်။

အချိန်က နေ့လည်ပိုင်းအချိန်သာ ရှိသေးသောကြောင့် တောတွင်းမှာ အလင်းရောင်ကောင်းစွာ ရနေသေးသည်။

ထို့ကြောင့်လည်း ရဲရဲတင်းတင်းပင် သွားကြလေသည်။

တစ်နေရာရောက်တော့ သူတို့ခြေသံများကြောင့် ချုံထဲမှာ အိပ်နေဟန်ရှိသော ဒရယ်တစ်ကောင်က ကြောက်လန့်တကြားနှင့် နေရာမှထပြေးလေသည်။

ဒရယ်က သူတို့ရှေ့မှဖြတ်ပြေးသွားသော်လည်း လျင်မြန်လှသောကြောင့် ဘာမှမလုပ်လိုက်နိုင်ကြပေ. . .။

ချုံထဲမှပြေးထွက်သွားသော ဒရယ်သည် ရှေ့ဘက်မနီးမဝေးနေရာရောက်သောအခါ မြင်ကွင်းမှ ပျောက်သွားလေတော့သည်။

"စောစောကပြေးသွားတဲ့ ဒရယ် ဘယ်ပျောက်သွားတာလဲ"

"တွင်းထဲများ ပြုတ်ကျသွားသလား"

"တွင်းလည်းမရှိပါဘူး၊ နေ့ခင်းကြောင်တောင် သရဲခြောက်နေတာလား"

သာမောင်တို့က ထိုဒရယ်ကို စိတ်မဝင်စားသောကြောင့် ရှေ့ကိုဆက်လျှောက်သွားကြလေသည်။

အကယ်၍သာ ထိုနေရာသို့ သွားကြည့်မည်ဆိုပါက ထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားမှုကို တွေ့ကြရပေလိမ့်မည်။

ဒရယ်ပျောက်သွားသောနေရာမှ မြေကြီးများမှာ အသက်ရှိသော သတ္တဝါတစ်ကောင်ကဲ့သို့ လှုပ်ရှားနေကြသည်။ ဝဲကတော့ ထိုးနေသကဲ့သို့ လှိုင်းထနေသည်။

ထိုနေရာရောက်သွားသော ဒရယ်ကို မြေအောက်မှ ထွက်လာသော လက်ကြီးတစ်ဖက်က ဆွဲချသွားခြင်းဖြစ်သည်။

ဒရယ်ကိုဆွဲချလိုက်စဉ်က ဝဲကတော့ကဲ့သို့ အခေါင်းပေါက်ကြီးဖြစ်သွားပြီးမှ တဖြည်းဖြည်းနှင့် မြေသားကဲ့သို့ တညီတည်းပြန်ဖြစ်သွားခြင်းဖြစ်ပေသည်။

သာမောင်တို့အုပ်စုမှာ ဂျပန်များ စတည်းချသွားသောနေရာကို ရှာမတွေ့ကြသေးသဖြင့် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ဝင်နားကာ ပါလာသော အစားအသောက်များကို စားသောက်နေကြလေသည်။

ထိုအခိုက်မှာ သူတို့ရှိနေသော နေရာတစ်ဝိုက်မှာ မြေကြီးများမှ ငလျင်လှုပ်သကဲ့သို့ လှုပ်လာသည်။

မြေကြီးများလှုပ်လာသဖြင့် ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိကြသော သစ်ပင်နှင့်သစ်ချုံများပါ လှုပ်လာကြသည်။

"ဘာဖြစ်တာလဲ"

"ငလျင်လှုပ်တာပဲဖြစ်မှာပေါ့"

ထိုသို့ပြောနေစဉ် လှုပ်ရှားမှုက တဖြည်းဖြည်းပိုကြမ်းလာလေရာ သစ်ပင်များပင် ယိမ်းထိုးနေကြလေသည်။ စောစောက ငလျင်လှုပ်နေသည်ထင်သဖြင့် ခပ်အေးအေးပင် ရှိနေကြ





သော သာမောင်တို့ပင် မျက်လုံးပြူးလာကြသည်။ ကြည့်နေရင်းမှာပင် မြေကြီးလှုပ်တာက ပိုကြမ်းလာသည်။ သူတို့ရှိနေသော မြေကွက်လပ်နေရာမှာ ဝဲကတော့ထိုးသကဲ့သို့ ဖြစ်လာသောကြောင့် မနေဝံ့ကြပဲ ထိုနေရာမှ ထပြေးရလေသည်။

သူတို့ထပြေးနေစဉ်မှာ မြေကြီးထဲမှ လက်ကြီးတစ်ဖက်ထွက်လာပြီး လူများကို လိုက်ဆွဲလေတော့သည်။

"အောင်မယ်လေး လက်ကြီးထွက်လာပြီး လိုက်ဆွဲနေပြီ"

ဟုအော်ဟစ်ရင်း ဘေးအန္တရာယ်လွတ်ရာသို့ ထွက်ပြေးကြရလေသည်။

မြေကြီးထဲမှထွက်လာသော လက်ကြီးကလည်း ဟိုဟိုဒီဒီစမ်းကာ လူများကို လိုက်စမ်းနေလေသည်။

ထိုမြင်ကွင်းကိုမြင်သောအခါ သာမောင်တို့ တတွေမှာ အခြားထွေထွေထူးထူး စဉ်းစားမနေကြတော့ ထိုနေရာနှင့် ဝေးနိုင်သမျှဝေးအောင် ထွက်ပြေးကြရလေသည်။ အတော်ဝေးဝေးရောက်မှ ကြောက်ကြောက်လန့်လန့်ဖြင့် လှည့်ကြည့်သောအခါ လက်ကြီးမှာ အတော်ရှည်ထွက်နေရာ နီးစပ်ရာနေရာများသို့ ရေထဲမှာ ပုစွန်စမ်းသကဲ့သို့ လိုက်စမ်းနေသည်ကို မြင်ကြရသည်။

(၉)ယောက်သား ထွက်ပြေးကြရာ အတော်ဝေးဝေးရောက်တော့မှ လူပြန်စုပြီး နားကြရသည်။

"ဘာကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြေကြီးထဲက လက်ကြီးတစ်ဖက်ထွက်လာပြီး လိုက်ဆွဲနေတာ မမြင်ဘူးလား"

"မြင်တော့မြင်တာပေါ့၊ အဲ့ဒါဘာလဲလို့ မေးတာ. ."

"ငါတော့ လူကြီးတွေပြောတာ ကြားဖူးတယ်၊ ဒီတောထဲမှာ သစ်စုန်းပြိတ္တာနဲ့ မြေစုန်းပြိတ္တာတွေရှိတယ်တဲ့၊ ဂျပန်တွေနဲ့ တွေ့တာ သစ်စုန်းပြိတ္တာတွေ့ဆိုရင် အခုငါတို့နဲ့တွေ့တာ မြေစုန်းပြိတ္တာပဲဖြစ်မှာပေါ့"

သာမောင်စကားကြားသောအခါ တစ်ယောက်က မကျေမနပ်ဖြင့်ပြောသည်။

"မင်းပြောတော့ ကြောက်စရာမကောင်းလှဘူးဆို အခုတောင်ပြေးနိုင်လို့သာ လွတ်ခဲ့ကြတာ မပြေးနိုင်ရင်တော့ အသေပဲ"

"ငါလည်း ဘယ်သိပါ့မလဲ၊ မြေစုန်းပြိတ္တာဆိုတာ အခုမှပဲ မြင်ဖူးတဲ့ဟာ. ."

"ကဲ ဒါတွေပြောမနေကြနဲ့တော့ အခု ဘာလုပ်ကြမှာလဲ"

တစ်ယောက်ကဝင်ပြောလိုက်တော့မှ အချေအတင်ပြောဆိုနေခြင်းများ ရပ်သွားကြသည်။

"ဒီနားမှာဆက်နေလို့တော့မဖြစ်ဘူး၊ ဝေးတဲ့နေရာရောက်အောင် သွားကြရင်ကောင်းမယ်"

ဟုပြောကာ ထိုနေရာမှ ထွက်လာကြလေသည်။

သူတို့တစ်ဖွဲ့မှာ တစ်ယောက်မှ အသေအပျောက်မရှိကြသော်လည်း များစွာထိတ်လန့်ကြောက်ရွံ့နေကြလေပြီ. . .။





စကားပြန်သန်းဖေတစ်ယောက်ကတော့ သစ်စုန်းပြိတ္တာနှင့်တွေ့ခဲ့ရသဖြင့် အသက်လုပြီးထွက်ပြေးခဲ့ရာမှ ယခုမြေစုန်းပြိတ္တာနှင့် ထပ်တွေ့ရပြန်သဖြင့် သွေးပျက်လုမတတ် ဖြစ်နေလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၁၀ )

# ဆန်းကြယ်လှသော မာယာကွန်ယက်များ

သာမောင်တို့အဖွဲ့မှာ လမ်းခုလတ်မှာပင် မမျှော်လင့်တဲ့ မြေစုန်းပြိတ္တာနှင့်တွေ့ရသဖြင့် ပြေးရလွှားရသောကြောင့် ခရီးကြန့်ကြာခဲ့ကြရပေသည်။ မြေစုန်းပြိတ္တာရှိသောနေရာနှင့် အတော်ဝေးဝေးရောက်သောအခါ အချိန်ကအတော်နည်းနေပေပြီ။

သို့သော်လည်း ညနေပိုင်း အချိန်ရောက်သောအခါမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူတို့ရှာဖွေနေသောနေရာသို့ ရောက်သွားကြလေသည်။

မြင်ကွင်းကတော့ မကောင်းလှပေ။

ရုပ်ပျက်ဆင်းပျက်နှင့် သေဆုံးနေသော အလောင်းများကိုတွေ့ကြရသည်။ ဂျပန်စစ်သားများရော ချွေးတပ်သားများပါ (၁၅)လောင်းခန့်ရှိနေသည်။

အလောင်းများမှာ အကောင်းမရှိတော့ပေ။

သစ်စုန်းပြိတ္တာလက်ချက်ကြောင့် ရုပ်ပျက်ဆင်းပျက်သေကြရသည့်အပြင် တောတိရစ္ဆာန်များက ဝင်ရောက်စားသောက်ထားကြသဖြင့် ပို၍အခြေအနေဆိုးနေကြလေသည်။ အချို့အလောင်းများမှာလည်း ကိုက်ဖြတ်စားသောက်ထားသောကြောင့် အရိုးအဖွေးသားနှင့် ဖြစ်နေလေသည်။

သေဆုံးခဲ့ပြီးသည်မှာ ရက်အတန်ကြာနေပြီဖြစ်သဖြင့် ပုတ်ပွနေသောအလောင်းက ပုတ်ပွလျှက်ရှိနေသည်။ ထိုနေရာမှာတော့ သူတို့လိုချင်သော သေနတ်အချို့ရှိနေသည်။

"မြင်ရတာနဲ့တင် စိတ်ထဲမှာ ကြောက်လာသလိုပဲ၊ ဒါထက် သေတ္တာတွေက ဘယ်မှာလဲ"

"ဟိုဂူထဲမှာ. . ."

ဂူပေါက်ဝမှာလည်း အလောင်းအချို့ရှိနေသည်။

"မင်းတို့ သေနတ်တွေလိုက်ကောက်ထားကြ၊ ငါတို့ ဂူထဲဝင်ကြမယ်"

ဟုပြောပြီး အလောင်းများကို ခွကျော်ပြီး ဂူထဲသို့ ဝင်သွားကြလေသည်။





အပေါက်ဝရောက်တော့ ဂူအတွင်းမှ မာန်ဖီသံလိုလိုကြားလိုက်ရသဖြင့် သေနတ်ဖြင့်ထိုးချိန်ကာ လှမ်းကြည့်လိုက်သည်။ ဂူအတွင်းပိုင်တွင် မှောင်နေပြီဖြစ်သောကြောင့် ဘာမှတော့ သဲသဲကွဲကွဲ မမြင်ရပေ. . .။

သို့သော် ခွေးတစ်ကောင် မာန်ဖီနေသောအသံမျိုးတော့ ကြားနေရသည်။

"ဂူထဲမှာ ဘာကောင်တွေရောက်နေသလဲမသိဘူး"

"တောကောင်တွေရောက်နေရင် အန္တရာယ်များတယ်၊ မီးရောင်နဲ့ထိုးကြည့်ပါလား"

သန်းဖေကပြောသဖြင့် တစ်ယောက်က ကျောပိုးလွယ်အိတ်ထဲမှ လက်နှိပ်မီးကိုထုတ်ပြီး အတွင်းဘက်သို့ ထိုးကြည့်လိုက်သည်။ ပထမတော့ အနီရောင်အလင်းစက်များကို လှမ်းမြင်ရသည်။

သေသေချာချာကြည့်တော့ နေရာမှမထနိုင်ဘဲ တဂီးဂီးနှင့် မာန်ဖီနေသော တောခွေးတစ်ကောင်ကိုသာ တွေ့ရလေသည်။

"တောခွေးတစ်ကောင်ပဲရှိတယ်"

"ဒါဖြင့်လည်း အရေးကြီးတာယူပြီး ဒီနေရာက အမြန်သွားကြရအောင်"

ဟုပြောဆိုပြီး ဂူထဲသို့ မီးရောင်ဖြင့် ထိုးကြည့်တော့ ဂူပေါက်ဝနှင့် မနီးမဝေးမှာ ချထားသော သံသေတ္တာနှစ်လုံးကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းတို့လိုချင်တဲ့ ကျည်ဆံသေတ္တာတွေပဲ. ."

ဟု သန်းဖေကပြောသဖြင့် သာမောင်နှင့် ကျန်နှစ်ယောက်က ထိုနေရာသို့သွားကြသည်။

ထိုနေရာရောက်ပြီး သေတ္တာအဖုံးကို ဖွင့်ကြည့်ရန် ပြင်နေကြစဉ်မှာ မမျှော်လင့်သော အန္တရာယ်က ရောက်လာလေတော့သည်။

လေချွန်သံကဲ့သို့ အသံမျိုးကြားလိုက်ရပြီးနောက် သူတို့ကိုယ်ပေါ်သို့ ရေပွပ်နှင့်ထိုးလိုက်သကဲ့သို့ ရေစက်များ လာရောက်ထိမှန်လေသည်။

"ဘာတွေလဲ"

"ရေနဲ့ပက်တယ်"

"ရေနဲ့ပက်တာမဟုတ်ဘူး၊ ငါမျက်လုံးထဲဝင်သွားတာ ပူလိုက်တာ လုပ်ကြပါဦး. . ကယ်ကြပါဦး"

ဟု တစ်ယောက်ကအော်သည်။

ကြည့်လိုက်တော့ သူမျက်နှာကို လက်နှစ်ဖက်နှင့် အုပ်ကာ အော်ဟစ်နေသည်။

နောက်တော့ မခံမရပ်နိုင်ဖြစ်ကာ မြေပေါ်သို့ လဲကျသွားပြီး စူးစူးဝါးဝါးအော်ဟစ်နေတော့သည်။

"ဘာဖြစ်တာလဲ"

"ငါလည်းမသိဘူး"

တစ်နေရာမှ ရေနှင့်ထိုးပက်လိုက်သကဲ့သို့ရှိရာ အချို့မှာ အဝတ်များခံနေသဖြင့် အသားကိုမထိသော်လည်း အချို့က အသားကိုထိရာ မခံမရပ်နိုင်အောင် ဖြစ်နေကြသည်။





သူတို့အထဲမှာပါလာသော ထွန်းဆိုသူမှာ မျက်လုံးကို တည့်တည့်ထိမိသွားသဖြင့် မြေပေါ်သို့လဲကျကာ စူးစူးဝါးဝါး အော်ဟစ်နေလေတော့သည်။ အချိန်ကလည်း မရှိတော့ပေ. ။

ညနေပိုင်းအချိန် ရောက်လာပြီဖြစ်သဖြင့် ဂူအတွင်းမှာလည်း မှောင်လာနေပြီ။

ထိုအခိုက်မှာပင် တရှဲရှဲနှင့် အသံအချို့ ကြားလိုက်ရသဖြင့် အသံကြားရာဘက်သို့ မီးရောင်ဖြင့် ထိုးကြည့်သောအခါ ကြောက်စရာကောင်းသော မြင်ကွင်းကို တွေ့ကြရသည်။

အခြားမဟုတ်ပေ။

ကျောက်ချပ်၊ ကျောက်တုံးများကြားမှ ခေါင်းထောင်ကြည့်နေသော မြွေဦးခေါင်းများကို တွေ့ကြရသည်။

အချို့က ပါးပျဉ်းထောင်ထားပြီး အချို့က ပါးပျဉ်းမထုတ်သေးပေ၊ တစ်ကိုယ်လုံး နက်မှောင်နေပြီး မျက်လုံးနှစ်လုံးက တသ်ာပြဒါးကဲ့သို့ နီရဲနေသော တောကြီးမြွေဟောက်များဖြစ်သည်။ လေးငါးကောင်ခန့်တွေ့ရသည်။

ရန်သူနှင့်တွေ့ပါက အဝေးမှပင် အဆိပ်ရေဖြင့် လှမ်းမှုတ်ကာ သေစေနိုင်သော ကြောက်စရာကောင်းသော သတ္တဝါဖြစ်သည်။

ဦးခေါင်းထောင်ပြီး ပါးစပ်ဟလိုက်သည်နှင့် အာခေါင်ထဲသို့ ကောက်ဝင်နေသော အစွယ်ကောက်နှစ်ချောင်းက အပြင်သို့ ငေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအစွယ်ခေါင်းအပေါက်မှ အဆိပ်ရေကို မှုတ်ထုတ်လိုက်လျှင် ရေပြွန်မှ မှုတ်ထုတ်လိုက်သကဲ့သို့ပင် အတော်ဝေးဝေး နေရာအထိ ရောက်နိုင်လေသည်။

၎င်းအဆိပ်ရေနှင့်ထိရုံနှင့်ပင် လူနှင့်တိရစ္ဆာန်များကို သေစေနိုင်သည်။

ဂူထဲမှာအသက်ငင်နေသော တောခွေးမှာလည်း အဆိပ်သင့်ကာ မထနိုင်ဘဲ ဖြစ်နေပြီး ယခုသူတို့အထဲမှ လူတစ်ယောက်လည်း အဆိပ်ထိသွားခဲ့ပေပြီ။ ထိုအခိုက်မှာပင်. . .

"ရှီး. . ရှီး. . ရှီး . . . ."

ဟုအသံများကြားသဖြင့် အသံကြားရာသို့ ကြည့်လိုက်ရာ တောကြီးမြွေဟောက်များက ၎င်းတို့နေရာမှ အောက်သို့ဆင်းလာကြလေပြီ. . ။

"ပြေး. . ပြေးကြ၊ ဒီမြွေတွေက အဆိပ်ပြင်းတယ်၊ သူတို့အဆိပ်နဲ့ထိရင် သေလိမ့်မယ်"

တစ်ယောက်က အော်ပြောသဖြင့် ဒဏ်ရာရနေသူကိုပင် မခေါ်နိုင်တော့ဘဲ ဂူအပြင်သို့ ပြန်ထွက်ပြေးကြရလေတော့သည်။

အချိန်ကလည်း ညနေစောင်းလာပြီဖြစ်သောကြောင့် ဝေးဝေးမသွားဝံ့ကြတော့သဖြင့် မနီးမဝေးမှာရှိသော ဂူပေါက်တစ်ပေါက်ထဲသို့ ဝင်နေကြရလေသည်။

ဂူထဲမှာ ကျန်နေခဲ့သူမှာ ထွန်းဆိုသူဖြစ်သည်။

"ထွန်းတော့ ဘယ်လိုဖြစ်မလဲ မသိဘူး"





"ငါတို့တောင် ပြေးနိုင်လို့ လွတ်ခဲ့ကြတာ သူ့ထိုက်နဲ့သူ့ကံပဲ. . ."

"ဒါထက် ကျည်ဆံသေတ္တာတွေ ဘယ်လိုယူမလဲ၊ မြွေတွေက အထဲရောက်နေတော့ ငါတို့ဝင်ရင် ထပ်တွေ့ဦးမှာပဲ"

"မြွေတွေထွက်ပြေးအောင် မီးနဲ့တိုက်ရင်မကောင်းဘူးလား"

"မင်းအတော်ဦးနှောက်နည်းတာပဲ၊ မီးနဲ့တိုက်မှတော့ ကျည်ဆံသေတ္တာတွေက ထပေါက်ကုန်မှာပေါ့ ငတုံးရဲ့"

"ဒါပေမယ့်. . ဒီနေရာရောက်မှတော့ သေနတ်တွေနဲ့ ကျည်ဆံသေတ္တာတွေတော့ မရရအောင် ယူသွားရမှာပဲ"

"ဒါပေမယ့် ဂျပန်တွေက သစ်စုန်းပြိတ္တာရောက်လာပြီး သတ်သွားတာဆိုတော့ ဒီနေရာတစ်ဝိုက်မှာ သစ်စုန်းပြိတ္တာတွေ ရှိနေနိုင်တယ်၊ ညဘက်ရောက်ရင်တော့ သတိထားမှဖြစ်မယ်"

ဟုပြောဆိုကာ ပါလာသောအစားအသောက်များကို ထုတ်ပြီး စားသောက်လိုက်ကြသည်။

ထို့နောက် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ထင်းခြောက်ထင်းတုံးများကို ရှာဖွေစုဆောင်းပြီးဂူထဲမှာ မီးပုံတစ်ပုံဖိုထားလိုက်ကြသည်။

သူတို့နှင့်ပါလာသော စကားပြန်သန်းဖေကတော့ အကြောက်ကြီးကြောက်နေလေသည်။

ထိုနေရာတွင် အသက်အန္တရာယ်ဘေးနှင့် တွေ့သဖြင့် ထွက်ပြေးခဲ့ရာမှ ယခုထိုနေရာသို့ပင် တစ်ကျော့ပြန်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပြန်ချေပြီ. . . ။

ညဦးပိုင်းအချိန်ရောက်တော့ အလောင်းများရှိသော
ဘက်မှ ခွေးအူသံများ ကြားလာရသည်။

တောခွေးအုပ်များ ရောက်လာကြဟန်ရှိသည်။

သာမောင်တို့ကတော့ သူတို့မှာပါလာသော သေနတ်
များကို အဆင်သင့်ပြင်ကာ သတိဖြင့်စောင့်နေကြသည်။

အတန်ကြာတော့ တောထဲမှပြေးလာသော ခြေသံအ
ချို့ကို ကြားရသဖြင့် လှမ်းကြည့်လိုက်သည်။

သူတို့ရှိရာ ဂူဘက်သို့ လူတစ်ယောက် ပြေးလာေ
သည်။ အမှောင်ထဲမှဖြစ်သောကြောင့် မသဲကွဲလှသေးပေ။ မန်
မဝေးရောက်လာတော့မှ ဂူထဲမှာ မြွေဆိပ်ထိပြီး ကျန်ခဲ့သော
ငထွန်းဖြစ်မှန်း သိရလေသည်။

"ငထွန်းပါလား"

"ဒီကောင်သေပြီထင်တာ မသေသေးပါလား"

ထိုသို့ပြောနေစဉ် ငထွန်းက သူတို့ရှိသော ဂူပေါက်ဝသ
ရောက်လာလေတော့သည်။

"ငထွန်း ဘယ်လိုဖြစ်လာတာလဲ"

"လုပ်ကြပါဦးကွာ၊ ငါနောက်က သရဲသဘက်တွေ လိုက်
လာလို့"

"ဒါ. . ဒါဖြင့် ဂူထဲကို မြန်မြန်ဝင်ခဲ့"

ဟုပြောရာ ဒယိမ်းဒယိုင်ဖြင့် ပြေးလာသော ငထွန်းသ
သူတို့ရှိရာ ဂူထဲသို့ ရောက်လာလေတော့သည်။





ဂူအတွင်းမှာ ရောက်နေသူများကတော့ ငထွန်းကို ဂရု
မစိုက်နိုင်ကြပဲ သူ့နောက်မှ သရဲ သဘက်များပါလာသည်ဆို
သဖြင့် ကြောက်ရွံ့ကာ အပြင်ဘက်သို့ လှမ်းကြည့်နေကြလေ
သည်။

"ဘယ်လိုလုပ်ကြမလဲ"

"သရဲသဘက်တွေဆိုရင်တော့ ငါတို့လည်း မတတ်နိုင်
ဘူး၊ သေနတ်နဲ့ပစ်လို့လည်း ရမှာမဟုတ်ဘူး"

"လူကြီးတွေပြောသံ ကြားတာကတော့ တစ္ဆေသရဲတွေ
က မီးကြောက်တယ်လို့ပြောတယ်၊ ဂူပေါက်ဝမှာ မီးဖိုထားပြီး
ဝါးလုံးရှည်တစ်လုံး၊ နှစ်လုံးလောက်လည်း ဆောင်ထားရမယ်"

သူတို့အဖွဲ့ထဲမှာပါလာသော ဘစောဆိုသူက အသက်
အရွယ်လည်းကြီး၊ အတွေ့အကြုံလည်းရှိသူ ဖြစ်သောကြောင့်
သရဲသဘက်များရောက်လာပါက ကာကွယ်နိုင်ရန် သူကပင်
ဦးဆောင်ပြီး အစီအစဉ်များ ပြုလုပ်နေလသည်။

လက်ရှိဖိုထားသော မီးပုံအပြင် နောက်ထပ် မီးပုံတစ်
ပုံကိုပါ မီးပွား၍ ဖိုထားလိုက်သည်။

မီးဆိုက်ရန် ရှာဖွေထားသော သစ်သားချောင်း၊ ဝါး
ချောင်းများထဲမှ အတော်အသင့်ရှည်သော သစ်သားချောင်းနှင့်
ဝါးချောင်းအချို့ကိုလည်း နံဘေးမှာ ဖယ်ထားလေသည်။

ဂူထဲပြန်ရောက်လာသော ငထွန်းကတော့ အတွင်းသို့
ပြန်ရောက်ကတည်းက ရှိသမျှအစားအသောက်များကိုသာ ရှာ
ဖွေပြီး စားသောက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်း၊ အငမ်းမရနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ပြေးရတာနဲ့ ဗိုက်ဆာလာလို့ပါကွာ. . ."

"မင်းပြောတဲ့ သရဲသဘက်တွေက ဘယ်မှာလဲ၊ အခု ထိမတွေ့သေးပါလား"

"မင်းတို့မမြင်ရလို့ပါ၊ သူတို့က ဒီနေရာရောက်နေပြီ"

ဟုပြောသဖြင့် ဂူအပြင်ဘက်သို့ လှမ်းကြည့်လိုက်ကြသည်။ အပြင်ဘက်မှာတော့ အမှောင်ရိပ်များကြောင့် ဘာမှမမြင်ရပေ။

ဂူပေါက်ဝမှာ ဖိုထားသောမီးဖိုမှ မီးအလင်းရောင်ကြောင့်သာ အတန်အသင့် မြင်ရလေသည်။

ညဉ့်နက်ပိုင်းရောက်တော့မှ ဂူပေါက်ဝနှင့် မနီးမဝေးမှာရှိသော သစ်ချုံများ၊ သစ်ပင်များ ဘေးမှာရပ်နေကြသော မည်းမည်းသဏ္ဌာန်တို့ကို ဝိုးတဝါးမြင်လာရလေသည်။

ထိုအချိန်မှာ မီးဖိုမှ မီးအလင်းရောင်ကလည်း အရှိန်လျော့သွားပြီဖြစ်သောကြောင့် ထိုကဲ့သို့ မြင်လာရခြင်းဖြစ်ပေသည်။

"မနည်းပါလား"

"ဘာမှကြောက်စရာမလိုဘူး၊ မီးဖိုရှိနေရင် သူတို့ ဒီအထဲဝင်လာလို့ မရဘူး၊ မီးပုံထဲကိုသာ ထင်းမပြတ်အောင် ထည့်ထားပေးထား"

ထိုသို့သာ ပြောနေရသော်လည်း သူတို့အားလုံး စိတ်ထဲမှာတော့ ကြောက်စိတ်များ ဝင်နေကြလေပြီ။





သူတို့တစ်ဖွဲ့လုံးမှာ ဓားပြအဖွဲ့ဖြစ်သောကြောင့် လူယက်တိုက်ခိုက်ရမှာလည်းမကြောက်၊ သတ်ရဖြတ်ရမှာလည်း မကြောက်ရွံ့ကြပေ။

သို့သော် သရဲသဘက်များကိုတော့ ကြောက်ရွံ့ကြလေသည်။ ညဉ့်ဦးပိုင်းအချိန်ရောက်တော့ ပုံပန်းသဏ္ဌာန်အမျိုးမျိုးဖြင့် လာရောက်ခြောက်လှန့်ကြလေတော့သည်။

ပထမ သေနတ်များကိုင်ထားသော ဂျပန်စစ်သားအချို့တောထဲမှ ထွက်လာသည်ကို လှမ်းမြင်ရသည်။

စုစုပေါင်း ဆယ်ယောက်ခန့်ရှိပြီး သေနတ်များကို အဆင်သင့်ကိုင်ထားလေသည်။

ဂျပန်စစ်သားများက ဂူထဲမှာ သူတို့ရှိနေမှန်းသိသောအခါ သေနတ်များဖြင့်ချိန်ကာ တဖြည်းဖြည်းနှင့် ရှေ့တိုးလာလေတော့သည်။

"ဟိုမှာ ဂျပန်စစ်သားတွေ ရောက်လာပြီ၊ ဘယ်လိုလုပ်ကြမှာလဲ"

"ခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး"

ထိုအခါ စကားပြန်သန်းဖေက ရှေ့သို့ထွက်လာသည်၊

"မာစတာတွေက ငါထွက်ပြီး အကျိုးအကြောင်းပြောပြလိုက်ရင် လက်ခံမှာပါ၊ ဘာမှမပူနဲ့"

"အားကိုးပါရစေကွာ၊ မြန်မြန်သာလုပ်ပါ"

"ဟိုလူပြောတုန်းက သူ့နောက်က တစ္ဆေသရဲတွေ လိုက်လာသတဲ့၊ အခုတော့ မာစတာတွေ ပြန်ရောက်လာပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ကျပြီ. . .”

သန်းဖေက တစ်ယောက်တည်း ပြောနေသကဲ့သို့ ပြောကာ အပြင်သို့ထွက်သွားလေသည်။

“မာစတာ. . မာစတာ ကျွန်တော်ဒီမှာရှိတယ်၊ ဒီလူတွေကလည်း ရန်သူတွေ မဟုတ်ပါဘူး”

ဟု ဂျပန်ဘာသာစကားဖြင့် ထွက်ပြောလေသည်။

သန်းဖေထွက်လာတာမြင်တော့ ဂျပန်များက ခြေလှမ်းတန့်သွားကြလေသည်။

သူ့ကိုမျက်လုံးပြူးကြီးများဖြင့် ဝိုင်းကြည့်နေကြလေသည်။ သန်းဖေကလည်း ဂျပန်းစစ်သားများမှာ သူနှင့်ရင်းနှီးခင်မင်ပြီးသားဖြစ်နေသဖြင့် မကြောက်မရွံ့နှင့်ပင် ရှေ့သို့တိုးသွားလေသည်။

ဂျပန်စစ်သားများမှာ ယခင်ကနှင့် မတူတော့ဘဲ ပုံပျက်ပန်းပျက် ဖြစ်နေကြလေသည်။

အချို့မျက်နှာမှာ လူရုပ်နှင့်မတူတော့ဘဲ သရဲသဘက်မျက်နှာမျိုး ဖြစ်နေလေသည်။

သူ့ကိုတွေ့သော်လည်း စကားတစ်ခွန်းမှ ပြန်ပြောဘဲ မျက်လုံးပြူးများဖြင့်သာ စိုက်ကြည့်နေလေသည်။

သည်တော့မှ သန်းဖေမှာ အခြေအနေကို သဘောပေါက်သွားလေသည်။

“ဟင်. . လူတွေမှ မဟုတ်တာ၊ သရဲဘဝရောက်နေကြတာပဲ၊ ကယ်ကြပါဦး. . ကယ်ကြပါဦး”





ကြောက်လန့်တကြား အော်ဟစ်ပြီး နောက်သို့ ပြန်ပြေးရန် ကြိုးစားသော်လည်း မရတော့ပေ။

မနီးမဝေးမှာရောက်နေသော ဂျပန်တစ်ယောက်က နောက်မှလှမ်းဆွဲကာ သတ်ဖြတ်ပစ်လိုက်လေတော့သည်။ သန်းဖေ၏ စူးစူးဝါးဝါးအော်သံကိုကြားရသော်လည်း ဂူထဲမှာ ရှိနေသူများကတော့ အပြင်ထွက်ပြီ အကူအညီမပေးနိုင်ကြတော့ပေ။

သန်းဖေကို ဂျပန်စစ်သားများက သတ်ဖြတ်ပြီး တောထဲသို့ ဒရွတ်တိုက်ဆွဲခေါ်သွားသည်ကို လှမ်းမြင်ရသောအခါ ပိုပြီး ကြောက်ရွံ့ကြလေသည်။

ညဥ့်နက်ပိုင်းရောက်လာတော့ သရဲသဘက်များက ပုံသဏ္ဌာန်အမျိုးမျိုး ဟန်အမူအယာအမျိုးမျိုးဖြင့် သူတို့နေသော ဂူပေါက်ဝနားရောက်သည်အထိ လာရောက်ခြောက်လှန့်ကြလေသည်။

ထိုအထဲတွင် ဂျပန်စစ်သားများလည်းပါသည်။

ချွေးတပ်သားများလည်း ပါကြလေသည်။

တောထဲမှာ အစိမ်းသေသေကြသူများဖြစ်သောကြောင့် မကျွတ်မလွတ်သော ပရလောကသားဘဝရောက်နေကြသည်ကတော့ အဆန်းတကြယ်မဟုတ်ပါချေ။

နောက်ပိုင်း ရောက်လာတော့ မီးပုံနှင့် မနီးမဝေး ဂူပေါက်ဝနားအထိ ရောက်လာကြသည်။

မျက်လုံးပြူးပြလိုက်၊ ပါးစပ်ဖြဲပြလိုက်၊ နားရွက်ကြီးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကို လှုပ်ခတ်ပြလိုက်၊ ပါးစပ်ထဲမှ လျှာထွက်လာပြီး ဂူထဲမှလူများကို လှမ်းဆွဲတော့မလို လုပ်လိုက်နှင့် အမျိုးမျိုးလာရောက်ခြောက်လှန့်ကြလေသည်။

တစ်ကြိမ်မှာတော့ ဂူထဲမှာရောက်နေသော လူတစ်ယောက်က သည်းမခံနိုင်တော့သဖြင့် မီးပုံထဲမှာ မီးစွဲနေသော ထင်းချောင်းတစ်ချောင်းဖြင့် ဂူပေါက်ဝနားမှာ ပါးစပ်တဖြဲဖြဲနှင့် ပြုလုပ်နေသော သရဲပါးစပ်ထဲသို့ ဆောင့်ထိုးထည့်လိုက်လေသည်။

"ကိုင်း . . . ဟာ . . ."

မီးရဲရဲတောက်လောင်နေသော ထင်းချောင်းပါးစပ်ထဲဝင်သွားသည်နှင့် လာရောက်ခြောက်လှန့်နေသော သရဲလည်း စူးစူးဝါးဝါးအော်ဟစ်ကာ ထွက်ပြေးသွားလေတော့သည်။

ထိုကဲ့သို့ ထွက်ပြေးသွားပြီးနောက်မှာတော့ ဂူနားသို့ သိပ်မကပ်ကြတော့ဘဲ အဝေးမှသာ ခြောက်လှန့်ကြလေသည်။

အာရုဏ်တက်ချိန်ရောက်တော့မှ ပျောက်ကွယ်သွားကြလေသည်။

နံနက်ပိုင်းအချိန်ရောက်တော့မှ အခြေအနေကြည့်ပြီး အပြင်သို့ ပြန်ထွက်ကြသည်။

"ဘယ်လိုလုပ်ကြမလဲ"

"ဒီနေရာတောင် ရောက်အောင်လာခဲ့ပြီးမှတော့ ဂူထဲက ကျည်ဆံသေတ္တာတွေကို မရရအောင် ယူသွားကြမှဖြစ်မယ်"

"ဒါပေမယ့် ဂူထဲမှာ မြွေတွေရှိနေတာ ဘယ်လိုဝင်မှာလဲ"

ထိုသို့ပြောဆိုနေသံကြားတော့ ငထွန်းက ဝင်ပြောလေသည်။

"မပူကြပါနဲ့၊ ဂူထဲကို ငါဝင်ပါ့မယ်"

"မင်းဝင်လည်း မနေ့ကလို မြွေဆိပ်ထိတော့ ဘယ်လိုလုပ်မလဲ"

"ငါက မြွေဆိပ်ပြီးနေတာပဲ၊ ထိလည်း ဘာမှမဖြစ်ဘူး"

ထိုသို့ပြောသဖြင့် နည်းနည်းတော့ စိတ်အားတက်လာကြသည်။ ထို့ကြောင့် ကျည်ဆံသေတ္တာများရှိသော ဂူရှိရာဘက်သို့ တစ်ကျော့ပြန်လာကြသည်။

လမ်းတစ်နေရာရောက်တော့ ထူးဆန်းသောမြင်ကွင်းကို တွေ့ကြရသည်။

ပါးစပ်ထဲမှာ ထင်းချောင်းတစ်ချောင်းစိုက်ဝင်ပြီး သေဆုံးနေသော ဒရယ်တစ်ကောင်ကို တွေ့ကြရသည်။

ပါးစပ်တစ်ဝိုက်မှာလည်း မီးလောင်ထားသော ဒဏ်ရာများကို တွေ့ကြရလေသည်။

"ဒီထင်းချောင်းက ညက သရဲပါးစပ်ထဲကို ပစ်ထိုးလိုက်တဲ့ ထင်းချောင်းမဟုတ်လား"

"ဟုတ်တယ်၊ သရဲက ဘယ်လို ဒရယ်ဖြစ်နေတာလဲ"

"သရဲတစ္ဆေတွေသေရင် . . ဖွတ်၊ ပဒပ်၊ ပုတ်သင်ညိုကောက်တဲ့၊ ဒရယ် စတဲ့ တောတိရစ္ဆာန်တွေ အသွင်ပြောင်းသွားတယ်လို့တော့ ပြောသံကြားဖူးတယ်"





www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩစရာပဲ၊ ဘာပဲဖြစ်ဖြစ်. . ဒီဒရယ်ကိုတော့ သယ်သွားရမယ်၊ ဒရယ်ပဲဖြစ်ဖြစ် သရဲပဲဖြစ်ဖြစ် စားဖူးတယ်ရှိအောင် စားကြည့်ရမယ်"

ဟုပြောကာ ပါးစပ်ထဲမှာစိုက်ဝင်နေသော တုတ်ချောင်းကို ဖယ်ရှားပြီး ဒရယ်အသေကောင်ကိုပါ တစ်ပါတည်း သယ်ယူလာကြလေသည်။

ကျည်ဆံသေတ္တာနှစ်လုံးရှိနေသည့် ဂူပေါက်သို့ ရောက်သောအခါ အတွင်း၌ အဆိပ်ပြင်းသော မြွေများရှိနေသည်ထင်သဖြင့် အခြားသူများက မဝင်ဝံ့ကြပေ. . .။

ထိုအခါ ထွန်းက ရဲရဲတင်းတင်းနှင့်ပင် ဂူအတွင်းသို့ ဝင်သွားလေသည်။ ဂူထဲရောက်တော့ မြွေများနှင့်ထပ်တွေ့လေသလား. . . မတွေ့လေသလား မမြင်ကြရပေ. . .။

အတန်ကြာတော့ ကျည်ဆံထည့်ထားသော သေတ္တာနှစ်လုံးနှင့် ဂူထဲမှာကျနေသော သေနတ်များကို သယ်ကာ ပြန်ထွက်လာလေရာ သာမောင်တို့မှာ များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားကြလေသည်။

သို့သော်လည်း ဂူထဲသို့ ရဲရဲတင်းတင်းသွားသော ထွန်းကို ဘာကြောင့် ဂူထဲမှာရှိနေကြသော အဆိပ်ပြင်းသည့် မြွေများက အန္တရာယ်မပေးကြသည်ကိုတော့ သူတို့မသိခဲ့ကြပေ. .။









## အခန်း ( ၁၁ )

# ရတနာဆယ်မောင်း ရွှေတယ်မောင်း

နီမောင်တို့လေးယောက် မြိုင်းကုန်းရွာသို့ ရောက်ခဲ့ကြသည်မှာ ရက်အတန်ကြာခဲ့ပေပြီ။

ပထမရောက်စမှာတော့ အခြေအနေကောင်းသည်နှင့် မိမိတို့နေရပ်သို့ ဖြစ်သည့်နည်းဖြင့်ရောက်အောင် ပြန်ကြမည်ဟု စိတ်ကူးထားကြသော်လည်း လက်တွေ့မှာတော့ မလွယ်ကူလှပေ။

အခြေအနေက မကောင်းသဖြင့် လမ်းပန်းအဆက်အ



www.burmeseclassic.com

www.burmeseclassic.com



သွယ်များ ပြတ်တောက်နေရာ တစ်နေရာနှင့်တစ်နေရာ သွားရေးလာရေးက မလွယ်ကူသောကြောင့် မပြန်နိုင်ကြဘဲ ရှိကြလေသည်။

ထိုသို့မပြန်နိုင်တော့လည်း နီမောင်တို့က သည်အတိုင်းထိုင်စားနေကြသည်တော့ မဟုတ်ပေ။

ဦးဖန်ကောင်းက ဆေးကုသရာမှာရော အကြောပြုပြုရာမှာ အတော်ပင် တတ်ကျွမ်းသူ ဖြစ်သောကြောင့် ထိုရွာရောဂါဖြစ်နေသူများကို ကုသပေးသည်။

နီမောင်တို့သုံးယောက်လည်း မဟူရာနှင့်အတူ အ
လိုက်ခြင်း၊ အခြားလုပ်စရာရှိသည်များကို လုပ်ကိုင်ပေးကြလေသည်။

ထိုကဲ့သို့ နေထိုင်ရင်းမှပင် နီမောင်နှင့် မဟူရာတို့လည်းရင်းနှီးခင်မင်မှု ရှိကြလေသည်။

"နီမောင် လမ်းပန်းအခြေအနေကောင်းရင် နင်တို့ပြန်ကြမှာလား"

"ပြန်ရမှာပေါ့. . ၊ ငါတို့ကို ဒီလောက်ကျွေးမွေးစောင့်ရှောက်ပေးနေတာကိုပဲ အတော်အားနာစရာ ကောင်းနေပြီ"

"ဒါပေမယ့် နင်တို့ကလည်း ဒီအတိုင်း ထိုင်စားနေကြတာမှ မဟုတ်တာ၊ နင်တို့ လုပ်ပေးတာလည်း နည်းတာမဟုတ်တာ၊ ဆရာကြီး ဆေးကုပေးလို့ လူအတော်များများ ရောဂါပျောက်ကြလို့လည်း ကျေးဇူးတင်နေကြတယ်၊ ငါတို့ရွာမှာ ဆေးကုပေးနိုင်တဲ့ ဆရာကောင်းကောင်း မရှိဘူး၊ ဒါကြောင့် ဒီလို





ဆေးဆရာမျိုး ဒီရွာမှာရှိနေရင် သိပ်ကောင်းမှာပဲ"

"ဆရာကြီးကို ပြောပြကြည့်ပေါ့၊ သူ နေချင်တယ်ဆိုရင် နေချင်နေမှာပေါ့"

"နင်တို့ကတော့ ပြန်မှာပေါ့"

"ပြန်ရမှာပေါ့၊ ရွာမှာ အဖေနဲ့အမေ ရှိသေးတယ်"

"နင့်မှာ တခြားမိသားစုတွေရော ရှိသေးလို့လား"

"ဟင့်အင်း မရှိပါဘူး၊ ငါတို့က မိသားစု သုံးယောက်ပဲ ရှိပါတယ်"

"သူတို့နှစ်ယောက်ကရော"

စောထီးနှင့် ငမဲအောင်တို့ကို မေးခြင်းဖြစ်သည်။

"သူတို့နှစ်ယောက်ကလည်း ငါတို့ရွာကပဲ၊ ငါတို့သုံးယောက်က အလုပ်အတူတူတွဲပြီး လုပ်ကြတာ၊ ဘာလဲ နင်က ငါတို့ကို မပြန်စေချင်လို့လား"

နီမောင်က ရိုးရိုးပင် မေးလိုက်သော်လည်း မဟူရာက တစ်မျိုး သဘောပေါက်သွားသဖြင့် မျက်နှာပေါ်မှာ ပန်းနုရောင် သမ်းသွားလေတော့သည်။

"ငါက နေစေချင်ပေမယ့် တားပိုင်ခွင့်မှ မရှိတာ"

"ငါတို့ကလည်း နင်တို့မိသားစုတွေကို ခင်ပါတယ်၊ ပြန်မယ်ဆိုရင်တောင် ချက်ချင်းတော့ မပြန်သေးပါဘူး"

ထိုစကားကြားတော့မှ စိတ်သက်သာရာ ရသွားသော အသံဖြင့်. . .

"ဒီလိုဆိုရင် ငါ အဖေနဲ့ တိုင်ပင်လိုက်ဦးမယ်၊ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက် ဒီမှာရှိနေတုန်း အကူအညီ တောင်းစရာတစ်ခုရှိတယ်"

ဟု ပြောလေသည်။

"ဘယ်လိုကိစ္စမျိုးလဲ"

"နောက်တော့ သိရမှာပေါ့၊ အဖေသဘောတူရင် နင်တို့ကို ခေါ်ပြောပါလိမ့်မယ်"

ဟု ပြောသွားလေသည်။

ထိုစကားကြားသောအခါ စောထီးနှင့် ငမဲအောင်တို့က. . .

"သူ့အဖေသွားပြောပြီး သဘောတူရင် တစ်ခါတည်း မင်္ဂလာဆောင်ခိုင်းမလို့လားမှ မသိတာ"

"ဟုတ်တယ်. . . သူ့ကြည့်ရတာ စိတ်ကြမ်းလူကြမ်းနဲ့ အတော်ကလေး စိတ်မြန်ပုံရတယ်၊ စိတ်မထင်ရင် မိန်းကလေးဖြစ်နေပေမယ့် သူက ရည်းစားစကား စပြောမယ့်ပုံမျိုးကွ"

ဟု ပြောကြလေသည်။

နီမောင်ကတော့ ဘာမှပြန်မပြောဘဲ ပြုံးနေလေသည်။

တစ်နေ့တော့ ဇမုန်းထန်က ခေါ်ခိုင်းသဖြင့် သူတို့လေးယောက်ကို မဟူရာက လာခေါ်လေသည်။

အချိန်က ညဦးပိုင်းအချိန် ရောက်နေချေပြီ။

ထို့ကြောင့် အပြင်ဘက်မှာ အမှောင်ရိပ်သမ်းလျက် လူသွားလူလာ ရှင်းနေလေတော့သည်။

ဇမုန်းထန်အိမ်မှာလည်း အခြားသူများမရှိဘဲ ၎င်းတို့





သားအဖနှစ်ဦးတည်းသာ ရှိနေပုံရသည်။

အိမ်ပေါ်ရောက်တော့ နေရာထိုင်ခင်းပေးပြီး ကွမ်းဆေးလက်ဖက်စသည်တို့ဖြင့် ဧည့်ခံလေသည်။

အိမ်အလယ်လောက်တွင် ရေနံဆီမီးအိမ်တစ်လုံး ထွန်းထားသဖြင့် အလင်းရောင် ရနေလေသည်။

အားလုံးနေသားတကျရှိတော့ ဇမုန်းထန်က စကားစသည်။

"ခင်ဗျားတို့ကို ခေါ်ရတာ တခြားမဟုတ်ပါဘူး၊ တိုင်ပင်စရာလေးတွေ ရှိလို့ပါ"

"ပြောသာပြောပါ"

"တခြားတော့ မဟုတ်ပါဘူး၊ အကူအညီ လိုတာလေးတွေလည်း ရှိလို့ပါ"

"ခင်ဗျားအခက်အခဲရှိတာတွေ ပြောပါ၊ ကျုပ်တို့ အကူအညီ ပေးနိုင်တာဆိုရင် ပေးပါ့မယ်၊ ဒီကလေးသုံးယောက်ကလည်း ကျုပ်ရဲ့ တူသားနောင်မယ်လို ဖြစ်နေကြတော့. . ကျုပ်နဲ့ သဘောတူညီပဲ ရှိကြပါတယ်"

နီမောင်တို့က ခေါင်းညိတ်ပြကြလေသည်။

"အခုလိုစကားမျိုး ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ပြောရမယ့်စကားက ကျုပ်တို့ မျိုးနွယ်စုတွေနဲ့ သက်ဆိုင်မယ့်ကိစ္စပါ၊ ဒါထက် ဘဲငါးရာတောင်အကြောင်းတော့ ကြားဖူးကြမယ် မဟုတ်လား"

"ကြားဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘင်ါးရာတောင်ရဲ့ လိုဏ်ဂူထဲမှာရှိတဲ့ ရတနာတွေအ
ကြောင်းကိုရော ကြားမိသြလား"

"နည်းနည်းပါးပါးလောက်ပဲ ကြားမိပါတယ်"

"ဒီရတနာတွေက လူတိုင်းစိတ်ဝင်စားနေကြတာဗျ။ ဒ
ပေမယ့် အခုထိတော့ ဘယ်သူမှ မယူနိုင်ကြသေးပါဘူး။ အ
တော့ ဒီရတနာတွေက ကျုပ်တို့ သက်မျိုးနွယ်တွေနဲ့ အဓိ
သက်ဆိုင်တဲ့ ရတနာတွေဆိုရင် မမှားပေဘူးပေါ့"

ဇမုန်းထန်က ဆေးရွက်ကြီးဖြင့် ပတ်လိပ်ထားသော
ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိကာ စိမ်ပြေနပြေ ဖွာနေရင်း
ပြောပြနေသည်။

နီမောင်တို့ကလည်း သူတို့မကြားဖူးသေးသော အ
ကြောင်းအရာများကို ကြားကြရသဖြင့် စိတ်ဝင်စားနေကြသည်။

ထို့နောက် ဇမုန်းထန်က သက်ဘုရင် ငအောင်လာ
ပတ်သက်သည့် အကြောင်းအရာအချို့ကို သူမှတ်မိသလော
ပြန်ပြောပြပြီး သက်မင်းငအောင်လာ မြှုပ်နှံထားခဲ့သော ရွှေ
ရတနာများ အကြောင်းကိုပါ ပြောပြလေသည်။

"စိန်ရွှေငွေ ရတနာမျိုးစုံတွေက နည်းတာမှမဟုတ်
ရွှေဆယ်မောင်း၊ စိန်ရွှေငွေရတနာတွေက ဆယ်မောင်းစ
တယ်၊ တစ်မောင်းကို ပိဿာတစ်ရာ အလေးချိန်စီးတယ်"

"မနည်းပါလား၊ ဒီလောက်များတဲ့ စိန်ရွှေငွေ ရတ
တွေ ရှိနေမှန်း သိနေပါလျက်နဲ့ သွားမရှာကြဘူးလား"

"ဘယ်နေပါ့မလဲဗျာ သွားရှာကြတာပေါ့၊ ဒါပေ





ဘယ်သူမှလည်း ရအောင်မယူနိုင်ကြသေးပါဘူး"

"ထက်မင်းငအောင်လာက ရတနာတွေထားတဲ့ဂူထဲမှာ
လေမရှိတဲ့နေရာ (လေဟာနယ်ရပ်ဝန်း)တွေနဲ့ စက္ကောမအတတ်
ပညာနဲ့ စီရင်ပြုလုပ်ခဲ့တဲ့ ထောင်ချောက်တွေရှိတယ်၊ ဝင်တဲ့သူ
တိုင်း အဲဒီအန္တရာယ်တွေနဲ့တွေ့ပြီး ပြန်မထွက်လာနိုင်ကြတာ
များတယ်"

ဦးဗန်ကောင်းက လက်ဖက်ရည်တစ်ခွက်သောက်ရင်း
စဉ်းစားနေလေသည်။

"ဒါဖြင့် ဂူထဲကရတနာတွေကို တစ်ယောက်တစ်လေမှ
ယူလို့ မရကြသေးဘူးပေါ့"

"သက်မင်းငအောင်လာက သူ့ရဲ့နန်းစဉ်ရတနာတွေကို
ထားခဲ့စဉ်ကတည်းက သစ္စာဓိဋ္ဌာန်ပြုပြီး ထားခဲ့တော့ ယူလို့မရ
ကြသေးဘူးဗျ"

"ဘယ်လိုသစ္စာဓိဋ္ဌာန်မျိုးလဲ"

"ဘုရင်ငအောင်လာက သက်မျိုးနွယ်က ဆင်းသက်ခဲ့
တဲ့ ရှင်ဘုရင်တစ်ပါးဆိုတော့ သက်မျိုးနွယ်တွေအပေါ်မှာ အ
ချစ်အမြင်ကြီးစွာနဲ့ အတော်လေး စောင့်ရှောက်ပေးခဲ့တယ်၊
ရတနာတွေကို သက်မျိုးနွယ်တွေ အစဉ်အဆက် စားနိုင်ရုံ၊ လှူ
နိုင်ရုံသာ ယူမယ်ဆိုပါက ယူနိုင်ပြီး လောဘနဲ့ ယူဆောင်သုံး
ခွင့် မရှိဘူးလို့ သစ္စာဆိုခဲ့တော့ တခြားမျိုးနွယ်တွေ ဝင်ယူလို့
ရနိုင်ဘူးဗျ"

"ဒါဖြင့် သက်မျိုးနွယ်တွေထဲကရော တစ်ဦးတစ်လေမှ



www.burmeseclassic.com

www.burmeseclassic.com



မရကြသေးဘူးလား"

"အင်္ဂလိပ်တွေလက်ထက်ကတော့ သက်မှိုးနွယ်ထဲ[illegible] နှစ်ယောက် ဂူထဲကိုဝင်ဖူးကြတယ်၊ သူတို့က ထောင်ချော[illegible] တွေရှိတဲ့ လိုဏ်ခေါင်းလမ်းက ဝင်တာမဟုတ်ဘူး၊ လျှို့ဝှက်[illegible] ပေါက်ဘက်က ဝင်ကြတာလို့ပြောတယ်"

"သူတို့ရော အန္တရာယ်နဲ့ တွေ့ကြသေးလား"

"ဂူထဲဝင်တုန်းကတော့ မတွေ့ကြဘူး၊ ရတနာတွေ[illegible] ယူပြီး ပြန်ထွက်တော့မှ အန္တရာယ်နဲ့တွေ့ပြီး နှစ်ယောက်စ[illegible] သေကြရတယ်"

"ဘယ်လိုအန္တရာယ်မျိုးနဲ့ တွေ့တာလဲ"

"သက်မင်းငအောင်လာ သစ္စာပြုခဲ့တဲ့အထဲမှာ သ[illegible] မျိုးနွယ်တွေ စားလောက်ရုံ လှူလောက်ရုံသာ ယူငင်သုံးစွဲရမ[illegible] လို့ ပါတယ်၊ သူတို့က လောဘနဲ့ သေတ္တာလိုက်ယူကြတော့ အ[illegible] ပြင်ရောက်တာနဲ့ အင်္ဂလိပ်စစ်သားတွေနဲ့တွေ့ပြီး အသတ်ခံ[illegible] လို့ နှစ်ယောက်လုံး သေခဲ့ကြရတယ်"

"ဒါဖြင့် အင်္ဂလိပ်တွေက သူတို့ယူသွားတဲ့ ရတနာသေ[illegible] တ္တာကို ယူသွားကြမှာပေါ့"

"မရပါဘူး၊ သူတို့က အင်္ဂလိပ်တွေနဲ့ တွေ့တော့ ရတန[illegible] သေတ္တာကို တစ်နေရာမှာ ဝှက်ထားခဲ့ပြီး ထွက်ပြေးကြရင်း[illegible] အသတ်ခံရတာပါ"

"ဒါဖြင့် အန္တရာယ်ထောင်ချောက်တွေရှိတဲ့ လိုဏ်ခေါင်[illegible] လမ်းရှိသလို အန္တရာယ်ကင်းကင်းနဲ့ ဝင်လို့ရတဲ့ လျှို့ဝှက်လမ်[illegible]





တစ်ခုလည်း ရှိနေဦးမှာပေါ့"

"ရှိတယ်၊ ကျုပ်တို့ ဘိုးဘွားအစဉ်အဆက် သိမ်းထားတဲ့ စာချိုးတစ်ခုတောင် ရှိသေးတယ်၊ လျှို့ဝှက်လမ်းကို ညွှန်ပြတဲ့ စာချိုးလို့ ပြောကြတာပဲ"

ထိုစာညွှန်းမှာ အခြားမဟုတ်ပေ။

"ဘဲငါးရာ တောင်လိုဏ်ခေါင်း ၊
ရတနာဆယ်မောင်း၊ ရွှေဆယ်မောင်း
နှောင်းလူကျော်သွား၊ နောင်လူစား
ဘဲငါးရာကမ်းထိပ် အရိပ်မထိုး
ပြိုင်းအမျိုး ဘိုးဘွားအမွေ ဆက်ခံလေ. ."

ဟူသော စာညွှန်းပင် ဖြစ်ပေသည်။

ထိုစာညွှန်းကိုကြားတော့ နီမောင်တို့ သုံးယောက်မှာ ပိုပြီး စိတ်ဝင်စားလာကြသည်။

ဦးဗန်ကောင်းကတော့ အတွေ့အကြုံများသူမို့ လက်ဖက်ရည်သောက်ရင်းနှင့် ဇမုန်းထန်ပြောနေသော စကားများကို နားထောင်ကာ လေးလေးနက်နက် စဉ်းစားနေလေသည်။

"ဒီစာချိုးရဲ့ အဓိပ္ပါယ်ကိုရော ခင်ဗျားသိသလား"

"ကျုပ် မသိသေးဘူး၊ ဒါကြောင့် ခင်ဗျားတို့ခေါ်ပြီး တိုင်ပင်ရတာ၊ အကူအညီ တောင်းရတာပေါ့"

"ဒီစာကို ရှေးလူတွေက အကြောင်းမဲ့ထားခဲ့တာ မဟုတ်ဘူး ဆိုတာတော့ သိသာပါတယ်၊ ခင်ဗျားပြောသလို လျှို့ဝှက်ဝင်ပေါက်ရဲ့ အညွှန်းဆိုတာလည်း ဖြစ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

ဇမုန်းထန်ရွတ်ပြသော စာသားများကို ကျောက်သင်ပုန်းပေါ်မှာ ကျောက်တံဖြင့်ချရေးကာ အဓိပ္ပါယ် ဖော်ကြည့်ကြလေသည်။

"ရှေ့ကစာပုဒ်ကို ဖယ်ကြည့်ရင် နောက်တစ်ပုဒ်ကထွက်ပေါက်လမ်းညွှန်စာတွေ ဖြစ်ဖို့များတယ်၊ ဘဲငါးရာတောင်မှာ ချောက်ကမ်းပါးထိပ် ရှိတဲ့နေရာကို ဦးစားပေး ရှာရမယ်၊ အဲဒီမှာ အရိပ်မထိုးဆိုတဲ့ စကားနဲ့ ဆက်စပ်နေတဲ့ ပြိုင်းအမျိုးဆိုတာကို စဉ်းစားရမယ်ဗျ"

"အရိပ်မထိုး. . ဆိုတော့ သစ်ပင်ဖြစ်မှာပေါ့"

"သစ်ပင်တော့ ဟုတ်ပါပြီ၊ 'ပြိုင်း'ဆိုတဲ့ အမည်မျိုးနဲ့ သစ်ပင်တော့ ကျုပ် တစ်ခါမှမကြားဖူးဘူး၊ ခင်ဗျားရော သိသလား"

ဦးဗန်ကောင်းက မေးလိုက်ရာ ဇမုန်းထန်ကပါ ခေါင်းခါပြသည်။

"မကြားဖူးဘူး"

"သစ်ပင်ထဲမှာ ပြိုင်းပင်တော့ မကြားဖူးသေးဘူး၊ အသံထွက် လွဲနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘာသာစကား မတူရင် အသံထွက်ချင်းလည်း မတူတော့ဘူး"

ထိုအခါ နီမောင်က ဝင်ပြောသည်။

"ပြိုင်းဆိုတဲ့ အသံထွက်နဲ့နီးစပ်တာ 'ပျဉ်း'ဆိုတဲ့ အသံထွက်ရှိတယ်၊ ဒီတော့ ပျဉ်းမပင်လည်း ဖြစ်နိုင်တယ်"





"ပြိုင်းပင်ပဲဖြစ်ဖြစ်၊ ပျဉ်းမပင်ပဲဖြစ်ဖြစ် ချောက်ကမ်းပါးနားရှိတဲ့ အရိပ်မထိုးတဲ့ သစ်ပင်ကြီးတွေကို အရင်လိုက်ရှာကြရင် ကောင်းဘူးလား"

"ရှာကြတာပေါ့၊ ကျုပ်သဘောကတော့ မူလဝင်တဲ့ လိုဏ်ခေါင်းထဲကို အရင်ဝင်ကြည့်ချင်တယ်၊ ဒါမှ ဘယ်လိုအခြေအနေမျိုးတွေ ရှိတယ်ဆိုတာ သိရတာပေါ့"

ဦးဗန်ကောင်းစကား ကြားသောအခါ စကားမဆက်ကြတော့ပဲ အတော်ကြာအောင် စဉ်းစားနေကြလေသည်။

ပြီးမှ ဇမုန်းထန်က ပြောသည်။

"ဒါပေမယ့် မူလဝင်တဲ့လိုဏ်ခေါင်းက အန္တရာယ်တွေများတယ်လို့ သတင်းကြားမိတယ်၊ ဝင်တဲ့သူတိုင်းလည်း အန္တရာယ်နဲ့ တွေ့ကြတယ်၊ ကျုပ်ရဲ့သဘောဆန္ဒ ပြောရရင်တော့ လျှို့ဝှက်ဝင်ပေါက်ကို အရင်ရှာကြည့်ရင် ပိုမကောင်းဘူးလား"

"ကောင်းပါတယ် ရှာကြည့်ကြတာပေါ့၊ ဒါထက် မေးပါရစေဦး၊ မိတ်ဆွေကြီးက ရတနာတွေကို ဘာအတွက် လိုချင်တာလဲ"

"ဒီရတနာတွေက ကျုပ်တို့ သက်မျိုးနွယ်တွေနဲ့ သက်ဆိုင်တဲ့ ရတနာတွေပဲ၊ အများကြီး ယူခွင့်မရှိရင်တောင် နည်းနည်းပါးပါးတော့ ယူခွင့်ရှိတယ်၊ ဒီရတနာတွေရရင် ကျုပ်အတွက် မသုံးပါဘူး၊ ဆင်းရဲနေကြတဲ့ ရွာသူရွာသားတွေကို ဝေငှပေးချင်လို့ပါ"

"ကောင်းတာပေါ့ဗျာ၊ အောင်မြင်သွားတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ပါ ကုသိုလ်ရကြတာပေါ့”

“ကျုပ်တို့ချည်းဆိုရင်လည်း သွားဖြစ်မယ် မထင်ပါ
ဗျာ၊ အခု ခင်ဗျားတို့ ရောက်လာလို့ အားကိုးအားထား ရှိ
လို့သာ ဒီလိုစီစဉ်တာပါ”

“ကျုပ်တို့အပေါ်မှာ ခင်ဗျားတို့ရဲ့ကျေးဇူးက ရှိနေ
လည်း တတ်နိုင်သမျှ အကူအညီ ပေးပါ့မယ်ဗျာ”

ထို့နောက်မှာတော့ နောက်တစ်နေ့ နံနက်ပိုင်းအ
တွင် ဘဲငါးရာတောင်ဘက်သို့ ခရီးထွက်ကြရန် စီစဉ်ကြ
တော့သည်။







အခန်း ( ၁၂ )

# ဘဲငါးရာတောင်မှ အန္တရာယ်

နောက်တစ်နေ့ နံနက်စောစောအချိန်မှာတော့ ခရီးစ
ထွက်ကြသည်။ ထိုအဖွဲ့ကို ဇမုန်းထန်ကပင် ဦးဆောင်ပြီး မဟူရာ
လည်း လိုက်လာလေသည်။

ဦးဗန်ကောင်း၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့အပြင်
နောက်ထပ် ရွာထဲမှ တောကျွမ်းကျင်သော မုဆိုးနှစ်ယောက်ပါ
ခေါ်လာလေသည်။

ထိုသူနှစ်ယောက်မှာ ညီအစ်ကိုဝမ်းကွဲ တော်စပ်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက သံပချိုင်ဖြစ်ပြီး ကျန်တစ်ယောက်က သံပခြုပ်ဆိုသူ ဖြစ်သည်။

နှစ်ယောက်စလုံး အသားနက်နက် အရပ်မြင်မြင့်နှင့် အသက်(၃၅)နှစ် ဝန်းကျင်ခန့် ရှိကြလေသည်။

နှစ်ယောက်စလုံး မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများဖြစ်ပြီး ဇမုန်းထန်က အဖော်ခေါ်သဖြင့် လိုက်လာကြခြင်း ဖြစ်သည်။

၎င်းတို့အဖွဲ့တွင် နီမောင်တို့ လေးယောက်မှလွဲပြီး ကျန်လေးယောက်က ဘဲငါးရာတောင်ပတ်ဝန်းကျင်သို့ ရောက်ဖူးသွားဖူးသူများ ဖြစ်ကြလေသည်။

ဦးစွာ ဘဲငါးရာတောင်နှင့် ဘဲငါးရာ ညီမတောင် နှစ်တောင်ကြားရှိသော ချောင်းရှိရာသို့ ဦးတည်ပြီး သွားကြလေသည်။

တောင်နှစ်တောင်ကြား၌ရှိသော ချောင်းကိုလည်း ဘဲငါးရာချောင်းဟုလည်း ဒေသခံများက အလွယ်တကူ ပေးထားကြလေသည်။

မြို့င်းကုန်းရွာဘက်မှ သွားကြသောအခါ ထိုခရီးလမ်းမှာ အခက်အခဲ မရှိလှပေ။

တောင်ကုန်းတောင်ကြောအချို့နှင့် လျှိုနှင့် ချောက်အချို့ကို ကျော်သွားရုံနှင့်ပင် ချောင်းပတ်ဝန်းကျင်သို့ ရောက်သွားကြသည်။

ဘဲငါးရာတောင်က တောင်ဘက်၌ရှိပြီး ဘဲငါးရာညီမ





တောင်က မြောက်ဘက်၌ ရှိနေလေရာ ဘဲငါးရာချောင်းက အရှေ့နှင့်အနောက် သွယ်တန်းစီးဆင်းလျက် ရှိနေသည်။

ထိုနေရာတစ်ဝိုက်မှာ သစ်ကြီးဝါးကြီးများ ပေါများသလို ချုံနွယ်ပိတ်ပေါင်းတို့ကလည်း ထူထပ်သည်။

နီမောင်တို့ တစ်ကြိမ်ရောက်ခဲ့သောနေရာပင်ဖြစ်သည်။

၎င်းတို့သည် ချောင်းသို့ရောက်သောအခါ ခေတ္တနားကြပြီးမှ ချောင်းကို ဖြတ်ကူးကာ စမ်းပတိဒေသဘက်သို့ ဦးတည်လျက် ခရီးဆက်ကြလေသည်။

စမ်းပတိဒေသမှာ သက်မင်းငအောင်လာ ထီးနန်းစိုက်ခဲ့သော အရပ်ဒေသဖြစ်သည်။

ထိုနေရာများမှာလည်း သက်မျိုးနွယ်စု ကရေလေးများနေသော ရွာငယ်ကလေးအချို့ရှိသည်။

တဖြည်းဖြည်းနှင့် ခရီးဆက်ခဲ့ကြရာ ဘဲငါးရာတောင်ခြေဘက်သို့ ရောက်လာကြသည်။

တောင်ခြေနှင့် နီးလာသောနေရာ ရောက်လာလေလေ တောက ပိုနက်လာလေလေ ဖြစ်သည်။

သို့ကြောင့်လည်း သတိဖြင့် သွားလာနေကြရသည်။

သစ်တစ်ပင် ဝါးတစ်ရုံ အကွာအဝေးမှာပင် မမျှော်လင့်သောအန္တရာယ်ဖြင့် ရင်ဆိုင်တွေ့ရနိုင်သည်။

တောကောင်ကြီးများနှင့် သားရဲတိရစ္ဆာန်တို့၏ ပုံရိပ်အချို့ကို သစ်ပင်ကွယ်များကြားမှ ရိပ်ခနဲ ဖြတ်ခနဲ လှမ်းမြင်လိုက်ရသည်မျိုးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မပစ်ကြပေ။

အဘယ်ကြောင့် အမဲလိုက်ထွက်လာခြင်း မဟုတ်သောကြောင့် တောကောင် သားကောင်တွေ့တိုင်း ပစ်ခတ်ဖမ်းဆီးခြင်း မပြုကြခြင်း ဖြစ်သည်။

သူတို့အဖွဲ့တွင် ဓား၊ လှံ၊ လေးမြားလက်နက်များအပြင် တူမီးသေနတ်နှစ်လက်လည်း ပါလာကြသည်။

ဇမုန်းထန်ကတစ်လက်၊ သံပချိုင်က တစ်လက်ဖြစ်သည်။

ဘဲငါးရာတောင်ခြေသို့ရောက်ပြီး စားသောက်ရင်းနှင့် တိုင်ပင်ကြပြီး ဦးစွာ လက်ာမှာပါသော ပြိုင်းပင်ရှိသောနေရာကို ရှာဖွေရန် ဆုံးဖြတ်ကြလေသည်။

လက်ာအရ ပြိုင်းပင်ကြီး ရှိနိုင်သောနေရာမှာ ဘဲငါးရာချောင်း၏ ကမ်းထိပ်တွင် ဖြစ်သည်။

ရခိုင်သမိုင်းတွင် အေဒီ(၃၂၇)ခုနှစ်တွင် ရခိုင်ဘုရင် ဒွေစန္ဒြမင်းသည် ဝေသာလီ ကျောက်လှေခါးကို ထူထောင်ခဲ့သည်။

ဒွေစန္ဒြမင်းမှစပြီး နောက်ဆုံးဘုရင် သက်မင်းငအောင်လာအထိ မင်းဆက်(၁၃)ဆက်တိုင်အောင် ထီးနန်းစိုးစံခဲ့ကြလေသည်။

အေဒီ (၈၁၈)ခုနှစ်တွင် ဗေသီလီ ကျောက်လှေခါး ပျက်ခဲ့ပြီး သက်မင်းငအောင်လာလည်း ဘဲငါးရာတောင်ဘက်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ရပေသည်။





အေဒီ (၈၁၈)ခုနှစ်မှ ယခုကာလအထိဆိုရင် နှစ်ပေါင်းစ်ထောင်ကျော် အချိန်ကြာမြင့်ခဲ့ပေပြီ။

ထိုမျှလောက် အချိန်ကြာပြီဆိုတော့ ပြိုင်းပင်ရှိသည်ဆိုင်သော်မှ အမှတ်အသားပြုထားခဲ့သော ပြိုင်းပင်က ရှိနိုင်တော့မည် မထင်ပေ။

ဦးဗန်ကောင်းက ကွမ်းဝါးရင်းနှင့် သူ စဉ်းစားမိသောကြောင်းအရာတို့ကို ပြောပြလေသည်။

“ရခိုင်ရာဇဝင်မှတ်တမ်းတွေအရဆိုရင် ဝေသာလီပျက်ခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ ဒီတော့ ပြိုင်းပင်ဆိုတာတယ်ဆိုရင်တောင် အမှတ်အသားပြုထားခဲ့တဲ့ ပြိုင်းပင်ကနိုင်တော့မယ် မထင်ဘူး”

“မှန်ပါတယ်”

“ကမ္ဘာပေါ်မှာ နှစ်ပေါင်းရာထောင်ကြာအောင် အက်ရှင်တဲ့ သစ်ပင်က အတော်နည်းပါတယ်၊ အဲဒီသစ်ပင်တွေလည်း ကမ္ဘာဦးသစ်ပင်လို့ သတ်မှတ်ကြတယ်”

“ဘယ်လိုသစ်ပင်လည်းဗျ”

“မဟာဗောဓိညောင်ပင်၊ ဇမ္ဗူသပြေပင်၊ ကုက္ကိုပင်၊ သစ်ပင် ဆိုတဲ့ သစ်ပင်ကြီးတွေပဲ၊ ဒီသစ်ပင်ကြီးတွေကလွဲပြီး န်တဲ့သစ်ပင်တွေက နှစ်ပေါင်းရာထောင်ချီပြီး မရှင်သန်နိုင်ကြး”

“မှန်ပါတယ်၊ ဆရာကြီးပြောသလို ပြိုင်းပင်ဆိုတာ ရှိရင်တာင် သူတို့ပြောတဲ့အပင်က ရှိနိုင်တော့မယ် မထင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်၊

"ခင်ဗျားလက်ာမှာ ပါတဲ့အတိုင်းဆိုရင် 'အရိပ်မထိုး မြိုင်
အမျိုး'ဆိုတဲ့ စာပါတယ်၊ အရိပ်မထိုးဘူးဆိုတော့ နေရောင်မထိ
တဲ့ သစ်ပင်ပဲ ဖြစ်မှာပေါ့"

ထိုအခါ နီမောင်ကပါ ဝင်ပြောသည်။

"နေက အရှေ့ကထွက်ပြီး အနောက်ဘက်ကို သွားတာ
ဆိုတော့ နေရောင်ခြည်နဲ့မထိတဲ့ သစ်ပင်မှ အရိပ်မပေါ်မှာဘဲ
ဒီတော့ နေရောင်ခြည်မရောက်နိုင်တဲ့ မထိနိုင်တဲ့နေရာကို ဦးစား
ပေးပြီး လိုက်ရှာကြရင် ပိုမကောင်းဘူးလား"

"ဘယ်နေရာမျိုး ဖြစ်မလဲ"

"ဥပမာ ကျောက်တောင်နံရံတွေ ကာနေတဲ့ နေရာမျိုးပဲ
ဖြစ်ဖြစ်၊ ဘဲငါးရာတောင်နှစ်လုံးကြားမှာရှိတဲ့ လျှိုထဲမှာပဲဖြစ်ဖြစ်
လိုက်ရှာကြည့်ရင် မကောင်းဘူးလား"

နီမောင်စကားကြားသောအခါ သံပချိုင်က ဝင်ပြောလာ
သည်။

"မင်းပြောတဲ့ နေရာဘက်တွေ ငါတို့ရောက်ဖူးတယ်
အဲဒီဘက်က တောကြမ်းတယ်"

"တောကောင်တွေလည်းပေါတယ်၊ နောက်ပြီး. . ."

သံပချိုင်က စကားရပ်သွားသည်။

"နောက် ဘာတွေရှိသေးသလဲ"

"သရဲတစ္ဆေ ခြောက်တာလည်း ကြမ်းတယ်"

"ဒါကတော့. . ."





"သရဲတစ္ဆေတွေထက် ပိုပြီးကြောက်စရာကောင်းတာ
သေးတယ်၊ မြေစုန်းပြိတ္တာနဲ့ သစ်စုန်းပြိတ္တာတွေပါ ရှိတယ်"

သံပချိုင်စကားကြောင့် ကိုယ့်အတွေးနှင့်ကိုယ် အတန်
ကြာအောင် ငြိမ်ကျသွားကြလေသည်။

"အဲဒီ မြေစုန်း၊ သစ်စုန်းတွေအကြောင်း မင်းသိသလား"

ဇမုန်းထန်က မေးလိုက်သည်။

"ကျုပ်တော့ မတွေ့ဘူးလို့ သိပ်မသိဘူး၊ တွေ့ဖူးကြုံဖူး
တဲ့သူတွေ ပြောတာတော့ အတော်ကြောက်စရာကောင်းတယ်
လို့ ပြောကြတယ်"

နီမောင်တို့ကတော့ သစ်စုန်းပြိတ္တာနှင့် ကိုယ်တွေ့ကြုံခဲ့
ပြီးဖြစ်သော်လည်း ထွေထွေထူးထူး ဝင်မပြောတော့ပေ။

"ဘာပဲဖြစ်ဖြစ်ပေါ့. . ဒီတောထဲမှာတော့ ကြောက်စရာ
ကောင်းတဲ့ သတ္တဝါတွေ၊ လူကိုအန္တရာယ်ပေးနိုင်တဲ့ မကောင်း
ဆိုးဝါးတွေ ရှိနေကြတာ မဆန်းပါဘူး၊ ဘယ်နေရာသွားသွား
ဘာပဲလုပ်လုပ် သတိထားပြီး လုပ်ကြရမှာပေါ့"

ဟု ပြောဆိုပြီး ထိုနေရာမှ ထွက်လာကြလေသည်။

မဟူရာနှင့် အဆက်အသွယ်ရှိသော တောကျိုးကန်းအ
ရှုံလည်း သူမရှိရာသို့ လိုက်လာကြဟန်ရှိပြီး သစ်ပင်သစ်ကိုင်း
များပေါ်၌နားကာ အချို့အော်သံများ ကြားရသည်။

တောကျိုးကန်းကြီးများ ရောက်လာသောအခါ မဟူရာ
တစ်ချက်မော့ကြည့်ပြီး သူမမျက်နှာပေါ်မှာ ကျေနပ်သော
အပြုံးရိပ်ကလေးများ ဖြစ်ပေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထိုနေရာမှထွက်လာသောအခါ တောကြီးက ကြီးများက ပျံထွက်သွားကြလေသည်။

၎င်းတို့တာဝန်က ထူးခြားမှုများနှင့် အန္တရာယ် နိုင်မည့် သတ္တဝါများတွေ့ပါက မဟူရာရှိသောနေရာသို့ ကျော့ပြန်ရောက်လာပြီး သတင်းပို့ပေးကြပေလိမ့်မည်။

၎င်းတို့သည် ချောင်းကမ်းစပ်အတိုင်း ဘဲငါးရာတော ၏ အရှေ့ဘက်သို့ ဦးတည်ပြီး လာကြလေသည်။

တစ်နေရာရောက်တော့ မဟူရာက နီမောင်ကို သည်။

"နီမောင် နင်တို့ သစ်စုန်းပြိတ္တာတွေနဲ့ တွေ့ခဲ့ဖူးတ မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

"အတော် ကြောက်စရာကောင်းသလားဟင်"

ခေါင်းညိတ်ပြသည်။

"တကယ်လို့ တောထဲမှာတွေ့ရင် ဘယ်လိုတိုက်ခိုက် လဲဟင်"

"ဆရာကြီးကတော့ သူသိတယ်လို့ ပြောဖူးတယ်"

"နင်ကရော မသိဘူးလား"

နီမောင်က ခေါင်းခါပြသောကြောင့် မဟူရာလည် နောက်ထပ်ဆက်မမေးတော့ပေ။

စိတ်ထဲမှာတော့. . .

"တော်တော် အေးတိအေးစက်နိုင်တဲ့သူ"





ဟု မကျေမနပ်ဖြင့် ရေရွတ်လေသည်။

သူတို့အဖွဲ့ တောင်၏ အရှေ့ဘက်ခြမ်းသို့ ရောက်လာသော အချိန်မှာ မွန်းလွဲပိုင်းအချိန် ရောက်နေချေပြီ။

နေရောင်ခြည်က တောင်၏အနောက်ဘက် ရောက်သွားပြီဖြစ်သောကြောင့် အရှေ့ဘက်တွင် နေရောင်ခြည် မရှိတော့ပေ။ အလင်းရောင်ရှိနေသော အချိန်မှာပင် ဘဲငါးရာတောင်၏ အရှေ့ဘက်တစ်ဝိုက်သို့ လိုက်လံရှာဖွေကြသော်လည်း သဲလွန်စမတွေ့ကြရပေ။

ချောက်ကမ်းပါးထိပ်များတွင် ပေါက်နေသော သစ်ပင်ကြီးများ တွေ့သော်လည်း နှစ်ပေါင်းရာထောင်ချီရှိမည့် သစ်ပင်မျိုး မဟုတ်ပေ။

သက်တမ်းနုသော အပင်များ ဖြစ်သည့်အပြင် ပြိုင်းပင်လည်း မဟုတ်ပေ။

ပြိုင်းပင်ဆိုသည်ကို သူတို့မမြင်ဖူးကြပေ။

သို့သော် ထိုနေရာတစ်ဝိုက်တွင် ရှိနေကြသော သစ်ပင်များကတော့ သူတို့ မြင်တွေ့နေကျ သစ်ပင်အမျိုးအစားများသာ ဖြစ်ပေသည်။

ထိုနေရာတစ်ဝိုက်မှာ သစ်ပင်ကြီးများက အပင်ချင်း ယှက်လောက်အောင် ရှိကြသည်။

ချုံနွယ်ပိတ်ပေါင်းများက ပိတ်ဆီးနေကြသည်။

ကျောက်တောင်နံရံများက အချို့မတ်စောက်လျက်. . . အချို့နေရာများမှာတော့ ကျောက်ဖျာချပ်များ ခင်းထားသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ပြူးညီညာလှပေသည်။

သို့သော် နေရာအတော်များများမှာတော့ ချုံနွယ်ပိတ်ပေါင်းများ ရှိနေသဖြင့် အခြေအနေ မမြင်ရပေ။

ဤသို့ဖြင့် တစ်နေကုန်သွားပြီး ညနေပိုင်းအချိန်ရောက်လာသောအခါ သင့်တော်သောနေရာတွင် စခန်းချရန် ပြင်ဆင်ကြလေသည်။

သင့်တော်သော ဂူပေါက်တစ်ခုထဲမှာ ဝင်ရောက်စခန်းချပြီးနောက် ထင်းရှာသူကရှာ၊ ချောင်းထဲမှာ ရေဆင်းခပ်သူကခပ်၊ မီးမွှေးသူက မီးမွှေး၊ အစားအသောက်များ ချက်ပြုတ်သူကချက်ပြုတ်နှင့် ကိုယ့်တာဝန်နှင့်ကိုယ်ယူပြီး လုပ်ကိုင်ကြလေသည်။

ဦးဗန်ကောင်းကတော့ ဝါးလုံးရှည်အချို့ကို ခုတ်ယူစေပြီး သစ်ကိုင်းခြောက်များဖြင့် ထိပ်မှုစည်းသည်။

စောထီးနှင့် ငမဲအောင်တို့ ရှာယူပေးလာသော ကညင်ဆီခဲ၊ ပွန်းလျက်ခဲများနှင့် ကပ်သည်။

သူလုပ်နေပုံကို ကြည့်ရုံနှင့် အကြောင်းရှိပါက အသုံးပြုနိုင်ရန် မီးတုတ်ရှည်ကြီးများ ပြုလုပ်နေမှန်း အားလုံးက သဘောပေါက်ကြလေသည်။

အတန်ကြာတော့ ချောင်းထဲမှာ ရေဆင်းခပ်ပြီး တက်လာသော သံပချိုင်တို့ ညီအစ်ကိုနှစ်ယောက် ပြန်ရောက်လာသည်။

"ဟိုဘက်နားမှာ ထူးခြားတဲ့ သစ်ပင်ကြီးတစ်ပင် တွေ့ခဲ့





ရတယ်"

"ပြိုင်းပင်လား"

"ပြိုင်းပင်တော့ ဟုတ်မယ်မထင်ဘူး၊ တစ်ပင်လုံး အဖုအထစ်တွေချည်းပဲ၊ နောက်ပြီး သစ်ခေါင်းပေါက်တွေထဲက သစ်စေးရေတွေ ထွက်နေတယ်"

ထိုစကားကြားတော့ ဦးဗန်ကောင်း မျက်နှာပေါ်တွင် စိုးရိမ်သော အမူအရာများ ပေါ်လာသည်။

"အတော်ဝေးသလား"

"မဝေးဘူး၊ ဟိုအောက်နားမှာတင်ပဲ"

"သွားကြည့်ရအောင်"

ဟုပြောပြီး နီမောင်ကိုပါခေါ်ပြီး လေးယောက်သားအောက်ဘက်သို့ တကျော့ပြန်ဆင်းလာကြလေသည်။

သံပချိုင်တို့ နှစ်ယောက်ကပင် ရှေ့မှဦးဆောင်ပြီး ဆင်းသွားကြခြင်း ဖြစ်သည်။

ထိုနေရာသို့ ရောက်သွားသောအခါ စောစောက ထူးထူးဆန်းဆန်း တွေ့ခဲ့ရသော သစ်ပင်ကြီးကို မတွေ့ရတော့ပေ။

သို့ကြောင့် သံပချိုင်နှင့် သံပခြုပ်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ များစွာအံ့သြသွားကြလေသည်။

"မင်းတို့ပြောတဲ့ သစ်ပင်က ဘယ်နေရာမှာလဲ"

"စောစောက ဒီနေရာမှာ တွေ့ခဲ့တာ"

"အခု ဘယ်ရောက်သွားပြီလဲ"

"မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေရာမျှား မှားရော့သလား"

"မမှားပါဘူး၊ ဟိုမှာ သစ်ကိုင်းတွေကို ဓားနဲ့ခုတ်ချခဲ့တာတောင် ရှိနေသေးတာပဲ"

သံပချိုင်က ထိုနေရာနှင့် မနီးမဝေးတွင် လတ်လတ်ဆတ်ဆတ် ခုတ်ချထားခဲ့သော သစ်ကိုင်းသစ်ခက်များကိုပြသည်။

ဦးဇန်ကောင်းက အခြေအနေကို ကြည့်လိုက်ပြီး. . .

"ငါတို့ ဒီနေရာက သွားကြရအောင်"

ဟုပြောပြီး စခန်းချသော နေရာသို့ ပြန်တက်လာကြလေသည်။

ဂူထဲပြန်ရောက်တော့ ကျန်အဖော်များကို အခြေအနေကို ပြောပြလိုက်သည်။

ထိုအခါ မဟူရာက. . .

"ဒီအချိန်ရောက်မှတော့ ကျီးကန်းတွေလည်း အားကိုးလို့ မရတော့ဘူး"

ဟု ခပ်တိုးတိုး ရေရွတ်နေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်သွားလေသည်။

နီမောင်တို့တတွေကတော့ ညဦးပိုင်း မတိုင်ခင်ကတည်းက အစားအသောက်များကို အပြီးစားသောက်ကြပြီး မီးပုံနားမှာပင် ဝိုင်းဖွဲ့ထိုင်နေကြသည်။

"ဒီဝါးလုံးတွေကို မီးစာတွေ တပ်ထားတာ ဘာလုပ်ဖို့လဲ"





သံပချိုင်က မေးလိုက်သည်။

"အကြောင်းရှိလာရင် သုံးဖို့ပါ၊ သစ်စုန်းပြိတ္တာလာရင် အခြားလက်နက်တွေနဲ့ မရဘူး၊ မီးနဲ့တိုက်မှ ရတယ်"

ထိုစကားကြားတော့ သံပချိုင်တို့ ညီအစ်ကိုနှစ်ယောက်မှာ အံ့သြသွားကြလေသည်။

"ဒါဖြင့် မြေစုန်းပြိတ္တာနဲ့တွေ့ရင်ကော ဘယ်လိုလုပ်ရလဲ"

"မြေစုန်းပြိတ္တာနဲ့တွေ့ရင် ရေနဲ့ပက်မှ ရတယ်၊ တခြားလက်နက်နဲ့ မရဘူး"

"ဒါဖြင့် ဆရာကြီးက ဒီအကြောင်းတွေကို သိထားပုံရတယ်"

"သိသင့်သလောက်တော့ သိတာပေါ့ကွာ၊ သဘာဝကဖြစ်လာတဲ့ စုန်းလေးမျိုး ရှိတာပဲ၊ ရေစုန်း၊ မြေစုန်း၊ လေစုန်း၊ သစ်စုန်းရှိတာပဲ၊ ပြိတ္တာဆိုတာကတော့ နောက်ပိုင်းမှ ပူးကပ်တဲ့ မိစ္ဆာတစ်မျိုးပေါ့"

ထိုသို့ပြောဆိုနေကြစဉ်မှာ ဂူအပြင်ဘက်မှ သစ်ပင်များကို တိုးလာသောအသံ ကြားကြရသဖြင့် လှမ်းကြည့်လိုက်ကြသည်။

အပြင်ဘက်မှာ လရောင်ရှိနေသည်။

သို့ကြောင့် ပတ်ဝန်းကျင် အခြေအနေကို လှမ်းမြင်ကြသည်။

ဂူပေါက်ဝနှင့် မနီးမဝေးမှာ မြေကွက်လပ်တစ်ခု ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သူတို့လှမ်းကြည့်နေစဉ်မှာ သစ်ပင်သစ်တောများကြား မှ အခြားသစ်ပင်ကြီးတစ်ပင် တိုးထွက်လာသည်။

ဟိုယိမ်းဒီယိမ်းနှင့် ထွက်လာရာ မကောင်းဆိုးဝါးကြီး တစ်ကောင် ထွက်လာသည်နှင့် တူလေတော့သည်။

ထိုသစ်ပင်ကြီး ထွက်လာသည်ကို မြင်သောအခါ ဦး ဇန်ကောင်းက သောက်လက်စ လက်ဖက်ရည်ကို ပြန်ချထား လိုက်သည်။

"စောထီးနဲ့ ငမဲအောင် မီးစာတပ်ထားတဲ့ ဝါးလုံးတွေကို မီးရှို့ထားကြတော့"

ဟုပြောရာ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က မီးစာတပ်ထားသော ဝါးလုံးများကို မီးပုံထဲထည့်ပြီး မီးရှို့လိုက်ကြ သည်။

ပွန်းလျက်နှင့် ကညင်ဆီများကို မီးစွဲသောအခါ ညှော်နံ့ များ ထွက်လာလေသည်။

ထိုအခိုက်မှာပင် သစ်စုန်းပင်ကြီးရှိနေသော နေရာ ဘက်မှ ကြောက်စရာကောင်းသော သတ္တဝါတစ်ကောင် ထွက် လာလေသည်။

သစ်စုန်းပင်များမှ ထွက်သော သစ်စေးရေမှ ဖြစ်လာ သော သစ်စုန်းပြိတ္တာကြီးပင် ဖြစ်သည်။

ထိုသတ္တဝါကြီးမှာ ပထမတော့ ဒယိမ်းဒယိုင် ဖြစ်နေ သေးရာ ပြင်ပလေနှင့် ထိသည်ကတစ်ကြောင်း ပတ်ဝန်းကျင်





မှာရှိသော မိစ္ဆာများက ဝင်ရောက်ပူးကပ်လာသည်က တစ် ကြောင်းကြောင့် မားမားမတ်မတ် ဖြစ်လာပြီး သူတို့ရှိရာဘက်သို့ တစ်လှမ်းချင်း လျှောက်လာလေတော့သည်။

နီမောင်တို့လေးယောက်က ဂျပန်များနှင့် လာစဉ်က ထိုကဲ့သို့သော သစ်စုန်းပြိတ္တာမျိုး တစ်ကြိမ်တွေ့မြင်ခဲ့ရဖူးသော ကြောင့် သိပ်မထူးသော်လည်း ကျန်လေးယောက်ကတော့ ထူး ထူးဆန်းဆန်း ယခုမှ မြင်ဖူးသောကြောင့် မျက်လုံးပြူးနေကြ လေတော့သည်။

သစ်စုန်ပြိတ္တာကြီးက ဂူပေါက်ဝမှာ မီးဖိုထားသော ကြောင့် အနားရောက်လာသော်လည်း အတွင်းဝင်လာ၍ မရ ပေ။

သို့သော်လည်း မီးမရှိသော နေရာဘက်မှ လက်တံရှည် ကြီးဖြင့် အတွင်းမှ ရှိနေသော လူများကို ဖမ်းဆွဲရန် ကြိုးစားနေ လေသည်။

တစ်ကိုယ်လုံး နီရဲနေပြီး ဖယောင်းသားကဲ့သို့ ပျော့ ပြောင်းနေသော လက်တံရှည်များမှ ရေဘဝဲ လက်တံများနှင့်ပင် တူနေတော့သည်။

သို့သော် လူလက်ကဲ့သို့ လက်ချောင်းရှည်များ ပါလေ သည်။

ဂူပေါက်ဝနှင့် အတော်နီးသောအခါ မီးရှို့ထားသော ဝါးလုံးရှည်ဖြင့် ပစ်ထိုးကြလေသည်။ ဝါးလုံးထိပ်ဖျားက ချွန်ထား သောကြောင့် သစ်စုန်းပြိတ္တာ၏ ပျော့ပြောင်းသော ကိုယ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



စိုက်ဝင်သွားပြီး မီးတောက်များက လောင်လေတော့သည်။

မီးအပူရှိန်ကြောင့် သစ်စေးရေဖြင့် အကောင်အထည်ဖြစ်နေသော ခန္ဓာကိုယ်မှာ မီးနှင့်ထိသော ဖယောင်းကဲ့သို့ အရည်ပျော်ကြလာလေတော့သည်။

ထိုအခြေအနေရောက်တော့ သစ်စုန်းပြိတ္တာကောင်က နောက်သို့ပြန်လှည့်ပြေးရန် ကြိုးစားလေသည်။

မရတော့ပေ။

မီးတောက်များကြောင့် သစ်စေးရေများ အရည်ပျော်ကျသွားလေရာ နောက်ဆုံး ပုံပျက်ပန်းပျက်ဖြစ်ကာ ပုံကျသွားလေတော့သည်။

ထိုကဲ့သို့ ပုံကျသွားသောအခါ ဝင်ရောက်ပူးကပ်နေသော မိစ္ဆာကောင်လည်း ပြန်ခွာသွားလေတော့သည်။

ထိုအခြေအနေမြင်တော့မှ ဂူထဲမှာ ရောက်နေကြသူများအားလုံး သက်ပြင်းချနိုင်ကြလေတော့သည်။

"ကျုပ်တို့ချည်းသာဆိုရင် ဒီမိစ္ဆာကောင်ကြီး လက်ချက်ကြောင့် တစ်ယောက်ယောက်တော့ သေမှာအမှန်ပဲ၊ ဆရာကြီးတို့ကို ကျေးဇူးတင်ပါတယ်"

သံပချိုင်က ပြောသည်။

"ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ ဆေးဆရာတွေကတော့ အနာနဲ့ဆေး သင့်အောင်ပေးရတာပေါ့၊ ဒီလိုပဲ အန္တရာယ်နဲ့ တွေ့တော့လည်း သင့်တော်တဲ့လက်နက်နဲ့ သုံးမှ ရပေမပေါ့၊ မိစ္ဆာပူးကပ်နေတဲ့ အန္တရာယ်ကို သာမန်လက်နက်နဲ့မှ သုံးလို့





ရတာ၊ သူတို့ကျတော့ သိဒ္ဓိရှိတဲ့ ဆေးဝါးမျိုး သုံးချင်သုံး မဟုတ်ရင်တော့ ဓာတ်ပညာလက်နက်မျိုးနဲ့ သုံးမှ ရတာမျိုးပေါ့"

ဟု ပြန်ပြောလေသည်။

ထိုညအဖို့မှာတော့ နောက်ထပ် သစ်စုန်းပြိတ္တာများ ထပ်မရောက်လာသဖြင့် အေးချမ်းစွာ နေကြရလေသည်။



www.burmeseclassic.com



www.burmeseclassic.com



## အခန်း ( ၁၃ )

# တောင်စောင့်နတ်များနှင့် မိတ်ဆွေဖွဲ့ရခြင်း

နောက်တစ်နေ့နံနက်ပိုင်း စောစောအချိန်မှာပင် အဆင်သင့်ရှိနေသော အစားအသောက်များကို ဝမ်းပြည့်အောင် စားသောက်ကြပြီး တောင်ထိပ်ပေါ် ပြန်တက်ရန် ပြင်ဆင်ကြလေသည်။

ရှာဖွေတွေ့ရှိရန် မလွယ်သော လျှို့ဝှက်လမ်း ဝင်ပေါက်ကို ဆက်မရှာတော့ဘဲ မူလရှိနေသော လိုဏ်ခေါင်းပေါက်မှ ပင်ဆင်းပြီး အခြေအနေဝင်ကြည့်ရန် ပြင်ဆင်နေကြခြင်းဖြစ်

www.burmeseclassic.com



ၾကါ။

စားရင်းသောက်ရင်းနှင့်ပင် ဦးဗန်ကောင်းက ေ...
သည်။

"ဒါထက်. ခင်ဗျားကနယ်ခံဆိုတော့ လိုဏ်ခေါင်းထဲ...
မရောက်ဖူးရင်တောင် သူများတွေပြောသံတော့ ကြားဖူးမှာပေါ့"

"ကြားသင့်သလောက်တော့ ကြားပါတယ်"

"ဂူထဲမှာ ဘယ်လိုအန္တရာယ်မျိုးတွေ ရှိသတဲ့လဲ"

"ဝင်ဖူးရောက်ဖူးတဲ့သူတွေ ပြောသံကြားတာကတော့ လိုဏ်ခေါင်းလမ်း အတော်ရှည်တယ်တဲ့၊ အကွေ့အကောက်တွေလည်းများတယ်၊ သူတို့ကတော့ တကွေ့၊ နှစ်ကွေ့လို့ မှတ်ပြီးဝင်ကြတယ်"

"အကွေ့အကောက်တွေက ဘယ်လောက်တောင် များနေသတဲ့လဲ"

"ပြောပုံအရတော့ အတော်များပုံရတယ်၊ အထဲကို ရောက်ဖူးတဲ့သူတွေ ပြောတာတော့ သူတို့ (၁၂)ကွေ့ (၁၃)ကွေ့လောက်ပဲ ရောက်ဖူးတယ်လို့ ပြောတယ်"

"အတော်များမဲ့ပုံပဲ၊ အများအားဖြင့်တော့ တောင်တွေရဲ့ အောက်မှာရှိတဲ့ လိုဏ်ခေါင်းတွေက ရှည်တာ များကြတယ်၊ ဒါထက် ဘယ်လိုအန္တရာယ်မျိုးတွေ ရှိသတဲ့လဲ"

"ကျောက်လိုဏ်ခေါင်းထဲမှာ ထောင်ချောက်တွေ ရှိတယ်လို့ပြောတယ်၊ စက္ကောမဆိုတာလား. . . အဲဒီလို ထောင်ချောက်တွေလည်း ရှိတယ်"





"ဖြစ်နိုင်ပါတယ်၊ ရှေးကလူတွေက သူတို့နဲ့သက်ဆိုင်တဲ့ ရတနာပစ္စည်းတွေ သိုဝှက်မြှုပ်နှံထားကြတဲ့အခါ ဒီအတိုင်း မထားခဲ့ကြဘူး၊ တချို့က ကျိန်စာတိုက်ထားခဲ့ကြတယ်၊ တချို့ကျတော့ လူကိုသတ်ပြီး အစောင့်အရှောက်အဖြစ် ထားခဲ့ကြတယ်"

ဦးဗန်ကောင်းကပြောပြရာ ကျန်သူများက စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"တချို့ ဘုရင်တွေကြတော့လည်း ပညာရှင်တွေခေါ်ပြီး စက္ကောမ ယန္တရားအတတ်တွေနဲ့ အကာအကွယ် ပြုထားခဲ့ကြတယ်၊ ရာဇဝင်တွေထဲမှာ အဇာတသတ်မင်းကြီးဟာ ဗုဒ္ဓရဲ့ဓာတ်တော်တွေကို သိုဝှက်မြှုပ်နှံပြီးတော့ ဘူတာပါဟနလို့ခေါ်တဲ့ စက္ကောမအတတ်တွေနဲ့ အကာအကွယ်ပြုလုပ်ထားခဲ့တယ်"

"ဘူတာဝါဟနဆိုတာ ဘာလဲဗျ"

"လွယ်လွယ်ပြောရရင်တော့ စက်ယန္တရား အရုပ်တွေက လူတွေလို အသက်ဝင်ပြီး ဓားစက်လှံစက်တွေနဲ့ စောင့်ရှောက်ပေးနေတာပေါ့ဗျာ၊ ရွှေတိဂုံစေတီတော်ကြီးရဲ့ ဌာပနာတိုက်ထဲမှာလည်း စက္ကောမအတတ်နဲ့ အကာအကွယ် ပြုထားတာတွေမျိုး ရှိတယ်"

"ဒီမှာတော့ အဲသည်လောက် ကြီးကြီးကျယ်ကျယ် ပြုလုပ်ထားခဲ့တာတွေ ရှိပုံမရဘူး"

"ဒါပေမယ့် ရှေးကလူတွေက သူတို့ ပိုင်ဆိုင်တဲ့ ရတနာတွေကို ဒီအတိုင်းတော့ မထားခဲ့ကြဘူး၊ တစ်ခုမဟုတ် တစ်ခုတော့ ရှိမှာပဲ၊ ခင်ဗျားပြောတဲ့ စက္ကောမပညာနဲ့ တတ်ဆင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်ခြောက်တွေလည်း ရှိချင်ရှိနေနိုင်တာပေါ့"

ထိုစကားကြားသောအခါ နားထောင်နေသူများမှာ မသိမသာ သက်ပြင်းချလိုက်ကြလေသည်။

"ဒါ့အပြင် ဘာရှိသေးသတဲ့လဲဗျ"

"ဂူထဲအတော်ရောက်တော့ အသက်ရှူလို့မရတဲ့ နေရာတွေ ရှိတယ်လို့လည်း ပြောတယ်"

"ဒါကတော့ သဘာဝအန္တရာယ်တွေပါ၊ တွင်းသိပ်နက်လာရင် အောက်ပိုင်းမှာ လေမရှိတော့ဘူး၊ ဒီလိုပဲ လိုဏ်ခေါင်း သိပ်ရှည်လာရင်လည်း အတွင်းပိုင်းကို လေမရောက်တော့ဘဲ 'လေဟာနယ်' ဖြစ်နေတတ်တာ သဘာဝပဲဗျ"

"လေမရှိတော့ အသက်ဘယ်လိုရှူမလဲ"

"ခေတ်မီတိုးတက်တဲ့ နိုင်ငံတွေမှာတော့ အသက်ရှူတဲ့ ကိရိယာပစ္စည်းတွေ သုံးကြတယ်၊ ရေငုပ်တဲ့အခါသုံးတဲ့ ကိရိယာမျိုးပေါ့"

"ဒီမှာ အဲဒါတွေမှမရှိတာ ဘယ်လိုလုပ်မလဲ"

သံပချိုင်က ဝင်ပြောလိုက်သည်။

"သူတို့လို ခေတ်မီကိရိယာတွေ မရှိတော့လည်း သဘာဝ ကိရိယာတွေနဲ့ သုံးရင်ရပါတယ်၊ ဘဲငါးရာတောင်က သိပ်မမြင့်သလို အလျားလည်း မရှည်လှပါဘူး၊ ရှေးကလူတွေတောင် အဝင်အထွက် လုပ်သွားနိုင်ကြရင် နောက်ကလူတွေလည်း အကြံရှိရင် ရရမှာပေါ့၊ ဒါ့အပြင် ဘာရှိသေးသလဲဗျ"

"လင်းနို့တွေ ကြွက်အုပ်တွေ၊ မြွေတွေလည်း ရှိသတဲ့"





"ဒါတွေကတော့ ဂူတိုင်းမှာ ရှိကြတာပါပဲ၊ မြွေတွေက အဆိပ်ရှိလို့ သတိထားရသလို မြေကြွက်တွေလည်း အကောင်အရေအတွက် သိပ်များနေရင် အန္တရာယ် ပေးနိုင်ကြတယ်၊ သတိတော့ ထားကြရမယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ကျုပ်တို့က ရတနာတွေ ရှာဖွေဖို့ လာကြတာ မဟုတ်လား၊ အားလုံးသဘောတူရင်တော့ ဝင်ကြည့်ကြရမှာပေါ့၊ ဝင်ကြည့်မှပဲ အခြေအနေ သိကြရမှာပဲ၊ ခင်ဗျားပြောတဲ့ အန္တရာယ်တွေအပြင် အခြားအန္တရာယ်တွေလည်း ရှိနိုင်သေးတယ်ဗျ"

ဦးဖန်ကောင်း စကားကြားတော့ ဇဝေဇဝါဖြင့် ပိုင်းကြည့်ကြသည်။

"ဘာလဲ. ."

"ရတနာတွေကို စောင့်ရှောက်ပေးနေတဲ့ ဝိညာဉ်တွေနဲ့ ဂူထဲဝင်လို့ သေကြတဲ့လူတွေရဲ့ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေ ရှိပေလိမ့်ဦးမယ်"

ထိုစကားကြောင့် မျက်လုံးပြူးသွားကြသည်။

ဖမုန်းထန်က. . .

"ဒါမျိုးတွေတော့ ကျုပ်တို့ဘာမှ နားမလည်ဘူး၊ ဆရာကြီးကိုပဲ အားကိုးရမှာပဲ"

ဟု ပြောလေသည်။

"စိတ်မပူပါနဲ့၊ ကျုပ် တာဝန်ယူပြီး ဆောင်ရွက်ပေးပါ့မယ်၊ တစ်ခုတော့ရှိတယ်၊ ဂူထဲရောက်ကြရင်သာ ကျုပ်ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လိုက်နာပေးကြပါ”

“စိတ်ချပါ ဆရာကြီးပြောတဲ့အတိုင်း လုပ်ကြမှာပါ”

ဟု အားလုံးက ကတိပေးကြလေသည်။

ထို့နောက်. . .

အစားအသောက်များကို လက်စသပ်ပြီး ဘဲငါးရ တောင်ပေါ်သို့ တက်ရန်ပြင်ကြလေသည်။

၎င်းတို့သည် လာလမ်းအတိုင်း ပြန်မလှည့်ကြတော့ဘဲ ရောက်သည့်နေရာမှပင် အပေါ်သို့ ဖြတ်တက်ကြလေသည်။

ထိုသို့တက်သွားရင်းနှင့် ဂူထဲဝင်လျှင် လိုအပ်သော ပစ္စည်းများကို တစ်ပါတည်း စုဆောင်းသယ်ယူသွားကြလေ သည်။

မီးအတွက် ကညင်ဆီ၊ ပွန်းလျက်၊ အင်တွဲ စသော ပစ္စည်းများနှင့် လောင်စာတိုင်များ၊ တောင်ပေါ်မှာ ရေရှားသဖြင့် ရေဗူးများထဲသို့ ရေအပြည့်ဖြည့်သွားခြင်း၊ ထို့ပြင် လေဗူးများ လည်း ပြုလုပ်ယူသွားကြသည်။

တောတက်သူတို့ လေဗူးပြုလုပ်သောနည်းမှာ အမျိုးမျိုး ရှိသည်။

အချို့က ချုံ့နိုင်ချဲ့နိုင်သော ငါးစည်ပေါင်းအိတ်၊ သား ရေအိတ်များကို အသုံးပြုကြသည်။

ထိုအိတ်များထဲသို့ လေအပြည့်ထည့်ကာ လိုသောနေ ရာ ယူဆောင်သွားကြသည်။

ဗူစီပေါင်းများကဲ့သို့ ဖြစ်သည်။





ထိုပစ္စည်းများကတော့ အဆင်သင့်ပါလာသူ အတော် ည်းကြပေသည်။

တောတက်သူများသည် ရေဗူးကိုသာ ဂရုစိုက် သယ် ားလေ့ရှိသော်လည်း လေဘူးလေအိတ် ယူဆောင်သွားတာ တော့ မရှိကြပေ။

သို့ကြောင့် လေမရှိသောကျင်းထဲ လိုဏ်ခေါင်းထဲသို့ မျှော်လင့်ဘဲ ရောက်သွားပါက ဘေးအန္တရာယ်နှင့် ကြုံတွေ့ရ င်း ဖြစ်သည်။

လူအတော်များများက လေကို တန်ဖိုးမထားတတ်ကြ ၊ အဘယ်ကြောင့် ဆိုသော်. .

နေရာတကာတိုင်းမှာ အလကားရနေသောကြောင့် သည်။

ရေမရှိလျှင်သော်မှ အချိန်အတော်ကြာသည်အထိ အ က်ရှင်ခွင့် ရနေနိုင်သော်လည်း လေမရလျှင်တော့ ချက်ချင်း ရမည် ဖြစ်ပေသည်။

ဦးဇန်ကောင်းတို့ကတော့ သားရေအိတ်လည်းမပါ လေ တ်လည်း မပါလာသောကြောင့် အရေးပေါ် အသုံးပြုနိုင်ရန် ဘာဝလေအိတ်ကို ပြုလုပ်ယူဆောင်သွားကြခြင်း ဖြစ်သည်။

အခေါင်းပွသော ဝါးပိုးဝါးတစ်ပင်ကို လှဲပြီး အခေါင်းနှစ် က်ပိတ် ဝါးဆစ်ပိုင်းများကို ဖြတ်ယူကြသည်။

ထိုဝါးပိုင်းထိပ်တွင် လေထွက်နိုင်ရုံ အပေါက်ဖောက် ားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဝါးဆစ်ပိုင်း နှစ်ပိုင်းစီ ကြိုးဖြင့် လွယ်
သွားကြသည်။

လောလောဆယ်တော့ ဝါးဆစ်ပိုင်းများအတွင်းသို့ ရေ
မထည့်သေးဘဲ ရေထည့်ပြီး တောင်ပေါ် သယ်သွားကြသည်

ရေထည့်သွားခြင်းမှာ နှစ်မျိုး အသုံးပြု၍ရသည်။

သယ်သွားသောရေကို တောင်ထိပ်ပေါ်ရောက်မှ
သုံးပြုကြမည်ဖြစ်ပြီး ဝါးလုံးခေါင်းထဲသို့လည်း သန့်စင်ပြီး
သည်။

ရေထည့်ခြင်းဖြင့် ဝါးလုံးခေါင်း လုံမလုံ သိနိုင်ကြသည်

ရေလုံမှ လေလုံပေလိမ့်မည်။

လိုအပ်သော ပစ္စည်းများ တစ်ပါတည်း သယ်ဆော
သွားကြပြီးနောက် တောင်ထိပ်ပေါ် တက်သွားကြရာ နေ့လ
ဘက် အချိန်လောက်တွင် အပေါ်သို့ ရောက်သွားကြလေသ

တောင်ပေါ်ရောက်တော့ စေတီအပြိုအပျက်နှင့် အ
အဆောက်အဦးနှင့် ရုပ်တုဟောင်းအချို့မှာလည်း ပြိုကျပျ
နေကြလေသည်။

ယခု သူတို့ရောက်လာသောအချိန် (၁၉၄၅)ခုနှစ်
ကျင် အချိန်ကာလ ဖြစ်သည်။

ဂျပန်များ ပြန်ထွက်သွားပြီး အင်္ဂလိပ်များ တကျော
ဝင်လာသော အချိန်လည်း ဖြစ်သည်။

တောင်ပေါ်၌ ယခင်အခါက စေတီငယ်တစ်ဆူ၊
တစ်ဆောင်၊ ကျောက်ဆောင်အချို့နှင့် ရုပ်တုများ ရှိခဲ့လေသ





(၁၉၄၁-၄၂)ခုနှစ် ဝန်းကျင်လောက်က ထိုတောင်ထိပ်
ပါ်သို့ အင်္ဂလိပ်စစ်တပ်များ ရောက်လာစခန်းချကာ စစ်ရေး
လေ့ကျင့်ခြင်း၊ ဗုံးခိုကျင်းများ တူးဖော်ခြင်း၊ လက်နက်ကြီးများ
တက်ခွဲစမ်းသပ်ခြင်းများ ပြုလုပ်ခဲ့ကြသောကြောင့် စေတီနှင့်
ဆောက်အဦးများ ပြိုကျပျက်စီးခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုစေတီဟောင်းမှာ (၁၆၀၄)ခုနှစ်က မြတ်စွာဘုရား
ယ်လက်တော်ဓာတ်ကို ဌာပနာပြီး တည်ထားခဲ့သည့် ရှေး
ဟောင်းစေတီတစ်ဆူဖြစ်ကြောင်း သမိုင်းဟောင်းများ ရှိလေ
သည်။

နီမောင်တို့မှာ တောင်ပေါ်ရောက်သွားသည်နှင့် ပြိုကျ
က်စီးနေသော စေတီ၊ အဆောက်အဦး၊ အပြိုအပျက်နှင့် ရုပ်
အကျိုးအပဲ့များကို မြင်သောအခါ စိတ်မကောင်း ဖြစ်ကြရ
လသည်။

တောင်ထိပ်ပတ်ဝန်းကျင် တစ်ခုလုံးမှာလည်း ကျင်းကြီး
း ချိုင့်ကြီးများက ရှိနေသေးသည်။

တောင်ပေါ်ရောက်သွားပြီးတော့ ခဏနားကာ ဦးဗန်
ဟောင်းက စီစဉ်စရာများ စီစဉ်ပြုလုပ်လေသည်။

ပြီးသောအခါမှ ပြောသည်။

“ဒီလိုဏ်ခေါင်းထဲမှာ သက်မင်းငအောင်လာ သိုဝှက်
ထားခဲ့တဲ့ ကျောက်မျက်ရတနာတွေနဲ့ ရွှေငွေရတနာသိုက်ကြီး
ရှိနေတယ်ဆိုတာတော့ လူတိုင်းသိနေတာပဲ၊ ဒါပေမယ့် ဒီကနေ့
ထိ ဝင်ယူလို့မရသေးတာ ကျိန်စာကြောင့်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကျိန်စာလဲ"

"စာချုံးထဲမှာ ပါတဲ့အတိုင်းပေါ့၊ ဒီဂူထဲမှာရှိတဲ့ ရတန
တွေကို သက်မျိုးနွယ်တွေမှအပ တခြားလူတွေ ယူလို့မရစေ
ဘူး၊ သက်မျိုးနွယ်တွေ ယူရင်တောင်မှ လောဘနဲ့ယူလို့ မရနိ
ဘူး၊ လျှုလောက်ရုံ၊ စားလောက်ရုံပဲ ယူခွင့်ရှိတယ်၊ ဒီထက်မ
များယူရင်တော့ ကျိန်စာသင့်ပြီး သေမှာပဲ"

"ဒါကြောင့် သေတ္တာလိုက် သယ်ယူသွားတဲ့ သက်မျိ
နွယ်နှစ်ယောက် အင်္ဂလိပ်တွေနဲ့တွေ့ပြီးတော့ အသတ်ခံရ
သေတာဖြစ်မယ်"

"ဒီတော့ ဘယ်လိုလုပ်ကြရမလဲ"

သံပချိုင်က ဝင်မေးလိုက်သည်။

"တခြားတော့ မဟုတ်ဘူး၊ ဂူထဲမဝင်ခင် သက်ဆိုင်ေ
ပုဂ္ဂိုလ်တွေဆီက ခွင့်တောင်းရမယ်၊ ခွင့်တောင်းပြီးရင် သူတို့
ဘောကို မေးရမယ်၊ သူတို့ သဘောမတူရင် ဝင်လို့မရဘူး"

အားလုံးကတော့ ဘာမှ ထွေထွေထူးထူး မပြောကြေ

"တကယ်လို့ ဝင်ခွင့်ရလို့ ဝင်ရရင်တောင်မှ ဂူထဲရော
လို့ ရတနာတွေ တွေ့တဲ့အခါ လောဘနဲ့ မယူမိဖို့တော့ သ
ထားကြပါ"

"ဒီအတွက်တော့ စိတ်ချပါ၊ ဒါထက် ဘယ်အချိန် ဝင်ကြ
ရင် ကောင်းမလဲ"

"ဒီကနေ့ကတော့ အချိန်မရှိတော့ဘူး၊ ဒီည တောင်ထိ
ပေါ်မှာ လုပ်စရာရှိတာတွေ အရင်လုပ်ပြီး မနက်စောစော





ချိန်ရောက်မှ ဝင်ကြရင် ပိုမကောင်းဘူးလား"

"ဆရာကြီး သဘောကျသလိုသာ စီစဉ်ပါ"

ဟုပြောပြီး ပျက်စီးနေသော ဇရပ်ဟောင်း တစ်ဆောင်
ပေါ်မှာ စခန်းချကြလေသည်။

မဟူရာက စားသောက်ဖို့ စီမံနေလေရာ နီမောင်က
အနီးမှ ဝိုင်းကူပေးလေသည်။

"ဂူထဲဝင်ကြတော့မှာဆိုတော့ နင် မကြောက်ဘူးလား"

နီမောင်ကမေးတော့ မဟူရာက ခေါင်းခါပြသည်။

"ငါတစ်ယောက်တည်း ဝင်ရတာမှ မဟုတ်တာ၊ ဘာ
ကြောက်စရာ ရှိသလဲ၊ နင် ကြောက်နေလို့လား"

"မကြောက်ပါဘူး၊ ငါက နင့်အတွက် စိုးရိမ်လို့ ပြော
တာပါ"

"နင်က ငါ့အတွက် စိုးရိမ်တယ် ဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်လေ၊ ဒီအဖွဲ့ထဲမှာ မိန်းကလေးဆိုလို့ နင်
တစ်ယောက်တည်း ပါတာဆိုတော့ ငါက စိုးရိမ်နေလို့ မေးတာ"

"ငါက တောထဲတောင်ထဲသွားလာနေကျပါ၊ မကြောက်
ပါဘူး၊ ဒါပေမယ့် တစ်ခါမှမရောက်ဘူးတဲ့ဂူထဲ ဝင်ရတော့မှာ
ဆိုတော့ စိတ်ထဲမှာတော့ တစ်မျိုးပေါ့၊ ဒါပေမယ့် နင်တို့အဖော်
ပါနေသားပဲ"

"ငါတို့က တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးပါမယ်"

"အဖေကတော့ နင်တို့ကို သဘောကျနေပုံပဲ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ကို ဒီရွာမှာ အမြဲနေစေချင်နေတဲ့ပုံပ”

“နင်ကရော. .”

“ငါလည်း နင်တို့နေမယ်ဆိုရင် ဝမ်းသာတာပေါ့”

မဟူရာက မျက်နှာကို အခြားတစ်ဖက်သို့လွှဲကာ လေသံတိုးတိုးဖြင့် ပြန်ပြောလေသည်။

နီမောင်ကတော့ မဟူရာထံမှ ထိုကဲ့သို့သော စကားမျိုးကြားရသောအခါ စိတ်ထဲမှာ ကျေနပ်သွားမိလေသည်။

ညနေစောင်းအချိန်ရောက်တော့ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို တင်မြှောက်ပသရန် စတင်ပြင်ဆင်လေသည်။

နီမောင်တို့ သုံးယောက်က ဦးဗန်ကောင်း ခိုင်းစေသော ကိစ္စများကို ဝိုင်းဝန်းလုပ်ပေးကြလေသည်။

အခြားထွေထွေထူးထူးတော့ မဟုတ်ပေ။ ဘုရားပျက်ရှိသောနေရာနှင့် မနီးမဝေးတွင် စားသောက်စရာအချို့ကို ဖက်များနှင့် ပုံကာ ချထားလေသည်။

အရှေ့အနောက် တောင်မြောက် ထောင့်လေးထောင့်နေရာ၌ ဖြစ်သည်။

ဖက်များပေါ်တွင် ထမင်းနှင့်ဟင်းများကို ပုံထားပြီးနောက် အသင့်ယူလာသော ကွမ်းယာနှင့် လက်ဖက်တို့ကို ပုံခြင်း၊ တောပန်းတောင်ပန်းအချို့ကို စိုက်ထိုးထားခြင်းများ ပြုလုပ်ထားခြင်း ဖြစ်သည်။

တောထိပ်ပေါ်တွင် မှောင်ရီသမ်းစအချိန် ရောက်လာတော့ ဦးဗန်ကောင်းက သက်ဆိုင်ရာပုဂ္ဂိုလ်တို့အား တိုင်တည်





ပသခြင်း ပြုလုပ်လေသည်။

“ဤဘဲငါးရာတောင် အတွင်းအပြင်၌ ရှိကြကုန်သော သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း ပင့်ဖိတ်ပါသည်။

ဤတောင်၌ စောင့်ရှောက်နေထိုင်သော ပုဂ္ဂိုလ်တို့သည် ကျွန်ုပ်တို့နှင့် မိတ်ဆွေဖွဲ့ရန် အလိုရှိပါက အသံပေးကြပါကုန်လော့. . .”

ဟုတိုင်တည်ရွတ်ဆိုလိုက်သောအခါ တောင်တစ်တောင်လုံး တိတ်ဆိတ်ငြိမ်သက်သွားသကဲ့သို့ ရှိလေသည်။

အတန်ကြာတော့မှ နေရာအနှံ့မှ ဘဲအော်သံများပေါ်ထွက်လာလေတော့သည်။

“ဂွား. . ဂွား. . ဂွား”

“ဂတ်. . ဂတ်. . ဂတ်”

ဟူသောအသံမျိုး ဖြစ်သည်။

ဘဲခြံအတွင်းမှ ဘဲများ လန့်အော်ကြပြီးနောက် တပြိုင်နက်တည်း ငြိမ်ကျသွားသကဲ့သို့ ခဏကြာတော့ ပြန်ငြိမ်ကျသွားလေသည်။

သူတို့ မိတ်ဆွေဖွဲ့ခြင်းကို လက်ခံကြသည့် သဘောမျိုးပင်။ ထိုအခါ ဦးဗန်ကောင်းက ဆက်ပြောပြန်သည်။

“ကျွန်ုပ်တို့ မိတ်ဆွေဖွဲ့ခြင်းကို လက်ခံသဖြင့်လည်းကောင်း၊ မိတ်ဆွေအဖြစ် လက်ခံသဖြင့်လည်းကောင်း ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်. . .

သင်တို့အားလည်း မိတ်ဆွေအဖြစ် အသိအမှတ် ပြုပါသည်၊ ကျွန်ုပ်တို့သည် ဤတောင်၌ရှိသော လိုဏ်ခေါင်းအတွင်းသို့ နံနက်မိုးသောက် အလင်းရောက်ပါက ဝင်ရောက်လိုပါသည် ဝင်ခွင့်ပြုပေးကြပါ"

"ဂွား. . ဂွား. . ဂွား"

"ဂတ်. . ဂတ်. . ဂတ်"

ဟူသော ထပ်ကြားရသည်။

"ဂူအတွင်းသို့ ချောမောစွာရောက်ခဲ့ပြီး ရတနာပစ္စည်းများကို မြင်တွေ့ရပါကလည်း လောဘစိတ်ဖြင့် ယူဆောင်ခြင်း မပြုပါဟု ကတိပေးပါတယ်၊

သက်ဆိုင်ရာပုဂ္ဂိုလ်များ ခွင့်မပေးသော ကိစ္စမှန်သမျှ ဘာမှမပြုလုပ်ပါဟု ကတိပေးပါတယ်၊

သက်ဆိုင်ရာပုဂ္ဂိုလ်များ ခွင့်မပေးသော ကိစ္စမှန်သမျှ ဘာမှမပြုလုပ်ပါဟု သစ္စာ ပြုကြပါသည်. . .

ကျွန်ုပ်တို့ပြုသော ကတိသစ္စာကို အသိအမှတ်ပြု လက်ခံပါက ကျွေးမွေးထားသော အစားအသောက်တို့ကို လာရောက်စားသောက်ကြပါကုန်လော့"

ဟု ပြောကာ လွယ်အိတ်ထဲမှ ကြေးစည်နှင့် လက်ခတ်ကို ယူကာ သုံးချက် ထုလိုက်လေသည်။

"နောင်. . ဝေ. . ဝေ"

"နောင်. . ဝေ. . ဝေ. . နောင်. . ဝေ. . ဝေ"





ကြေးစည်သံ ပျောက်သွားတော့ တောင်ရင်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြန်လေသည်။

ခဏကြာတော့ ဘဲအော်သံများ ပေါ်ထွက်လာသည်။

"ဂွား. . ဂွား. . ဂွား"

"ဂတ်. . ဂတ်. . ဂတ်"

မရှေးမနှောင်းမှာပင် တောတိုးလာသော အသံများပါ ကြားလာကြရသည်။

အားလုံးကတော့ အသံကြားရာဘက်သို့ မျက်တောင်မခတ် လှမ်းကြည့်နေကြသည်။

နီမောင်စိတ်ထဲမှာတော့ တောထဲမှ ဘဲအုပ်ကြီး ထွက်လာလိမ့်မည်ဟု ထင်နေမိသည်။

သို့သော် တကယ်ထွက်လာတော့ ဘဲများမဟုတ်ပေ။

ကိုးတောင်ကျားကြီးလေးကောင် ဖြစ်နေသည်။

ကျားလေးကောင် တစ်ပြိုင်နက်ထွက်လာတော့ အားလုံးမျက်လုံးပြူးသွားကြသည်။

ထိတ်လန့်ကြောက်ရွံ့မှုလည်း ဖြစ်ကြလေသည်။

ကျားလေးကောင်ကတော့ ခါးကြီးတန့်နွဲ့နွဲ့ဖြင့် ထွက်လာပြီး ပုံထားသော အစာလေးပုံရှိရာသို့ တစ်ကောင်စီသွားကာ အစာများကို စားသောက်ကြသည်။

စားသောက်ပြီးသောအခါ သူတို့ရှိရာဘက်သို့ တစ်ချက်ကြည့်ပြီး တောထဲပြန်ဝင်သွားကြလေတော့သည်။

ထိုအခါမှ စောစောက အသက်ရှူရန် မေ့နေသူတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချနိုင်ကြလေတော့သည်။

ဦးဗန်ကောင်းကတော့ ထိုမြင်ကွင်းကို မြင်သဖြင့် များစွာ ကျေနပ်နေလေသည်။

"မနက်ဖြန်တော့ လိုဏ်ခေါင်းထဲ ဆင်းခွင့်ရပါပြီ၊ သူတို့ခွင့်ပေးကြပါပြီ"

ဟု အများကြားအောင် ပြောပြလိုက်လေသည်။

အချိန်က ညဉ့်ဦးပိုင်း ကျော်လာပြီဖြစ်ရာ တောင်ပေါ်မှာ တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။







အခန်း ( ၁၄ )

# ဒေဝဂန္ဓာရီ ရတနာသိုက်

ဘဲငါးရာတောင်ထိပ်ပေါ်တွင် ယခင်က သက်မင်းဝအောင်လာ၏ နန်းတော်နေရာဟောင်းရှိသည်။

နောက်ပိုင်း နန်းတော်မရှိတော့သောအခါ ကျောက်သားမျက်နှာပြင်များပေါ်တွင် ဘဲခြေရာများ ထင်ကျန်ခဲ့သည်။ အင်္ဂလိပ်စစ်တပ်များ ထိုတောင်ထိပ်ပေါ်သို့ လာရောက်စခန်းချသောအချိန်၌ ဗုံးခိုကျင်းများတူးခြင်း၊ လက်နက်ကြီးများဖောက်ခွဲခြင်းများကြောင့် တောင်မျက်နှာပြင် တစ်ခုလုံး ကျောက်ပေါက်

www.burmeseclassic.com



အမာရွတ်များကဲ့သို့ ကျင်းများချိုင့်များ ဖြစ်ခဲ့သောကြောင့် ထူးဆန်းသော ဘဲခြေရာများ ပျောက်ပျက်သွားခဲ့ရပေသည်။

နန်းတော်ရာ နေရာဟောင်းရှိသောနေရာ၏ အနောက်တောင်ဘက်မှာ တောလိုက်ခေါင်းကြီးရှိသည်။

ထိုလိုဏ်ခေါင်းကြီး တစ်နေရာတွင် သက်မင်းငအောင်လာ မြှုပ်နှံထားသော ရတနာများရှိသည်။ ထိုသောကြောင့် လောကသားများ ဆင်းသက်သော မရဏလိုဏ်ဂူ အပေါက်ဝလည်းဖြစ်ပေသည်။ အပေါ်မှငုံ့ကြည့်လျှင် အောက်သို့ဘာမှ မမြင်ရဘဲ မည်းမှောင်လျက် ရှိလေသည်။

ထိုတွင်းပေါက်ဝနားရောက်တော့ နီမောင်က ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး အောက်သို့ ပစ်ချလိုက်သည်။

တဒုန်းဒုန်း ဖြင့်လိမ့်ကျသွားသော အသံကို အတော်ကြာအောင် ကြားနေရပြီးမှ တဖြည်းဖြည်းနှင့်ပျောက်သွားသည်။

"အောက်ခြေရောက်တဲ့အထိ အတော်နက်တယ်"

"ဒါကြောင့် လိုဏ်ခေါင်းထဲမှာ လေမရှိတာဖြစ်မယ်၊ ဝါးဗူးတွေထဲ လေဖြည့်ပြီးပြီလား"

"ဖြည့်ပြီးပြီဆရာကြီး"

"အပေါက်ကိုပွေးလျက်နဲ့ သေသေချာချာပိတ်ထား . လေနဲ့ရေဆိုတာ အပ်ဖျားလောက် အပေါက်ရှိရင်ကို စိမ့်ထွက်ကြတာ"

"စိတ်ချပါ"

"မီးတုတ်တွ အဆင်သင့်ပြင်ပြီးရင် ဆင်းကြမယ် ငါတို့





က တောင်စောင့်နတ်တွေရဲ့ ခွင့်ပြုချက်နဲ့ဆင်းတာပဲ အန္တရာယ်နဲ့ မတွေ့နိုင်ပါဘူး"

ဟုအဖွဲ့သားများ အားရှိအောင်ပြောသည်။

ရှေ့ဆုံးမှဆင်းမည့် နီမောင်က လက်ထဲမှ အသင့်ကိုင်ထားသော မီးတိုင်ကို မီးညှိလိုက်သည်။

မီးအလင်းရောင်ဖြင့် ကြည့်လိုက်တော့ တွင်းနက်ကြီးအတွင်းသို့ဆင်းသော ကျောက်လှေခါးထစ်များကို တွေ့ရသည်။ ရေညှိရေမှော်များ အထပ်ထပ်ကပ်နေသောကြောင့် ချောနေဟန် ရှိသည်။

သို့ကြောင့်နွယ်ကြိုးရှည်တစ်ချောင်းကို ခုတ်ယူလာပြီး နှစ်စသုံးစဆက်ကာ တွင်းထဲသို့ချသည်။

ကျန်တစ်စကို သစ်ပင်တစ်ပင်မှာ ချည်ထားလိုက်သည်။

နီမောင်က မီးတုတ်ကို လက်တစ်ဖက်ကကိုင် တခြားတစ်ဖက်က ချထားသော နွယ်ကြိုးကိုကိုင်ကာ ရှေ့ဆုံးမှဆင်းသည်။

ကျန်လူများကနောက်မှ တစ်ယောက်ပြီးတစ်ယောက်ဆင်းလိုက်လာကြသည်။

လိုဏ်ခေါင်းထဲသို့ ဆင်းသော ကျောက်လှေခါးထစ်များမှာ ရှေးခေတ်အခါက အသုံးပြုခဲ့သော ကြောင်လိမ်လှေခါးထစ်များသဖွယ် ထုဆစ်ထားခြင်းဖြစ်သည်။

အောက်ပိုင်းရောက်တော့ အမှောင်ထုက ပိုများလာသည်။ အောက်ခြေ၌ အစိုဓါတ်ပိုများလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ခြေချော်မကျစေရန် သတိကြီးစွာထားပြီး ဆင်းကြရသည်။ အချို့နေရာများမှာ ရေတိုက်မှုကြောင့်သော် လည်းကောင်း နှစ်ပရိစ္ဆေဒကြာမြင့်သည်ကတစ်ကြောင်းကြောင့် ပြိုပျက်ကျကာ အောက်ခံမြေသားများပင် ပေါ်လာနေချေပြီ။

အောက်ပိုင်းရောက်လာလေလေ အစိုဓါတ်ကပိုများပြီး ချောလာလေလေဖြစ်၏။ အောက်ပိုင်းရောက်တော့ ချထား သောနွယ်ကြိုးက ဆုံးသွားလေသည်။

သို့ကြောင့် နံ့ယံများကိုကိုင်ကာ ထိန်းဆင်းရတော့ သည်။ အောက်ပိုင်းရောက်လာသောအခါ လေကရနေဆဲပင်။

နီမောင်က အောက်သို့ဆင်းသည့် အချိန်မှစပြီး အခြေ အနေကို သတိဖြင့်ကြည့်လေသည်။

လှေခါးထစ်များမှ ဆင်းနေရင်းမှာပင် ထောင့်ချိုးကွေ့ အချို့ကိုတွေ့ရသဖြင့် ကျော်ဖြတ်ခဲ့ရသည်။ ကွေ့သုံးကွေ့ခန့် ကျော်လာမိသောအခါ စိမ်းရွှေရွှေအနံ့ အသက်များရလာသည်။

အအေးဓါတ်ကရလာပြီး ကျောက်လှေခါးထစ်များမှာ လည်းအစိုဓါတ်ကြောင့် ချောနေသဖြင့် သတိထားကာ ဆင်းကြ ရသည်။ အမှောင်ထုကတော့ နက်ရှိုင်းလှသည်။

မီးရောင်မပါလျှင်တော့ ဘာမှမြင်ကြရမည် မဟုတ်ပေ။

နီမောင်က သူဖြတ်သမ်းခဲ့သောထောင့်ချိုးကွေ့များကို ရေထွက်ထားရာ ကိုးကွေ့သို့ရောက်နေပေပြီ။ ကံကောင်းနေ သောအချက်မှာ ကိုးကွေ့ရောက်သည် အထိအသက်ရှူရန် လေ ရနေခြင်း ဖြစ်သည်။





သို့သော် အနံ့အသက်ကတော့ မကောင်းလှပေ။

စိမ်းရွှေရွှေ ပုတ်အက်အက်အနံ့များ ပါလာသဖြင့် အ သက်ရှူရတာ မဝသလိုဖြစ်လာသည်။

“အခြေအနေဘယ်လိုလဲ နီမောင်”

ဇမုန်းထန်က တိုးတိုးမေးသည်။

“ကိုးကွေ့အထိတော့ရောက်နေပြီ လောလောဆယ် အ သက်ရှူလို့ရသေးတယ်”

“အကြောင်းရှိတော့မှပဲ ဝါးလေပူးတွေ သုံးကြတာပေါ့၊ ဒါထက် အောက်ဖက်ကအသံတွေကြားနေရတယ်”

“စိမ်းရွှေရွှေ အနံ့နဲ့ အပုတ်နံ့တွေရတယ်”

“ပြောသံကြားတာတော့ အထဲမှာ ဒီလိုကွေ့ပေါင်း (၁၂) ခု ရှိတယ်လို့ပြောသံကြားတယ်၊ နောက်ပြီးဒီဂူထဲမှာ တခြားသတ္တ ဝါတော့ ပြောသံမကြားမိဘူး၊ ဆင်းဖူးတဲ့လူတွေ ပြောသံကြား တာတော့ မြေကြွက်ကြီးတွေ ရှိတယ်လို့တော့ ပြောကြတယ်”

“မြေကြွက်တွေဆိုရင် မီးတုတ်တွေသုံးပြီး ဆက်ဆင်း ကြည့်တာပေါ့”

ဟုပြောပြီး မီးတုတ်မီးတိုင်များကို ကိုယ်စီကိုယ်ငှမီးရှို့ လိုက်ရာ အလင်းရောင်ပိုရလာသည်။

မီးတောက်များလင်းနေသမျှ ဂူအတွင်းပိုင်း၌ လေရှိနေ သေးရာ စိတ်သက်သာရာတော့ရသွားကြသည်။

မီးတုတ်များမှ ကညင်ဆီနှင့်ပွန်းလျက် ညှော်နံ့များထွက် လာသောကြောင့် စိမ်းရွှေရွှေအနံ့နှင့် အပုတ်နံ့များ လျော့ပါးသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒီမီးတိုင်တွေရဲ့ အခြေအနေကြည့်ပြီး ဆင်းရမှာပဲ မီးတိုင်တွေမီးငြိမ်းသွားတဲ့နေရာဟာ လေမရှိတဲ့နေရာပဲဖြစ်မယ်"

မီးတိုင်များ ထွန်းလိုက်ပြီး အလင်းရောင်ရလာတော့မှ ထူးခြားမှု အချို့ကိုတွေ့မြင်လာရသည်။ အခြားမဟုတ်ပေ. .။

ဂူနံရံတွင် သွားလာနေသော လူရိပ်များကို တွေ့လာရခြင်း ဖြစ်သည်။

ပထမတော့ သူတို့အရိပ်များလားဟု ထင်မိသည်။

မဟုတ်ပေ။ သူတို့အရိပ်က ထိုမျှလောက် ဝေးသောနေရာသို့ မရောက်နိုင်ပေ. . .။

သို့ဆိုပါက သူတို့အဖွဲ့အပြင် အခြားသူများ ရှိနေလေသလားဟု ကြည့်တော့လည်း မတွေ့ရပေ။ သို့ကြောင့် ရှေ့သို့ ဆက်ဆင်းလာကြသည်။

နောက်ဆုံးတော့ ဆယ်တစ်ကွေ့မြောက်နေရာသို့ ရောက်လာကြသည်။ ထိုနေရာရောက်တော့ ရှေ့တွင်ကွက်လပ်တစ်ခု ခြားနေလေသည်။ လေကလည်း အတော်နည်းနေချေပြီ။

"ကျုပ်သိရသလောက်တော့ ဆယ်နှစ်ကွေ့ကျော်ရင် ခရီးဆုံးပြီ၊ ဆယ်တစ်ကွေ့နဲ့ဆယ့်နှစ်ကွေ့ကြားမှာ လေဟာနယ်ရှိတယ်"

ဇမုန်းထန်စကားကြားတော့ ထိုနေရာမှာ ရပ်လိုက်ကြသည်။ လေနည်းနေပြီဖြစ်သောကြောင့် အသက်ရှူရတာ မဝသလို ဖြစ်လာသဖြင့် အချို့မှာ ဝါးဗူးပေါက်ကိုဖွင့်ပြီ လေရှူနေရ





သည်။

ထိုအခိုက်မှာပင် ဆူဆူညံညံအသံများ ကြားရပြီးနောက် ဖြူးလွှားလာသော အသံများကြားကြရသည်။

အသံကြားရာဘက်သို့ ကြည့်လိုက်သောအခါ အမှောင်ထဲမှ ထွက်လာသော မြေကြွက်ကြီးများကို တွေ့ကြရသည်။ မြေကြွက်ကြီးများရှိနေသေးတော့ အသက်ရှူဖို့ လေရနိုင်သေးသည်။

သို့သော် ထွက်လာသော အကောင်အရေအတွက်ကတော်များသည်။ အကောင်ကလည်းကြီးသည်။

"မြေကြွက်ကြီးတွေ ထွက်လာပြီ"

"ကညင်ဆီခဲနဲ့ပွန်းလျက်ခဲတွေ မီးရှို့ပြီး ငါတို့ရှေ့မှာ ပစ်ထားကြ"

ဦးဗန်ကောင်းက ပြောသဖြင့် အသီးသီးပါလာသော ညင်ဆီခဲ ပွန်းလျက်ခဲတို့ကို မီးရှို့ပြီး မနီးမဝေးရောက်အောင် ပစ်ချထားလိုက်ကြသည်။

တဖျစ်ဖျစ်နှင့် မီးလောင်သံများပေါ် ထွက်လာပြီး မီးခိုးငွေ့နှင့် ညှော်နံ့များပါ ထွက်လာသည်။ မီးတောက်များကြောင့် အတွင်းမှာ အလင်းရောင်ရလာလေသည်။

နီမောင်က ကညင်ဆီခဲတစ်ခဲကို မီးရှို့ပြီး ကွက်လပ်ရှိသို့ အတော်ဝေးဝေးရောက်အောင် ပစ်ချလိုက်သည်။ ချက်င်းမီးငြိမ်းသွားသည်။

သေချာသွားပြီ။

ကြွက်များရှိနေသော ဆယ့်တစ်ကွေ့နေရာ ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



သည် လေမရှိသောနေရာရပ်ဝန်း ဖြစ်ပေလိမ့်မည်။

ထိုနေရာကျော်မှ ရတနာများရှိနိုင်သော ဆယ့်နှစ်ဂွေ့ သို့ ရောက်ပေလိမ့်မည်။

လူသံကြားသဖြင့် ပြေးထွက်လာသော မြေကြွက်ကြီး များက မီးတောက်များမြင်တော့ ရှေ့တိုးမလာဘဲ တန့်သွားကြ လေသည်။

"ငါတို့မှာပါလာတဲ့ အသားခြောက်တွေနဲ့ အစားအ သောက်တွေကို ဟိုဘက်ဝေးဝေးကို ပစ်ချပေးလိုက် သူတို့ အာရုံလွှဲရမယ်"

ဟု ဇမုန်းထန်ကပြောသဖြင့် ကျောပိုးအိတ်ထဲမှ ပါ လာသော အသားခြောက်နှင့် အစားအသောက်များကို အဝေး ဝေးသောနေရာသို့ ပစ်ချပေးလိုက်သည်။

မြေကြွက်ကြီးများက ပြေးလွှားသွားကာ အလုအယက် စားသောက်ကြလေသည်။

တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်လုယက်နေသော အသံ၊ မာန်ဖီသောအသံ၊ ကိုက်ဖဲ့သောအသံ၊ ငယ်သံပါအော အော်သံများက ဂူထဲမှာ ဆူညံနေသည်။ အသံများက ပဲ့တင်ထ နေလေသည်။

"ဘယ်လိုဆက်လုပ်မလဲ"

"ဟိုဘက်မှာ အသက်ရှူဖို့ လေမရှိတဲ့နေရာပဲ"

ကျွန်တော်တို့သုံးယောက် အခြေအနေသွားကြည့်မ ကျန်တဲ့သူတွေက ဒီနေရာကပဲ စောင့်နေကြပါ"





နီမောင်ကပြောတော့ စိတ်ပူသွားကြသည်။

"ဖြစ်ပါတယ် အားလုံးသွားရင် အန္တရာယ်နဲ့တွေ့ရင် ခွက်ဖို့ခက်နိုင်တယ် ကျွန်တော်တို့ပဲသွားကြည့်ပါ့မယ်"

"ဒါဖြင့် လိုရမယ်ရ ငါတို့ဆီက လေဗူးတစ်လုံးစီယောက် သွား"

ဟုပြောပြီးပေးရာ နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံး ယောက်မှာ ဝါးလေဗူးသုံးလုံးစီ ဖြစ်သွားသည်။

"ငါတို့ ဟိုဘက်ရောက်အောင် အသက်အောင့်ပြီး ပြေး သွားမယ် ဟိုဘက်ရောက်တော့မှ လေဗူးထဲက လေကိုသုံးမယ်၊ ဲ ကြွက်တွေ ဟိုဘက်အာရုံရောက်နေတုန်း သွားကြရအောင်"

ဟုပြောပြီး သုံးယောက်သား ဆယ့်တစ်ဂွေ့နှင့် ဆယ့် နှစ်ဂွေ့ကြားမှာရှိသော ကွက်လပ်ကိုဖြတ်သည်။

ကြွက်ကြီးများက အစားအစာ မဲနေသောကြောင့် သူ တို့ရှိရာသို့ မရောက်လာကြပေ။

ခဏကြာတော့ လေမရှိသော နေရာရောက်သွားသဖြင့် းတုတ်များငြိမ်းသွားသည်။

သို့ကြောင့် ဝါးလေဗူးထဲမှ လေကိုစတင် အသုံးပြုကြရ သည်။

အလကားရနေသောလေ၏ တန်ဖိုးကို လေမရှိသော နေရာရောက်တော့မှ သိကြရလေသည်။

ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်သွားရာ ဆယ့်နှစ် ဂွေ့သို့ ချောချောမောမောရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်ကွေ့လွန်တော့ အမှောင်ရိပ်ထဲမှာ အရောင်လက်နေသော အရာများကို သတိပြုမိလေသည်။ နီမောင်က ကျောပိုးအိတ်ထဲမှ လက်နှိပ်မီးကိုထုတ်ပြီး လှမ်းထိုးကြည့်လိုက်သည်။

"ဟာ. . ရတနာတွေပါလား"

ကျောက်ဖျာတစ်ချပ်ပေါ်၌ တင်ထားသော ရွှေငွေရတနာမြောက်များစွာတို့ကို တွေ့ကြရသည်။

အရည်အသွေး ကောင်းလှသော ပတ္တမြားအပါအဝင် ကျောက်မျက်ရတနာများ၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ၊ နန်းစဉ်ရတနာများ၊ လက်ဝတ်ရတနာတို့ကို အပုံလိုက်တွေ့ကြရသည်။

ထိုရတနာများမှာ သက်မင်းငအောင်လာ သိုဝှက်ထားခဲ့သော နန်းစဉ်ရတနာများပင် ဖြစ်ပေသည်။

"ဘယ်လိုလုပ်မလဲ တစ်ခါတည်း ယူသွားမလား"

ငမဲအောင်ကမေးတော့ နီမောင်က ခေါင်းခါပြသည်။

"မဖြစ်သေးဘူးထင်တယ်"

"ဒီရတနာတွေက သက်မျိုးနွယ်ဝင်တွေ သုံးစွဲဖို့ထားခဲ့တာပဲ၊ ငါက သက်မျိုးနွယ်တစ်ယောက်ပဲ ငါဝင်ယူရင်ရမှာပေါ့"

နီမောင်က ဘာမှပြန်မပြောပဲ တစ်နေရာသို့ လက်ညှိုးထိုးပြလိုက်သည်။

အခြားမဟုတ်ပေ။ ရတနာများထားသောနေရာနှင့် သူတို့ရောက်နေသော နေရာကြားမှာ ကွက်လပ်ကျယ်တစ်ခု ခြားထားသည်။ ရတနာများကို ယူလိုလျှင် ထိုနေရာမှ ဖြတ်သွားရပေ





မည်။ ထိုကွက်လပ်၌ သဘာဝမြေသားမျိုးမဟုတ်ပဲ အရောင်အသွေးစုံသော ကျောက်ပြားချပ်ငယ်များ ခင်းထားလေသည်။

ကျောက်ပြားချပ်များမှာလည်း တစ်ပေပတ်လည်ခန့်သာ ကျယ်ဝန်းလေသည်။

"ရတနာတွေရှိတဲ့နေရာမှာ စက္ကောမအတတ်နဲ့ စီရင်ထားတဲ့ ထောင်ချောက်တွေရှိတယ်လို့ လူတိုင်းပြောနေတာပဲ တခြားနေရာမှာ မတွေ့ခဲ့ရဘူးဆိုတော့ ဒီနေရာမှာရှိမှာ အသေချာပဲ"

နီမောင်ကပြောတော့ ငမဲအောင်က ထွေထွေထူးထူး ထပ်မပြောတော့ပေ။

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ အသက်အရွယ် ကြီးလှပြီဖြစ်သော အဘိုးအိုတစ်ယောက် ထွက်လာသည်။

တောင်ဝှေးသံကြားသဖြင့် လှည့်ကြည့်လိုက်တော့မှ သူတို့နောက်ဘက် ရောက်နေသည်ကို တွေ့ကြရသည်။

"မင်းတို့တတွေ လောဘထိမ်းနိုင်တာကို ချီးကျူးပါတယ်၊ အတော်များများက လောဘစိတ်ကို မထိမ်းနိုင်ကြဘူး၊ ဒါကြောင့် ဘေးအန္တရာယ်တွေနဲ့တွေ့ကြရတာပဲ"

"အဘိုးဘယ်သူပါဘဲ"

"ငါက ရတနာတွေကို စောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်ပေါ့ကွယ်"

"ကျွန်တော်တို့ ရတနာတွေကို လိုချင်ပါတယ် ရနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရတနာတွေကိုတော့ မယူနဲ့၊ ယူတာနဲ့ အန္တရာယ်တွေနဲ့ တွေ့မှာပဲ"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"အပြင်မှာ ရတနာသေတ္တာတစ်လုံးရှိတယ်၊ အဲဒီရတနာတွေရှိတဲ့နေရာကိုတော့ လမ်းညွှန်ပေးနိုင်ပါတယ်၊ ဒါပေမယ့် ငါ့ကို ကတိတော့ပေးရမယ်"

"ဘယ်လိုကတိမျိုးပါလဲ"

"ရတနာတွေကိုရရင် ဒီတောင်ပေါ်မှာ စေတီတစ်ဆူတည်ပေးရမယ်၊ အချို့ကို မင်းတို့သုံးစွဲဖို့အတွက်ယူပြီး ပိုတဲ့ရတနာတွေကို ဒီဂူထဲပြန်ရောက်အောင် ပို့ပေးမယ်ဆိုရင် ရတနာတွေရှိတဲ့နေရာကို လမ်းညွှန်ပေးလိုက်မယ်"

"ကောင်းပါပြီ၊ မယူသင့်တဲ့ ပစ္စည်းတွေကို မယူတော့ပါဘူး၊ အဘိုးပြောတဲ့ ရတနာတွေကိုပဲ တွေ့အောင်ရှာပြီး ပြောတဲ့အတိုင်း လုပ်ပါ့မယ်"

ထိုအခါ အဘိုးအိုက ဂူထဲမှ သက်မျိုးနွယ်နှစ်ယောက်ယူသွားသောရတနာသေတ္တာရှိသော နေရာကို လမ်းညွှန်ပြောပြရာ နီမောင်က စိတ်ထဲမှပင် အသေအချာ မှတ်ယူထားလိုက်လေသည်။

ထိုသို့ပြောပြီး အဘိုးအိုက အမှောင်ရိပ်ထဲသို့ ပြန်ဝင်သွားလေတော့သည်။

နီမောင်တို့ သုံးယောက်လည်း လေပူးထဲမှာ လေအနည်းငယ်သာ ကျန်တော့သဖြင့် ထွေထွေထူးထူး စဉ်းစားမနေ





တော့ပဲ လာလမ်းအတိုင်း ပြန်ထွက်ကြလေသည်။

မီးတိုင်များ မီးထွန်းမရသဖြင့် နီမောင်ထံမှာပါလာသော လက်နှိပ်မီးရောင်ကိုသာ အားပြုကြရသည်။

ကွက်လပ်နေရာကျော်လာတော့ မြေကြွက်ကြီးများက သူတို့သုံးယောက်ရှိရာသို့ ပြေးလာကြလေသည်။ ထိုအခါ အနားရောက်လာသော ကြွက်ကြီးများကို ခြေထောက်ဖြင့် ကန်တန်တာကန်၊ နင်းတန်တာနင်း၊ မီးတုတ်များဖြင့် ရိုက်ထုတ်တန်တာရိုက်ထုတ်ပြီး ခပ်သုတ်သုတ် သွားကြရလေသည်။

ထိုကြားထဲမှ အချို့ကြွက်များက အတင်းတိုးဝင်၊ တိုးတက်လာပြီး ကိုက်ဖြတ်စားသောက်ရန် ကြိုးစားကြလေသည်။

"အပေါ်ကို ပြန်တက်ကြ၊ အပေါ်ကို ပြန်တက်ကြ"

မနီးမဝေးနေရာ မြောက်ကတည်းက နီမောင်တို့ကလှမ်းအော်သဖြင့် အချို့နေခဲ့ပြီး အချို့ပြန်တက်ကြလေသည်။ နီမောင်တို့ ရောက်လာတော့ သံပချိုင့်နှင့် သံပချြပ်တို့က မီးတုတ်တစ်ချောင်းစီပေးရာ ထိုမီးတုတ်နှင့် ခြောက်လှန့်မောင်းနှင်တော့မှ နောက်မှ လိုက်လာသောကြွက်အုပ်ကြီးမှာ တန့်သွားကြလေတော့သည်။


ထိုအခါမှပင် နီမောင်တို့လည်း အပေါ်သို့ပြန်တက်နိုင်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၁၅ )

# ရတနာများကိုရကြလေပြီ

တောင်ထိပ်ပေါ်သို့ ပြန်ရောက်သောအခါ နီမောင်က အခြေအနေကို ပြောပြလိုက်သည်။

"ဂူထဲမှာရှိတဲ့ ရတနာတွေကကတော့ ယူလို့မရနိုင်ဘူး၊ ဝင်ယူတာနဲ့ စက္ကောမယန္တရား ထောင်ချောက်တွေနဲ့တွေ့ပြီး သေကြမှာပဲ"

အားလုံးက သက်ပြင်းချလိုက်ကြသည်။

နီမောင်က ဂူအတွင်း၌ အဘိုးကြီးတစ်ယောက်နှင့်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ၎င်းပြောလိုက်သော စကားကိုထပ်ပြောလိုက်မှ စိတ်ဝင်စားမှု ပြန်ဖြစ်လာကြလေသည်။

"ဘယ်နေရာမှာတဲ့လဲ"

"ဘဲငါးရာတောင်နဲ့ ဘဲငါးရာညီမတောင်ရဲ့ ကြားထဲမှာ အထိကရ သစ်ပင်ကြီးသုံးပင်ရှိတဲ့နေရာရဲ့ အလယ်နေရာတစ်ဝိုက်မှာရှာရင် ရတနာသေတ္တာတွေ့ရမယ်လို့ ပြောလိုက်တယ်"

နီမောင်က အဘိုးကြီးမှာလိုက်သော အခြားကတိများကိုလည်း ပြောပြလိုက်သည်။ ထိုအခါ ဇမုန်းထန်က. . .

"ဒါကတော့ လုပ်ပေးရမှာပေါ့ ကောင်းတဲ့ကိစ္စပဲ"

ထိုသို့ပြောသောအခါ သံပချိုင်နှင့် သံပချပ်တို့ ညီအစ်ကို နှစ်ယောက်ကတော့ တစ်စုံတစ်ခုကို ကျိတ်ပြီးတိုင်ပင်နေကြသည်။ ထိုကဲ့သို့ အနားယူရင်းနှင့် စားသောက်နေစဉ် တောကျိုးကန်းကြီးအချို့ တောင်ပေါ်ရောက်လာသဖြင့် မဟူရာက အစားအစာအချို့ကိုယူသွားပြီး ချကျွေးရာ အနားရောက်သည်အထိလာရောက် စားသောက်နေကြစဉ် မဟူရာ သူသိလိုသောအချက်ကို မေးမြန်းနေလေသည်။

ကျိုးကန်းများကလည်း တအာ့အာ့ဖြင့် ပြန်လည်အော်ပြောကြလေသည်။

တောကျိုးကန်းကြီးများက အစာစားနေရင်းမှ ပျံထွက်သွားသည့်အကောင်က ပျံထွက်သွား ပြန်ရောက်လာသည့် အကောင်က ပြန်ရောက်လာကြလေသည်။ အခြေအနေကြည့်ရသည်မှာ မဟူရာအား တစ်စုံတစ်ခု လာပြောနေကြဟန် ရှိလေ





သည်။

စားသောက်ပြီးသောအခါ မဟူရာကပြောသည်။

"နင်တို့နှစ်ယောက် သစ်ပင်တက် ကျွမ်းကျင်ကြတယ် မဟုတ်လား ဒီတောင်ထိပ်မှာရှိတဲ့ အမြင့်ဆုံးသစ်ပင်ပေါ်က မြောက်ဘက်လျှိုထဲမှာ အမြင့်ဆုံးသစ်ပင်ကြီးသုံးပင် တွေ့လိမ့်မယ် အဲဒီသစ်ပင်တွေကို သေသေချာချာမှတ်ပြီး ပြန်ဆင်းလာခဲ့ပါ"

ဟုပြောသဖြင့် သစ်ပင်တက်ရာမှာ မျောက်တစ်ကောင်ကဲ့သို့ကျွမ်းကျင်သော ငမဲအောင်က မနီးမဝေးမှာရှိသော ကညင်ပင်ကြီးတစ်ပင်ပေါ်သို့တက်သွားပြီး မဟူရာပြောသည့်အတိုင်း ဘဲငါးရာ ညီမတောင်ဘက်သို့ကြည့်ရာ အခြားသစ်ပင် သစ်တောများအပေါ်မှ ကျော်တက်နေသော သစ်ပင်ကြီးသုံးပင်ကို လှမ်းမြင်ရသည်။

ဝေးသေးသောကြောင့် မည်သည့်သစ်ပင်မျိုးဖြစ်မည်ကိုတော့မသိရပေ။

အထိကရသစ်ပင်ကြီးသုံးပင်ရှိသော နေရာဘက်သို့ သေသေချာချာမှတ်သားပြီးနောက် အောက်သို့ပြန်ဆင်းလာလေသည်။

အောက်ရောက်တော့ ပြန်ပြောပြရာ နီမောင်က အသေအချာ မှတ်သားထားလေသည်။

ထိုနေရာမှ ခရီးထွက်ကာနီးတော့ မဟူရာက နီမောင်အနားသို့ကပ်ကာ တစ်စုံတစ်ရာ ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောထဲသွားနေတဲ့ ခါးပြအဖွဲ့တွေ ဖြစ်မှာပေါ့၊ ဒါပေမယ့် သူတို့နဲ့တွေ့သွားရင် မကောင်းဘူး သတိတော့ထားရမယ်"

ဟုပြန်ပြောလေသည်။

မဟူရာပြောသောအကြောင်းမှာ အခြားမဟုတ်ပေ။ ထိုဘက်လှိုဏ်ထဲတွင် လူတစ်စုစခန်းချနေသည့် အကြောင်းပင်ဖြစ်ပေသည်။

ထို့နောက် တောင်ပေါ်မှ လှိုဏ်ထဲသို့ ပြန်ဆင်းခဲ့ကြသည်။ သူတို့ပြန်ဆင်းလာသောအခါမှာလည်း တောကျီးကန်းများက အပေါ်မှပျံလိုက်လာကြလေသည်။

လှိုဏ်ထဲရောက်တော့ ငမဲအောင်ပြောပြသော နေရာတစ်ဝိုက်သို့လိုက်ရှာရာ ဦးစွာ မြင့်မားလှသော လက်ပံပင်ကြီးတစ်ပင်ကို တွေ့ရလေသည်။

အခြားသစ်ပင်၊ သစ်တောများအပေါ် ကျော်တက်နေခြင်း ဖြစ်သည်။

ထိုနေရာမှ ဆက်ရှာတော့ မနီးမဝေးမှာပင် ကညင်ပင်ကြီးနှင့် တောင်သရက်ပင်ကြီးတို့ကို သုံးပွင့်ဆိုင် အနေအထားမျိုးဖြင့် တွေ့ကြရသည်။

သစ်ပင်ကြီးသုံးပင်မှာလည်း တစ်ပင်နှင့်တစ်ပင် မဝေးလှပေ။

ထိုသုံးပင်၏ အလယ်နေရာလောက်တွင် ကျောက်ဂူတစ်ဂူကိုလည်း တွေ့ရလေသည်။

အပေါက်ဝမှာသော်လည်းကောင်း၊ ကျောက်ဂူအပေါ်





မှာသော်လည်းကောင်း သစ်ပင်ချုံနွယ်များ ဖုံးအုပ်နေသောကြောင့် ကျောက်ဂူရှိနေသည်ကိုပင် ရုတ်တရက် မမြင်ကြရပေ။

ထိုနေရာရောက်တော့ သင့်တော်သောနေရာ၌ ခဏဝင်နားနေကြစဉ် တောကျီးကန်းကြီးတစ်ကောင် တအာ့အာ့နှင့် လာအော်နေသဖြင့် မဟူရာက ထိုနေရာသို့ ထသွားလေသည်။

သူ့ကိုမြင်တော့ တောကျီးကန်းကြီးက ပျံဆင်းလာလေသည်။ ထို့နောက်တစ်စုံတစ်ခုကို ပြောပြနေကဲ့သို့ရှိသည်။ ကျီးကန်းကြီး ပြန်ထွက်သွားတော့ နီမောင်က မဟူရာရှိသော နေရာသို့ ထသွားပြီး မေးသည်။

"ဘာထူးသလဲ"

"လူတစ်စု ငါတို့ရှိနေတဲ့ဘက်ကို ဆင်းလာနေကြတယ်လို့ ပြောတယ်၊ သူတို့ထဲမှာ မကောင်းဆိုးဝါးပူးကပ်နေတဲ့ လူတစ်ယောက် ပါလာတယ်လို့လည်း ပြောတယ်၊ ဘယ်လိုလုပ်မလဲ"

နီမောင်က အတော်ကြာအောင် စဉ်းစားနေပြီးမှ မဟူရာကိုပင် ပြုလုပ်ရမည့်အစီအစဉ်များကို တိုးတိုးတိတ်တိတ်ပြောပြလိုက်သည်။

ထို့နောက် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကိုပါခေါ်ပြီး တောထဲဝင်သွားကြလေသည်။ မဟူရာက နီမောင်ပြောပြသွားသော အခြေအနေကို ဇမုန်းထန်နှင့် ဦးဗန်ကောင်းတို့ကိုသာ ပြောပြပြီး သံပချိုင်တို့နှစ်ယောက်ကိုတော့ မပြောတော့ပေ။

သံပချိုင်တို့ကလည်း ရတနာပစ္စည်းများရလျှင် ရှင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အား ခွဲဝေမပေးလိုသဖြင့် ၎င်းတို့အချင်းချင်း ကြိတ်ကြံစည်နေကြသည်ဟု အထင်လွဲကာ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားကြသည်၊

နီမောင်တို့သုံးယောက် ထိုနေရာမှထွက်သွားပြီး ခဏကြာတော့ တောတိုးလာသံများ အရင်ကြားရပြီး မရှေးမနှောင်းမှာပင် တောထဲမှ လူအချို့ထွက်လာကြသည်။ သာမောင်ခေါင်းဆောင်သော ဓါးပြအဖွဲ့ပင်ဖြစ်သည်။

တစ်နေရာမှာ ထိုင်နေသော ဖမုန်းထန်တို့ ငါးယောက်ကို မြင်သောအခါ သေနတ်များဖြင့်ချိန်ကာ ရှေ့တိုးလာကြလေသည်။

"ခင်ဗျားတို့ဘယ်ရွာကလဲ ဘာလုပ်နေတာလဲ"

"ငါတို့အမဲလိုက်နေကြတာ မြို့င်းကုန်းရွာက"

ဖမုန်းထန်က ပြန်ပြောလိုက်သည်။

"ခင်ဗျားမညာနဲ့ ခင်ဗျားတို့ ဒီနေရာကို ဘာကြောင့်ရောက်နေကြတယ်ဆိုတာ သူပြောပြလို့သိပြီးနေပြီ"

သာမောင် လက်ညှိုးထိုးပြသူမှာ နောက်ဘက်၌ရပ်နေသော ငထွန်းဆိုသူဖြစ်သည်။

ငထွန်းမှာ ကျည်ဆံသေတ္တာများသွားယူစဉ်က မြွေဆိပ်သင့်၍သေဆုံးခဲ့ပြီး ဖုတ်ဝင်ပြီး လိုက်လာသူဖြစ်သည်။ ထိုအကြောင်းကို သာမောင်တို့တစ်ဖွဲ့လုံး မသိကြပေ။

"မဟုတ်ပါဘူးကွာ ရတနာတွေ လာရှာတာလည်း မဟုတ်ပါဘူး၊ အမဲလိုက်ဖို့လာတာပါ"

ထိုသို့ပြောနေရာ သာမောင်က မဟူရာရှိရာသို့ တစ်ချက် လှမ်းကြည့်ပြီး. . .

"သူ့ကိုဖမ်းချုပ်ထားလိုက်ကွာ ကောင်းကောင်းမေးလို့မရရင် သတ်ပစ်မယ်"

ဟုပြောကာ တစ်ယောက်က မဟူရာကိုဖမ်းခေါ်ပြီး ကြိုးဖြင့်တုပ်ထားလိုက်သည်။

ထိုအခါ သံပချိုင်က ထလာပြီးပြောသည်။

"သူတို့မပြောရင် ကျုပ်ပြောမယ်၊ ရတနာတွေရရင်. . ကျုပ်ကိုလည်း ခွဲပေးမလား"

"ရရင်ခွဲပေးမယ်"

"ဒီနေရာတစ်ဝိုက်မှာ ရတနာသေတ္တာတစ်လုံးရှိတယ်၊ ကျုပ်အထင်ပြောရရင်တော့ ဟိုရှေ့ကဂူထဲမှာ ရှိမယ့်ပုံပဲ"

ဟုဖော်ကောင်လုပ်လေတော့သည်။

ကျန်လူများကတော့ အချင်းချင်းသစ္စာဖောက်သော သံပချိုင်ကို အံကြိတ်ကာ ကြည့်နေကြသည်။

ထိုအခါ ဦးဗန်ကောင်းကပြောလိုက်သည်။

"မင်းတို့က ဖုတ်ဝင်နေတဲ့ ဖုတ်ကောင်ခေါ်လာလို့ ဒီနေရာရောက်လာပြီး သစ္စာဖောက်ပြောတဲ့စကားကိုလည်း ယုံကြည်နေကြတာကိုး"

ဦးဗန်ကောင်းစကားကြောင့် သာမောင်တို့မှာ မျက်လုံးပြူးသွားကြလေသည်။

"ဘယ်မှာလဲ ဖုတ်ကောင်"

ဦးဗန်ကောင်းက ငထွန်းကိုလက်ညှိုးထိုးပြလိုက်ပြီး။






www.burmeseclassic.com

www.burmeseclassic.com



"သူပဲပေါ့ကွာ. . သူက သေတာတောင်ကြာမှပဲ"

ဟုပြောလိုက်ရာ ငထွန်းက မျက်လုံးပြူးကြီးနှင့် ကြည့်နေလေသည်။

ဒီတော့မှလမ်းတလျှောက်လုံး အစားအသောက် မှန်သမျှ လူတစ်ယောက်နှင့်မတူအောင် အငမ်းမရစားသောက်လေ့ရှိသော ငထွန်းအမူအရာများကို ပြန်သတိရလာကြသည်။

"မင်းတို့မယုံရင် ငါလက်တွေ့ပြရမလား သူ့ကိုဖမ်းကိုင်ထားလိုက်ကြ"

ဟုပြောလိုက်ရာ လူနှစ်ယောက်က ငထွန်းလက်နှစ်ဖက်ကို ကိုင်ပေးထားလိုက်ကြသည်။

ထိုအခါ ဦးဗန်ကောင်းက လွယ်အိတ်ထဲမှာပါလာသော ပရိတ်ချည်ကွင်းကို ထုတ်ယူပြီး ထိုနေရာသို့ လျှောက်သွားလေသည်။ ငထွန်းကတော့ ဦးဗန်ကောင်းလာသည်ကို မြင်ကတည်းက ကြောက်လန့်တကြား အော်ဟစ်ရုန်းကန်နေလေသည်။

"မင်းတို့ သူ့လက်ကိုမလွှတ်လိုက်နဲ့ လွှတ်သွားရင် မင်းတို့ကိုပါ သတ်သွားလိမ့်မယ်"

ဟုပြောထားသဖြင့် မလွှတ်ဝံ့ကြတော့ပေ။

အနားရောက်တော့ ငထွန်းဦးခေါင်းကို ပရိတ်ချည်ဖြင့် စွပ်ချလိုက်ရာ ဝူးဝူးဝါးဝါးအော်ဟစ်ပြီး ရုန်းကန်နေလေသည်။

ကျန်နှစ်ယောက်ကလည်း အတင်းဆွဲထားကြသည်။

ထိုအခိုက်မှာပင် ဦးဗန်ကောင်းက ထိုနှစ်ယောက်ကို အကူအညီ ပေးသလိုနှင့် လက်များကို တစ်ချက်စီကိုင်လိုက်ရာ





နှစ်ယောက်စလုံး လဲကျသွားလေတော့သည်။

ရင်းတို့လွှတ်ပေးလိုက်သည်နှင့် ငထွန်းကိုယ်၌ ဝင်ပူးနေသော မကောင်းဆိုးဝါးလည်း ထွက်သွားရာ ငထွန်းမှာ ရုပ်ကျက်ဆင်းပျက်ဖြစ်ကာ လဲကျန်ခဲ့လေတော့သည်။

ကြည့်လိုက်တော့ အသက်မရှိတော့ပေ။

ကျန်နှစ်ယောက်လည်း မလှုပ်ကြတော့ပေ။

"ဒီနှစ်ယောက်က ဘယ်လိုဖြစ်တာလဲ"

"ထွက်ပြေးတဲ့ သရဲက အသက်နှုတ်သွားလို့ ဖြစ်မှာပေါ့"

ဦးဗန်ကောင်းက အေးအေးဆေးဆေးပြောလိုက်သော်လည်း သာမောင်ကတော့ မျက်စိမျက်နှာ ပျက်နေလေသည်။

သူတို့ အဖွဲ့ထွက်လာစဉ်က (၉)ယောက်ဖြစ်သည်။

စကားပြန်သန်းဖေက အရင်သေကျန်ခဲ့သဖြင့် တစ်ယောက်လျော့ကျန်ခဲ့သည်။ ယခု သုံးယောက်ထပ်လျော့သွားသာအခါ ငါးယောက်သာ ကျန်တော့သည်။

တကယ်တော့ ကျန်နှစ်ယောက်မှာ ဦးဗန်ကောင်း၏ အကြောပိတ်ပညာကြောင့် မေ့လဲနေကြခြင်းဖြစ်သည်။

"ကဲ ဖြစ်ချင်တာဖြစ်တော့ ရတနာသေတ္တာဘယ်မှာလဲ"

"ရှေ့ကဂူထဲမှာရှိတယ်"

ဟုပြောလိုက်ရာ သာမောင်က သံပချိုင်တို့ ညီအစ်ကိုပါခေါ်ပြီး ထိုနေရာသို့သွားလေသည်။

ကျန်လူများက ဦးဗန်ကောင်းတို့အား သေနတ်ဖြင့် ချိန်ထားကြသည်။ သာမောင်က သံပချိုင်တို့နှစ်ယောက်ကို ဂူပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းခိုင်းသဖြင့်ရှင်းကြလေသည်။ သစ်ချုံများရှင်းသွားတော့ ဂူပေါက်ဝ ပေါ်လာသည်။

ဂူပေါက်ဝမှာ လူတစ်ယောက် ဝင်သာလောက်အောင် ကျယ်လေသည်။ အတွင်းမှာတော့ မှောင်နေသည်။

လှမ်းကြည့်လိုက်တော့ တစ်နေရာမှာ တင်ထားသော သေတ္တာလိုလိုအရာတစ်ခုကို ဝိုးတဝါးလှမ်းမြင်ရသည်။ ထိုအခိုက်မှာပင်. . .

"ဝှား. . ဝှား. . ဝှား"

"ဂတ်. . ဂတ်. . ဂတ်"

ဟူသော ဘဲအော်သံများ ဂူထဲမှ ပေါ်ထွက်လာသည်။

ထိုအသံကြားတော့ မျက်လုံးပြူးသွားကြသည်။

သာမောင်က သံပချိုင်တို့ကို သေနတ်ဖြင့်ချိန်ကာ. . .

"မင်းတို့နှစ်ယောက်ဝင်ယူ"

ဟုအမိန့်ပေးလေသည်။

သို့ကြောင့် နှစ်ယောက်သား ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဝင်ကြရလေသည်။

သူတို့မှာပါသော တူမီးသေနတ်ကို သိမ်းထားသဖြင့် ဓါးတစ်လက်စီသာ ပါလာကြသည်။

ဂူထဲရောက်တော့ နီရဲနေသော အလင်းရောင်နှစ်ခုကို အရင်မြင်ရသည်။

ထိုနေရာနှင့် မနီးမဝေးမှာတော့ သေတ္တာတစ်လုံး ရှိနေလေသည်။ သေတ္တာမြင်တော့ လောဘစိတ်တက်လာပြီး ရှေ့သို့





တိုးဝင်သွားရာ သေတ္တာနောက်မှာ ဝပ်နေသော ကျားက သံပခြုပ်ကို လည်ပင်းမှကိုက်ချီကာ အပြင်သို့ ခုန်ထွက်သွားလေတော့သည်။

"ဝေါင်း"

ကျားဟိန်းသံကြားလိုက်ရပြီးနောက် သံပခြုပ်ကို ကိုက်ချီပြီးထွက်လာသော ကျားကိုတွေ့သော်လည်း ကြောက်စိတ်ဖြင့် ဘာမှမလုပ်လိုက်နိုင်ခင်မှာ တောကောင်ကြီးက တောထဲသို့ ခုန်ဝင်သွားလေတော့သည်။

ဘာမှမတတ်နိုင်တော့ပေ။

ထိုအခါမှ သံပချိုင်လည်း ပြန်ပြေးထွက်လာသည်။

"သံပခြုပ်ကို ကျားဆွဲသွားပြီ၊ လုပ်ကြပါဦး ကယ်ကြပါဦး"

ဟု သွေးရူးသွေးတန်းဖြင့် အော်ဟစ်နေသော်လည်း မမီလိုက်တော့ပေ။

သာမောင်က ဇမုန်းထန်ရှေ့သို့ ရောက်လာပြီး သေနတ်ဖြင့် ချိန်လိုက်သည်။

"ဒီကောင်မလေးက ခင်ဗျားနဲ့ ဘာတော်သလဲ"

"ငါ့သမီး. ."

"ဒါဖြင့် သူ့အသက်မသေစေချင်ရင် ဂူထဲကို ခင်ဗျားကိုယ်တိုင် ဝင်ပေတော့"

ဇမုန်းထန်က သေနတ်ဖြင့် အချိန်ခံထားသော်လည်း ကြောက်ရွံ့ဟန် မပြပေ။ ကြိုးဖြင့်တုပ်ထားသော မဟူရာအနီးမှာ



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ရှိသည်။

"ဒီလောက် ခေါင်းမာနေရင် သူ့ရှေ့မှာတင် သူ့သမီးကို နှိပ်စက်ပြလိုက်စမ်းကွာ"

ဟု သာမောင်က ပြောလိုက်သည်နှင့် နက်ကြီးဆိုသူက ခါးမှာချိတ်ထားသော ဓားကိုဆွဲထုတ်ပြီး မဟူရာအနီးသို့ တိုးသွားလေသည်။

ထိုအခိုက်မှာပင် တောစပ်မှ ထွက်လာသော မြားတစ်စင်းက နက်ကြီးကျောပြင်သို့ လာရောက်စိုက်ဝင်သွားလေတော့သည်။

"ဒုတ်.."

"အား.."

မရှေးမနှောင်းမှာပင် တောစပ်မှ လေးနှင့်မြားကို ကိုင်ထားသော နီမောင် ထွက်လာသည်။

သူ ထွက်လာသောနေရာက မဝေးလှပေ။

နီမောင်ကိုမြင်သည်နှင့် သာမောင်က သေနတ်ဖြင့် ပစ်လေသည်။

"ချောက်..ချောက်"

"ဟင်.."

သေနတ်က ကျည်ဆံမထွက်တော့ပေ။

နီမောင်က ရှေ့သို့တိုးလာရာ ထပ်ပစ်သည်။

မထူးခြားပေ။ ကျည်ဆံမထွက်ဘဲ တချောက်ချောက်နှင့်သာ အသံမြည်နေသည်။





သာမောင် သေနတ်ကျည်ဆံ မထွက်သဖြင့် အနီးမှာရှိနေသူများကပါ ၎င်းတို့ လက်ထဲမှာရှိသော သေနတ်တို့ဖြင့် နီမောင်ကို ထပ်ပစ်သည်။

၎င်းတို့ သေနတ်များလည်း ကျည်ဆံမထွက်ကြတော့ပေ။

ထိုအခါ နီမောင်က လက်ထဲမှာ ကိုင်ထားသော မြားဖြင့် ပစ်ရန်ချိန်တော့ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တောင်းပန်ကြလေသည်။

"ငါတို့ရဲ့အသက်ကို ချမ်းသာပေးပါကွာ၊ ငါတို့ မှားပါတယ်"

ထိုသို့ တောင်းပန်ပြီး ၎င်းတို့ ကိုင်ထားသော သေနတ်များကို အောက်သို့ ချလိုက်ကြလေသည်။

သာမောင်တို့ဓားပြအဖွဲ့မှာ သေနတ်ပြီးသောသူ ရှိသည်ကိုသာ ကြားဖူးပြီး တစ်ခါမှ မတွေ့ဖူးသေးပေ။

ယခုမှပင် မျက်မြင်တွေ့ကြရခြင်း ဖြစ်သည်။

တကယ်တော့ နီမောင်မှာ သေနတ်ပြီးသူတော့ မဟုတ်ပေ။

၎င်းလည်ပင်းမှာ အိတ်ဖြင့်ထည့်ကာ ဆွဲထားသော "ဝက်တောင်းမာန်စွယ်"ကြောင့် သေနတ်မီးမကူးခြင်း ဖြစ်သည်ကိုတော့ သူတို့မသိကြပေ။

မရှေးမနှောင်းမှာပင် စောထီးနှင့် ငမဲအောင်တို့ပါ ထွက်လာကြပြီး ချထားသောသေနတ်များကို သိမ်းဆည်းယူလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နီမောင်က မဟူရာရှိရာသို့ သွားပြီး ကြိုးဖြေပေးလိုက်သည်။

"မင်းတို့တတွေ ငါတို့ကို နောက်ထပ် အန္တရာယ် မပေးတော့ပါဘူးလို့ သစ္စာဆိုရင် အသက်ချမ်းသာပေးလိုက်မယ်"

ဇမုန်းထန်ကပြောတော့ ကြောက်ကြောက်လန့်လန့်နှင့် ကတိပေးလိုက်ကြလေသည်။

ထိုသို့ ကတိပေးတော့မှ အကြောပိတ်ထားသဖြင့် မလှုပ်နိုင်သည့် လူနှစ်ယောက်ကို အကြောပြန်ဖွင့်ပေးရာ ထလာနိုင်ကြလေသည်။

"မင်းတို့ သေနတ်တွေလည်း ပြန်ယူသွားကြ၊ နောက်တစ်ခါ ငါတို့နဲ့ထပ်တွေ့ရင်တော့ အဆိုးမဆိုနဲ့တော့"

ဟုပြောရာ သာမောင်တို့ တတွေလည်း ဘယ်သောအခါမှ အနှောင့်အယှက် မပေးတော့ပါဟု ကတိအတန်တန် ပေးကြပြီးနောက် တောထဲပြန်ဝင်သွားကြလေသည်။

ထိုအခါ မဟူရာက မကျေမနပ်ဖြင့် ပြောလေသည်။

"အဖေကလည်း ဒီလူမိုက်တွေကို ဘာဖြစ်လို့ အသက်ချမ်းသာ ပေးလိုက်တာလဲ၊ နောက်ပြီး သေနတ်တွေလဲ ပြန်ပေးလိုက်သေးတယ်၊ နောက်တစ်ကြိမ် ထပ်လာပြီး ရန်ရှာနေရင် ဘယ်လိုလုပ်မလဲ"

"မလုပ်ကြတော့ပါဘူး. . ၊ သူတို့အမူအရာ ကြည့်ရုံနဲ့ နောက်ထပ်အန္တရာယ် မပေးဝံ့တော့တာ သိသာပါတယ်၊ တိုင်းပြည်ပျက်နေတဲ့ အချိန်မျိုးမှာ ကိုယ့်အမျိုးသားချင်းတွေကို မနှိပ်





စက်ရဘူး"

ဟု ဇမုန်းထန်က ပြောပြတော့မှ မဟူရာလည်း ငြိမ်သွားလေသည်။

ထိုအခါ သံပချိုင်ကပါ ဝင်ရောက်တောင်းပန်သည်။

"ကျုပ်ကိုလည်း ခွင့်လွှတ်ပါ သူကြီးရာ၊ လောဘစိတ်ကြောင့် မှားခဲ့မိပါတယ်၊ အခုတော့ ညီတစ်ယောက် ဆုံးခဲ့ရပြီ၊ ဘာမှလည်း မလိုချင်တော့ပါဘူးဗျာ"

ဟုပြောကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

အားလုံးရှင်းသွားတော့မှ မီးတုတ်များကို ပြင်ဆင်သည်။

မီးတုတ်များရသောအခါ နီမောင်၊ စောထီး၊ ငမဲအောင် တို့သုံးယောက်က ဂူထဲဝင်ကြည့်ကြသည်။

ဂူအတွင်းမှာတော့ မည်သည့်အန္တရာယ်မှ ရှိမနေတော့ပေ။

အတွင်းဘက် ဝင်ကြည့်တော့ ဟနေသော ကျောက်နံ့ယံနှစ်ခုကြားမှာ ထည့်ထားသော ကြေးသေတ္တာတစ်လုံးကို တွေ့ရသဖြင့် အပြင်သို့ ထုတ်ယူလိုက်ကြသည်။

ထိုသေတ္တာကို အပြင်သယ်ယူလာပြီး ဖွင့်ကြည့်သောအခါ ရွှေငွေရတနာ ပစ္စည်းမျိုးစုံ သေတ္တာနှင့်အပြည့် ရှိနေသည်ကို တွေ့ကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၁၆ )

# မေတ္တာဝေပြာ တောင်တန်းပြာ

ဘဲငါးရာတောင်ထိပ်ပေါ်တွင် ရှေးနှစ်ပေါင်းများစွာကပင် စေတီတစ်ဆူ တည်ထားခဲ့ကြသည်။ အေဒီ (၁၆၀၄)ခုနှစ်တွင် မြတ်စွာဘုရား၏ ဘယ်လက်တော်မာတ်တော်ကို ဌာပနာပြီး တည်ထားခဲ့သော စေတီဖြစ်သည်။

နှစ်ပေါင်းများစွာ ကြာသဖြင့် ပြိုကျပျက်စီးသောအခါမှာလည်း နောက်လူတို့က ပြုပြင်မွမ်းမံခဲ့ကြလေသည်။

(၁၉၄၁-၄၂)ခုနှစ်ရောက်တော့ ထိုတောင်ထိပ်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ် စစ်သားများ လာရောက်စခန်းချကာ စစ်ရေးလေ့ကျင့်ခြင်း၊ ဗုံးခိုကျင်းများတူးခြင်း၊ လက်နက်ကြီးများ ဖောက်ခွဲခြင်းကြောင့် တောင်ထိပ်တစ်ခုလုံး ကျင်းများချိုင့်များဖြစ်ကာ စေတီလည်း ပျက်စီးခဲ့ရပေသည်။

ရတနာပစ္စည်းများ ရသောအခါ ကတိရှိသည့်အတိုင်း ဆရာကြီး ဦးဇန်ကောင်းကပင် ဦးဆောင်ပြီး စေတီတော်ကို မွမ်းမံပြင်ဆင်ခြင်း၊ ဇရပ်ဆောက်ခြင်းနှင့် ပြိုပျက်နေသော ရုပ်တုများကိုပါ ပြန်လည်မွမ်းမံပေးခဲ့ကြသည်။

တောင်ထိပ်ပေါ်တွင် စေတီတော်ပြုပြင်ခြင်း၊ အပါအဝင် ဆောင်ရွက်ရန်ကိစ္စများ ပြီးစီးသဖြင့် ရေစက်ချ အမှုအတန်းများ ဝေသောအခါ နေရာအနှံ့အပြားမှ ဘဲအော်သံများကို ကြားကြရလေသည်။

“ဂွား..ဂွား..ဂွား”

“ဂတ်..ဂတ်..ဂတ်”

ဟူသော အသံများမှာ တစ်တောလုံး တစ်တောင်လုံး ဆူညံနေလေတော့သည်။

ထိုကိစ္စများပြီးတော့ ရတနာများကို တစ်ဝက်ယူပြီး ကျန်တစ်ဝက်ကို မူလနေရာရောက်အောင် ပြန်ပို့ပေးရန်အတွက် သွားကြလေသည်။ ဘဲငါးရာတောင်ရောက်တော့ ဂူထဲမှာ တွေ့ခဲ့ရသော အဘိုးကြီးနှင့် ထပ်တွေ့ရသည်။

၎င်းက နီမောင်တို့ကို တမင်စောင့်နေဟန်ရှိသည်။

ဒီတစ်ကြိမ်တော့ လိုဏ်ခေါင်းအတွင်းမှ ခက်ခက်ခဲခဲ





သွားစရာ မလိုတော့ပဲ အရှေ့ဘက်မှာရှိသော လျှို့ဝှက်လမ်းမှ ဝင်ခွင့်ရကြလေသည်။

အဘိုးကြီးကပင် ဦးဆောင်ပြီး စကျင်ကျောက်ပြားချပ်များ ခင်းထားသော လိုဏ်ခေါင်းပေါက်တစ်ခုမှ ခေါ်သွားရာ နောက်ဆုံး ကျောက်နံရံတစ်ခုသို့ ရောက်သွားကြသည်။

ရှေ့ဆက်စရာ လမ်းမရှိတော့ပေ။

ထိုအခါ အဘိုးကြီးက လက်ထဲမှကိုင်ထားသော တောင်ဝှေးဖြင့် အောက်ခံကျောက်ပြားကို ဖိလိုက်ရာ ကျောက်ပြားချပ် နှစ်ချပ်မှာ ဟသွားပြီး လှေခါးထစ်များကို လှမ်းမြင်ကြရလေသည်။

ကျောက်လှေခါးထစ်များမှ ဆင်းသွားသောအခါ ကျောက်လိုဏ်ခေါင်းအတွင်းသို့ ရောက်သွားကြသည်။

တစ်နေရာရောက်တော့ ကျောက်နံရံကြီး ပိတ်နေပြန်ရာ အဘိုးကြီးက တောင်ဝှေးဖြင့် ထိလိုက်တော့မှ ဟသွားလေသည်။ ထိုအပေါက်မှ ဝင်သွားကြသည်။

ထိုကဲ့သို့သော ကျောက်နံရံမျိုး သုံးချပ်ကျော်တော့မှ ရတနာပစ္စည်းများ ထားသောနေရာသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ရတနာသေတ္တာကို နေသားတကျ ပြန်ထားလိုက်ကြသည်။

ထိုအခါ အဘိုးကြီးက ပြောသည်။

“ဒီဂူထဲကို ထိုက်တဲ့သူမှ ဝင်ခွင့်ရတယ်၊ မထိုက်တဲ့သူဆိုရင် အထဲရောက်ဖို့ မဆိုထားနဲ့ လျှို့ဝှက်လမ်း ဝင်ပေါက်ဝကို



www.burmeseclassic.com

www.burmeseclassic.com



တောင် ရှာမတွေ့နိုင်ကြဘူး၊ ငါ့မြေးတို့အနေနဲ့ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောပါဘူးလို့ သစ္စာဆိုကြပါ"

"ဘယ်သူမှ မပြောပါဘူးလို့ သစ္စာပြုပါတယ် အဘိုး"

"ကောင်းလေစွ၊ ကဲ. . ကဲ. . ဝင်ပေါက်တံခါးတွေဟ နေတုန်း အပြင်ကို ပြန်ထွက်ကြပေတော့"

ဟုပြောသဖြင့် အဘိုးအိုအား အရိုအသေပေးပြီးနောက် လာလမ်းအတိုင်း ပြန်ထွက်ကြလေသည်။

ဟနေသော ကျောက်ပြားချပ်ကြီးများမှာ သူတို့အပြင်ပြန်ရောက်သည်နှင့် 'ဝုန်း'ခနဲ ပြန်ပိတ်သွားကြလေသည်။

နောက်ဆုံး ကျောက်လှေခါးမှတက်ပြီး အပြင်ဘက်သို့ အားလုံး ထွက်ပြီးသည်နှင့် နောက်ဆုံးကျောက်ပြားချပ်ကြီးလည်း ပြန်ပိတ်သွားလေတော့သည်။

ထိုနေရာတွင် အရေးအကြောင်းမျှပင် မကျန်ခဲ့တော့ပေ။ နီမောင်တို့ အတွက်ကတော့ ကြီးလေးသော တာဝန်တစ်ခုကို ဆောင်ရွက်ပြီးခဲ့ကြပေပြီ။

ဘဲငါးရာတောင်မှ ရွာသို့ ပြန်သောအခါ အခြားသူများက စကားတပြောပြောနှင့် ရှေ့မှသွားကြပြီဖြစ်ရာ နောက်တွင် နီမောင်တို့ နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

မဟူရာက တမင်နောက်ချန်ပြီး သူနှင့်လိုက်လာခြင်းဖြစ်ပေသည်။

"ဟိုလူက သေနတ်နဲ့ပစ်တော့. . နင်တော့ သေပြီဆိုပြီး ငါ အတော် စိတ်ပူသွားတယ်၊ နင်က သေနတ်ပြီးတာပေါ့နော်"





ထိုသို့မေးသောအခါ နီမောင်က လည်ပင်းမှာ အိတ်ဖြင့်ဆွဲထားသော ဝက်တောင်းမာန်စွယ်ကို ထုတ်ပြသည်။

"နင်နဲ့ငါနဲ့ တောထဲသွားတုန်းကရခဲ့တဲ့ ဝက်တောင်းမာန်စွယ်လေ၊ ဒီမာန်စွယ်မျိုးက သေနတ်တင်မကဘူး၊ ဓားလှံလက်နက်တွေပါ အားလုံးပြီးတယ်"

"တော်သေးတာပေါ့"

"နင်က ငါ့အတွက် ဘာဖြစ်လို့ စိတ်ပူတာလဲ"

"အို. . ဒါကတော့. . "

နီမောင်က မဟူရာ၏အမူအရာကိုကြည့်ပြီး သဘောကျစွာ ပြုံးလိုက်လေသည်။

"ဘာပြုံးတာလဲ၊ အခုကိစ္စတွေ ပြီးပြီဆိုတော့ နင်တို့က ပြန်ကြတော့မှာ မဟုတ်လား"

"ပြန်ရမှာပေါ့"

"ငါကသာ နင့်အတွက် စိတ်ပူပေးရတာ၊ နင့်ဘက်ကျတော့ ငါ့အတွက် တစ်ချက်ကလေးမှ ထည့်မတွက်ဘူး မဟုတ်လား"

"မတွက်ပဲ နေပါ့မလား မဟူရာရယ်၊ ငါလည်း နင်နဲ့ခွဲပြီး ဘယ်သွားချင်ပါ့မလဲ၊ ခွဲခွာခြင်းဆိုတာ ခွဲသွားတဲ့သူလည်း ခံစားရသလို ကျန်ခဲ့တဲ့သူလည်း ခံစားရတာ မဟုတ်လား"

မဟူရာကရပ်ပြီး မျက်လုံးရွဲကြီးဖြင့် မော့ကြည့်သည်။

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

"နင်သဘောတူရင် နင့်အမေဆီမှာ ခွင့်တောင်းပြီး နင့်

www.burmeseclassic.com



ကို လက်ထပ်ယူဖို့ စိတ်ကူးမိတယ်၊ ငါကတော့ နင်နဲ့ မခွဲချင်တော့ဘူး၊ နင် သဘောကရော. . .”

“မေးစရာ လိုသေးလို့လား”

“ငါက တောသားဆိုတော့ အမူအရာကြည့်ရုံနဲ့ မသိဘူး၊ ပါးစပ်ကပြောမှပဲ သိမှာ”

“ငါလည်း နင့်လိုပဲပေါ့၊ နင်နဲ့ ခွဲရတော့မှာကို စိုးရိမ်နေမိတယ်”

“ဒီလိုဆိုရင် ငါတို့နှစ်ယောက် ချစ်သူတို့ ဘဝနဲ့ တစ်သက်လုံး အတူတူ နေသွားကြရင် မကောင်းဘူးလား”

သူမက ကျေနပ်စွာ ခေါင်းညိတ်ပြသည်။

“ငါကတော့ နင့်ကို တကယ်ချစ်တယ်၊ နင်ကရော”

“အတူတူပဲပေါ့”

ဟုပြောရာ နီမောင်က သူမကိုယ်လေးကို ဆွဲယူပြီး တင်းတင်းဖက်ထားလိုက်သည်။

မဟူရာကလည်း မရုန်းမဖယ်ဘဲ နီမောင်ရင်ခွင်ထဲတွင် မျက်နှာ ဝှက်ထားလေသည်။

ထိုအချိန်တွင် ဘယ်အချိန်ကရောက်ပြီး သစ်ကိုင်းများပေါ်မှာ နားနေမှန်းမသိသော တောကျီးကန်းကြီးများ၏ အော်သံများ ပေါ်ထွက်လာသည်။

“ဟိုမှာ သူတို့ ရှိနေကြတယ်”

“တောကျီးကန်းတွေက နင့်ကို ငါ ရန်မူနေမှန်း မဟုတ်တာကို သူတို့သိကြမှာပါ၊ အဲဒီလိုဆိုရင် စိတ်ချလက်ချနဲ့ တခြား





နေရာ ထွက်သွားကြပါလိမ့်မယ်”

ဟု ပြောကာ ချစ်သူပါးပြင်ကို တစ်ချက်နမ်းလိုက်လေသည်။

ထိုအခါ စာစာကအော်နေသော တောကျီးကန်းကြီးများ အသံပျောက်သွားကာ မျက်လုံးပြူးကြီးများဖြင့် ငုံ့ကြည့်နေကြလေသည်။

သြရမတောင်တန်း၊ ဒိပ္ပတောင်တန်း၊ စမ်းမတွိတောင်တန်း၊ နားလိပ်တော်တတ်တောင်တန်း၊ ရင်သဲဓာတ်တောင်တန်း၊ ပိုးရှိုးတောင်တန်း၊ ယိုးရှိုးတောင်တန်း (ခေါ်) သဇင်ကုန်းတောင်တန်းများ ဝန်းရံထားသော ဒေသဝန္တာရီ (ခေါ်) ဘဲငါးရာတောင်တန်းကြီးကတော့ အလှတရားတို့ဖြင့် လှပဝေဆာစွာ ရှိနေပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဒေဝဝန္တာရီ ရတနာသိုက်)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဝတ သင်္ခါရာ သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန်။ ။(၂၀၁၄)ခုနှစ်၊ မေလ(၁၃)ရက်၊ အင်္ဂါနေ့၊ နံနက်(၁၀)နာရီ။